www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ရှန်းရမိမိုး

## အချစ်၏ခြေရင်း ဝပ်စင်းရသော အမုန်း

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## နို့တာဝန်အရေးသုံးပါး

| | |
|---|---|
| **ပြည်ထောင်စု မပြိုကွဲရေး** | နို့အရေး |
| **တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး** | နို့အရေး |
| **အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး** | နို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
* အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
* ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



"လင်းမောင် ... မင်းကို ငါ သူငယ်ချင်းအရင်းမို့လို့ ဖြစ်စေချင်လို့ အကြံပေးတာနော်။ မင်း သေချာစဉ်းစားပေါ့"

"မင်းကို ငါ ယုံပါတယ် ကျော်ခရာ။ ဒါပေမဲ့ ငလာဘတွေတက်ပြီး အလိုကြီး အရနည်း ဖြစ်နေမှာ စိုးလို့ကွ။ မတော်တဆ ရှုံးသွားခဲ့ရင်"

"မင်းကလည်းကွာ၊ ပဲနဲ့ချမ်းသာနေတဲ့သူတွေ သားသမီးတွေတောင် နိုင်ငံခြားမှာ ကျောင်းထားနိုင်ကြပြီကွ။ မင်းမှာလည်း သားမွေးထားတာ။ ငါလည်း သားတစ်ယောက် သမီးတစ်ယောက်။ သူများနိုင်ငံခြားရင် ကိုယ့်သားသမီးတွေလည်း ခြားချင်တယ်ကွ။ မင်းက နယ်မှာနေလို့မသိ



www.burmeseclassic.com

www.burmeseclassic.com



သာတာ။ ငါက ရန်ကုန်မှာဆိုတော့ အမြင်ပိုကျယ်သလို ခြေလှမ်းလည်း ကျယ်ချင်တာပေါ့ကွာ။ မင်းမလုပ်လည်း ငါကတော့ ရှိသမျှ ပုံပြီးတော့ကို အောပစ်မှာ။ မင်းကို ရစေချင်လို့ ပြောနေတာ"

ကျော်ခ ပြောလွန်းသဖြင့် လင်းမောင် တွေဝေနေသည်။ ရှိသမျှ ပုံအောလိုက်ပြီး မြတ်ရင်တော့ ကောင်း၏။ ရှုံးခဲ့ရင်ကုန်မှာ။ ဒါပေမဲ့ လင်းမောင် ကြားဖူးနားဝရှိသလောက်ကတော့ ပဲသမားတွေ သူဌေးဖြစ်ကုန်တာချည်းပဲ။ သူတို့မြို့က ပဲပွဲရုံပိုင်ရှင်တွေတောင် ကားတစ်စီးကနေ နှစ်စီးဖြစ်ကုန်ကြပြီ။ တိုက်တာနေအိမ်တွေကို ဟည်းဟည်းထအောင် ဆောက်ထားကြပြီ။

ပြီးတော့ ကျော်ခ ဆိုတာလည်း သူနဲ့အတူ တက္ကသိုလ်တက်ခဲ့တာ။ ဒီကောင်က စိတ်ရင်းကောင်းကာ သူများကိုလည်း အင်မတန်ကူညီတတ်တဲ့ကောင်။

သူက နယ်မှာ ပြန်အိမ်ထောင်ကျပြီး ကျော်ခကတော့ ရန်ကုန်သားပီပီ ရန်ကုန်သူနဲ့ပဲ အခြေချခဲ့ပါသည်။





သူ့မှာ ဇနီးက နှလုံးရောဂါရှိသဖြင့် ကလေးတစ်ယောက်တောင် ဖြစ်ဖြစ်မြည် အရဲစွန့်ယူခဲ့ရတာဖြစ်ပြီး ကျော်ခကတော့ သားရောသမီးပါရှိသည်။

သူက သူတို့မြို့မှာ စတိုးဆိုင်ဖွင့်ထားပြီး ဇနီးဖြစ်သူကတော့ သိပ်ပြီး အလုပ်မလုပ်နိုင်ရှာဘဲ အလုပ်ထပ်မချဲ့နိုင်။ မြို့ငယ်လေးက စတိုးဆိုင်ဆိုတာလည်း သိပ်ပြီး ဖြစ်လောက်တဲ့စီးပွားရေးတော့မဟုတ်။

အခု ကျော်ခပြောတဲ့ ပဲလုပ်ငန်းက ကိုယ် ဘာမှလုပ်ဖို့ရာမလိုဘဲ ငွေအရင်းနှီးလေးပဲ မြှုပ်နှံထားရုံ။ တစ်နှစ်မပြည့်ခင်မှာပဲ ငွေက နှစ်ဆလောက် ပွားသွားနိုင်သည့်ကိစ္စ။

ဇနီးဖြစ်သူကို တိုင်ပင်ကြည့်တော့လည်း ...

"ကျွန်မကဲ ဘာမှ မသိဘူးဆိုတော့ ကိုလင်းမောင် သဘောလေ၊ လုပ်ချင်လုပ်ပေါ့၊ ကျွန်မ အကြံမပေးတတ်ဘူး"

လင်းမောင်လည်း ပဲအကြောင်း သိပ်တော့နားမလည်ါး ဒါပေမဲ့ လုပ်မယ်ဆိုရင်တော့ ကျော်ခက ယုံကြည်စိတ်ချရမည့်အထဲမှာပါပြီးသား။

www.burmeseclassic.com



ပြီးတော့ လင်းမောင်မှာ လတ်တလော မိဘအမွေ အနှစ်ရထားသဖြင့် ထုပ်ထုပ်ခဲခဲလေးကလည်း ရှိနေသေးသည်။ ထိုဟာလေးကိုလည်း သားလေးနောင်ရေးအတွက် ထပ်ပွားချင်သေးသည်။ ဖြစ်နိုင်ရင် ကျော်ခ ပြောသလို သားလေးကို နိုင်ငံခြားမှာ ကျောင်းသွားထားချင်သေး၏။

ဒါပေမဲ့ ... ရှုံးမှာလည်းကြောက်သည်။ စိတ်တွေက ဒွိဟဖြစ်နေသည်။ ချီတုံချတုံ ဖြစ်နေသည်။ ကျော်ခကတော့ အပိုင်ကိုပြောနေတာ။ ပြီးတော့ ကျော်ခကိုယ်တိုင်လည်း အောမှာဆိုတော့ ...။

✧ ❤ ✧



စီစဉ်သူ မောင်ကျော်လှိုင်

စေတနာစာပေ၏ စင်တင်ကလောင်သစ်

စာရေးဆရာမ

ညခါရစ်ပတ်နှောင်ဖွဲ့တတ်သော



www.burmeseclassic.com

www.burmeseclassic.com

စီစဥ်သူ မောင်ကျော်ငြိမ်း

စေတနာစာပေ၏ စင်တင်ကလောင်သစ်

စာရေးဆရာမ

အသင်

ကြင်ယာတော် ခခလေး





"ဟာကွာ ... ဒီနေ့တစ်နေကုန်ရှာတဲ့မိုး တိတ်ပဲမတိတ်နိုင်တော့ဘူး၊ နှစ်နာရီထိုးနေပြီး အုံနာခ မပြောနဲ့ ဂတ်စ်ဖိုးတောင် မရသေးဘူး"

တက္ကစီဒရိုင်ဘာလေးတစ်ယောက်ရဲ့ ညည်းညူသံကို မိုးရေစက်တွေက ဂရုတောင်မစိုက်။ မနက်ကတည်းက မိုးက သဲသဲမဲမဲရွာနေတာပါ။ ဒါကို အရိုပ်ကလေးက လောဘတွေတက်ပြီး ကားထွက်လာတာ။ အဖေကတော့ တားရှာပါသည်။ ဒါပေမဲ့ အရိုပ်ကလေးက ရက်မပြတ်ရဲတာလည်းပါသည်။ ရက်မမှန်ရင် အုံနာတွေက ပေးမမှောင်းချင်ဘူးလေ။ မိုးရွာရွာ နေပူပူ သူတို့သိတာက အုံနာခမှန်ဖို့ပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



ခုဆို မိုးကြီးရေလျှံဖြစ်နေပြီး မဖြစ်မနေသွားစရာရှိတဲ့ လူကလွဲရင် သိပ်မထွက်ကြ။ ဒီတော့ အရိပ်ကလေးတို့လည်း ငုတ်တုတ်ထိုင်ရုံပေါ့။ ဒါတောင် အရိပ်ကလေးက ဂိတ်ထိုးကား မဟုတ်။

ခုတလော အခြေအနေအရကို ကားက ဆွဲမကောင်း ပါဘူးဆိုမှ မိုးကပါ ဖျက်နေပြန်သည်။

ဟုတ်တယ် ခုတလော တက္ကစီတွေဆွဲလို့မကောင်း ဘူး။ ဓာတ်ငွေ့ဖိုးနဲ့ အံနာကြေးရအောင် မနည်းပြူးပြဲပြီးရှာနေရ သည်။ ကားဈေးတွေ ထိုးကျလာကာ ကားတစ်စီးကို သိန်းငါးဆယ် လောက်နဲ့ ဝယ်စီးလို့ရနိုင်သဖြင့် သာမန်လူလတ်တန်းစားအချို့ တောင် ကိုယ်ပိုင်ကား စီးကုန်ကြပြီ။

အရိပ်ကလေးတို့ဖောက်သည်တွေက လူလတ်တန်း စားတွေပါ။ သူဌေးကြီးတွေက သူတို့ရဲ့ကိုယ်ပိုင်ဇိမ်ခံကား၊ ကောင်း ပေ့ဆိုတဲ့ကားတွေကိုမှ စီးကြပြီး ဆင်းရဲသားတွေကတော့ လိုင်းကား ပေါ်မှာ နေရာယူကြရတုန်းပါ။





တက္ကစီစီးတာက အလတ်တန်းစားလူတန်းစားတွေ ပါ။ ဒါပေမဲ့ ခုတော့ လူလတ်တန်းစားလည်း ကားစီးနိုင်ကြပြီ။ ပြီးတော့ ခုက ကားသစ်တွေကို တက္ကစီပြောင်းကြတာမို့ ခရီးသည် တွေကလည်း ကားရွေးလာကြသည်။ ဒီကြားထဲ လမ်းပိတ်ရင် သေရောပဲ။

အားလုံးကတော့ ကားတွေကို လွတ်လပ်စွာဝယ်ယူ ခွင့် ပေးလာတာကို ဝမ်းသာကြပါသည်။ ကားဈေးကလည်း ကျ တော့ ဝယ်နိုင်၏။

ဒါပေမဲ့ အရိပ်ကလေးတို့မှာတော့ ကိုယ့်ဝမ်းနာ ကိုယ်သာသိသည်မို့ ရေငုံကာနှုတ်ပိတ်ထားရသည်။

ဟုတ်တယ်။ မပြေလည်တဲ့ဘဝလေးမှာ သားအဖ နှစ်ယောက် စားဖို့ အသည်းအသန် ပိုက်ဆံရှာနေရတာလေ။

ရန်ကုန်မြို့မှာက နေစရိတ်ကြီးသည်။ အိမ်ငှားခ၊ ရေဖိုး၊ မီးဖိုးနဲ့တင် တစ်လတစ်လ မနည်းကုန်သည်။

အိမ်ငှားခဆို ခြောက်လစာတော့ချေရသည်။ ခြောက် လဖြတ်ပြီးလို့ နောက်ခြောက်လနီးလာရင် ခေါင်းကိုက်ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဖေ့ကျန်းမာရေးစရိတ်ကလည်း ထောင်းသည်။ ပြီးတော့ အဖေ့အရက်ဖိုးပိနေသည်။ ဒီတော့ ကားမနားရဲ။

ဒီနေ့တော့ ဒီမိုးရွာပုံနဲ့ အုံနာခ စိုက်ရတော့မယ် ထင်ပါရဲ့။

တက္ကစီ စီးသူရှားပြီး တက္ကစီကားတွေများလာပြီဆိုတော့ သိပ်တွက်ခြေမကိုက်ချင်တော့။ စိုက်ရတာ များလာရင် ခါးချိုးသွားနိုင်သည်။

ဒီထက်ပိုပြီး အဆင်ပြေမယ့် အလုပ်တစ်ခုခုတော့ ရှာဦးမှပါ။

တွေးရင်း မောင်းလာလိုက်တာ ခရီးသည်တစ်ယောက် တားနေတာတွေ့၍ ဝမ်းသာသွားသည်။

✧❤✧





အရိပ်ကလေး အိမ်ပြန်ရောက်တော့ မိုးတောင်တော်တော်ချုပ်နေပြီ။ အဝေးပြေးကို တစ်ကြောင်းပြေးရင်း အပြန်ပါစင်ဂျာပါလာတာနဲ့ ပတ်ပို့လိုက်တော့ မိုးချုပ်သွားတာပါ။

တော်သေးတယ်။ ကားက ညမောင်းမရှိသေးတဲ့ရက်မို့လို့။ ညမောင်းက ကားပြန်အပ်သွားပြီး အမောင်းသမားအသစ်ကလည်း မရသေးတာနဲ့ ကားကလေးခမျှာ ညဘက်နားရရှာတာပါ။

အုံနာအိမ်က အရိပ်ကလေးတို့ ငှားနေတဲ့ နေရာနဲ့ သိပ်မဝေးတာမို့ အဆင်ပြေပါသည်။

အိမ်ပေါက်ဝကတည်းက အဖေက အနံ့ကလေးနဲ့ ကြိုနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားလေး ... အရိပ်ကလေး ... ပြန်လာပြီလား ငါ့သားလေး"

"ပြန်လာပြီ ဖေဖေ"

"ဘယ်လိုလဲဟေ့ အခြေအနေလေး ပြောပါဦးကွ"

"အုံနာခနဲ့ ဆီဖိုးနုတ်လိုက်ရင် ဘာမှ မကျန်ပါဘူးအဖေရ၊ တစ်ထောင်ပဲ ကျန်တယ်၊ တော်သေးတယ် အဖေရေ၊ အုံနာခ စိုက်ရတော့မလို့၊ ညနေ မိုးစဲသွားတော့မှ အခေါက်ကြီး ဆွဲလိုက်ရလို့ ခံသာသွားတယ်"

"မင်းဟာက မစွံသေးပါဘူးကွာ၊ ငါ့သားရာ ဒီမှာ ငါ့သား၊ လင်းမောင်တုန်းက ငွေပဲရှုံးတာကွ ... အော့၊ မင်းအလှည့်ကျမှ ... အော့ ... ငွေရော လူရော ရှုံးမယ်ဆိုရင်တော့ မဟန်သေးဘူးကွ အော့"

"ဟုတ်တယ်အဖေ သားလည်း တခြားအလုပ်တစ်ခုခုပြောင်းရတော့မယ်ထင်တယ်"





"အေး ငါ့သားက ဘွဲ့ရပြီးသားပဲကွာ၊ အလုပ်မရှားလောက်ပါဘူး"

"မထင်နဲ့အဖေရေ ... ဘွဲ့ရပြီး ကုန်ထမ်းနေရတဲ့သူတွေ၊ ဘွဲ့ရပြီး ဆိုက်ကားနင်း၊ ငါးရောင်း၊ ကုန်စိမ်းရောင်းနေတဲ့သူတွေ တစ်ပုံကြီး၊ သားကိုပဲကြည့် ဘွဲ့ရပြီး တက္ကစီမောင်းနေရတာ"

"အဖေအသုံးမကျလို့ပါကွာ၊ မဟုတ်ရင် ငါ့သားလေး ဒီလိုလုပ်ရမှာမဟုတ်ဘူး၊ ခုချိန်ဆို ကိုယ်ပိုင်လုပ်ငန်းတစ်ခုခုနဲ့အထိုင်ကျနေမှာ၊ အဖေ အသုံးမကျလို့၊ နှယ်ရေ .. မင်းကတော့ အရင်ထွက်သွားနှင့်ပြီး အေးချမ်းနေရောပေါ့၊ တို့သားအဖကို ကြည့်ပါဦးကွာ"

ခုချိန်ကစပြီး အဖေတစ်ယောက် သွားလေသူအမေ့ကို တ,ကာ တ,ကာဖြင့် ခွက်ဆင့်သောက်ပါတော့မည်။

အရိပ်ကလေးကလည်း အဖေ့ကို မနိုင်တာမို့ ပြောဘို့ရမှာမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



"ကျော်ခ ... ကျော်ခ ... ငါ့ဘဝကြီးနင်းပြီး ကောင်းစားနေတဲ့ကောင်၊ မင်း ဖုံးနိုင်သလောက် ဖုံးထားဦးပေါ့ကွာ"

အမေ့ကို တ,ရာကနေ ကျော်ခ ဆိုတဲ့နာမည်ကိုရွတ်နေပြီဆိုရင်တော့ အဖေ တော်တော်ကောင်းနေပြီ။ ခဏနေရင် အရက်သောက်လို့ပြီးတော့မည်။ ဘယ်လိုပြီးသွားတာလဲဆိုတော့ စားပွဲပေါ်မျက်နှာအပ်ပြီး အိပ်ပျော်သွားမှာပါ။

အရိပ်ကလေးကတော့ သက်ပြင်းချမိ၏။ အဖေ အမေ့ကိုတ,တိုင်း အရိပ်ကလေးလည်း အမေ့ကို အရမ်းသတိရသည်။ အဖေ ကျော်ခဆိုတဲ့နာမည်ကိုရွတ်တိုင်း နာကြည်းမှုက နှစ်ဆထပ်တက်တတ်သည်။

အိပ်ပျော်သွားတဲ့အဖေ့ကို အိပ်ရာပေါ်တွဲပို့ပြီးမှ သူ ရေချိုးရသည်။ တစ်နေကုန်ကားမောင်းထားရတာမို့ ညောင်းညာနေတာပါ။ ရေချိုးလိုက်မှပဲ လူကလန်းသွားတော့သည်။ ပြီးမှ ထမင်းစား။ သူစားပြီးတော့ အဖေစားဖို့ ထမင်းခူးပေးကာ စားပွဲ





ပေါ်တင်ပြီး အုပ်ပေးထားလိုက်သည်။ အဖေတစ်ရေးနိုးရင် ထမင်းထစားတတ်သည်လေ။

ပြီးတော့ ဂစ်တာဆွဲကာ လှေကားအဆင်းအတက် နေရာလေးမှာ ရင်ဖွင့်ရသည်။

ဂစ်တာကို ဟိုဟိုဒီဒီ တောရောက် တောင်ရောက် လျှောက်ခတ်ရင်း အလုပ်တစ်ခုခုလုပ်ဖို့ စဉ်းစားရသည်။

အလုပ်ကလည်း ကားမောင်းသည့်အလုပ်ကလွဲရင် ကျန်တဲ့အလုပ်တွေက ပိုက်ဆံသိပ်မရနိုင်။ တက္ကစီမောင်းလို့ မကိုက်တော့ဘူး ဆိုရင်တောင် ကုမ္ပဏီကားဖြစ်ဖြစ် မောင်းရမှာပဲ။

မနက်ဖြန်တော့ အခွင့်အလမ်းဂျာနယ် ဝယ်ဖတ်ဦးမှပါ။ အလုပ်ရှာဖို့လေ။ အဖေကလည်း အရက်ရဲ့ကျေးကျွန်ကြီးဖြစ်ခဲ့တာမို့ ကျန်းမာရေး သိပ်မကောင်းတော့တာနဲ့ သူ ဆယ်တန်းအောင်တဲ့နှစ်ကစပြီး အဖေ့ကို အလုပ်မလုပ်ခိုင်းတော့ဘဲ ကားမောင်းသင်ကာ တက္ကစီမောင်းခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



တက္ကစီမောင်းရင်း အဝေးသင်တက်ကာ ဘွဲ့ရခဲ့သည်။ ခုတော့ ကားဈေးတွေကျမှုတွေကြောင့် တက္ကစီမောင်းရသည့်အလုပ်ကလည်း သူတို့သားအဖနှစ်ယောက် စားဝတ်နေရေးနှင့် ကျန်းမာရေးအတွက် မဖူလုံချင်တော့။

နေ့စဉ်စားစရိတ်၊ အဖေ့ဆေးဖိုး၊ အရက်ဖိုး၊ အိမ်လခအတွက်လည်း စုရဦးမည်။

ဒီနေ့လို တစ်ထောင်ပဲကျန်သည့်ရက်မျိုးတို့၊ အုံနာခစိုက်ရသည့်အခါမျိုးတို့ များလာရင် သူ့အတွက် အရမ်းကျပ်တည်းလာနိုင်သည်။ မဖြစ်တော့။

ဒီတော့ အလုပ်ပြောင်းရင်ပြောင်း၊ ဒါမှမဟုတ် ညဘက်ကို အချိန်ပိုင်းလုပ်ရသည့်အလုပ်တစ်ခု သူ ရှာရတော့မည်ထင်သည်။

မအိပ်ချင်သေးသော်လည်း မနက်ကျရင် ကားထွက်ဆွဲရဦးမှာမို့ အိမ်ပေါ်ပြန်တက်ကာ မျက်လုံးကို အတင်းမှိတ်ပြီး အိပ်ပျော်ဖို့ကြိုးစားရသည်။ အဖေကတော့ တရှူးရှူးမြည်အောင်ကို





အိပ်ပျော်နေသည်။ အရှုယ်နဲ့မလိုက်အောင် အိုစာနေတဲ့အဖေ့ကို မြင်ရတိုင်း ဦးကျော်ခ ဆိုတဲ့လူကို မြင်ယောင်လာသည်။

သူတို့မိသားစုကို ဖျက်ဆီးသွားတဲ့ ဦးကျော်ခ။ တစ်နေ့ကျရင် မရရအောင်ရှာပြီး လက်စားချေပြမယ်။

ဒါဟာ သူ့ဘဝရဲ့ တစ်ခုတည်းသော **ရည်မှန်းချက်ပဲ။**

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



အရိပ်ကလေး အခွင့်အလမ်းဂျာနယ်တစ်စောင် ဝယ်ပြီး သူနဲ့ကိုက်ညီမယ့်အလုပ်မျိုး ရှာနေမိသည်။ အခွင့်အလမ်းဂျာနယ်လို ဂျာနယ်မျိုးတွေက တကယ်လက်တွေ့ အကျိုးပြုပါ၏။ ချက်ချင်းလက်ငင်း ထိရောက်သည်။ ဝယ်ရကျိုးနပ်သည်။ ပေးရတာ တန်၏။

အလုပ်ရှင်အတွက်ရော၊ အလုပ်လိုချင်သူအတွက်ပါ အဆင်ပြေသည်။

အလုပ်တွေကလည်း စိတ်တိုင်းမကျ။ ကုမ္ပဏီကား မောင်းတော့လည်း လခက စိတ်တိုင်းကျလောက်အောင်မရ။

ပြီးတော့ ကုမ္ပဏီကားမောင်းရင် ညဘက် အိမ်ပြန်က နောက်ကျဦးမည်။ အဖေ့ကို စိတ်မချတာနဲ့ ကုမ္ပဏီကားမောင်းဖို့ စိတ်လျှော့လိုက်ရသည်။





ကုမ္ပဏီကားမောင်းဖို့ အဆင်မပြေရင်တော့ ညဘက် Part time လုပ်လို့ရတဲ့ အလုပ်တစ်ခုခု ရှာဦးမှပါ။

တွေးရင်းမောင်းလာတာ ခရီးသည်တစ်ယောက် တားနေတာကိုတောင် မမြင်မိ။

ကျော်သွားပြီးမှ ဘက်ခ်ပြန်ဆုတ်ရသည်။

"ဘယ်သွားမလဲ အစ်ကို"

"လန်းစားတော်ဆက်၊ ဘယ်လောက်ပေးရမလဲ"

"နှစ်ထောင်ပဲပေးပါ အစ်ကို"

အစ်ကိုကြီးက ဘာမှ မပြောတော့ဘဲ ကားတံခါးဖွင့်ကာ ဝင်ထိုင်သည်။

လန်းစားတော်ဆက် ဆိုတာက ရန်ကုန်မှာတော့ နာမည်ကြီးပဲလေ၊ ဆိုင်ခွဲလုံးဝမရှိ၍ "လန်း"ဆိုရင် တက္ကစီသမားတိုင်းသိသည်။

အစ်ကိုကြီးက သူ့ဘေးက ဂျာနယ်ကို ယူဖတ်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ဒီဂျာနယ်တွေရှိတာ မဆိုးဘူးကွ"

"ဟုတ်တယ် အစ်ကို၊ အထူးသဖြင့် အလုပ်ရှာနေတဲ့သူတွေအတွက်တော့ တော်တော်အဆင်ပြေတယ်"

"ဟုတ်တယ်၊ ကိုယ်လည်း အခု "လန်း"မှာ အလုပ်သွားလျှောက်မလို့"

"သြော် ... ဟုတ်ကဲ့"

"ရမရတော့မသိဘူးကွာ၊ ဂစ်တာတီးရင်း သီချင်းဆိုရမယ်တဲ့"

"ဟုတ်လား၊ ဒါဆို ညဘက်ပဲပေါ့ အစ်ကို"

"အေး ... ဒါပေမဲ့ နေ့ခင်းဘက်ဆိုရင်တော့ သီချင်းတိုက်တာတို့ ဘာတို့ ရှိမှာပေါ့ကွာ"

"သြော် ... ညဘက်ဆိုရင် ကျွန်တော် စိတ်ဝင်စားလို့ပါ၊ တက္ကစီက အရင်လို ဆွဲမကောင်းတော့ဘူး အစ်ကို"

"အိမ်ထောင်ရှိလို့လား"





"မဟုတ်ဘူး အစ်ကို၊ အမေနဲ့ ကျွန်တော်ပဲ၊ အမေက ကျန်းမာရေးသိပ်မကောင်းလို့"

"သြော် ... အေးပေါ့၊ အစ်ကိုက အိမ်ထောင်နဲ့ကွ၊ သမီးလေးရှိတယ်"

"ဟုတ်ကဲ့၊ ဟို လူက ဘယ်နှယောက်ခေါ်လဲ အစ်ကို"

"ဆယ်ယောက် ... အဲ ... ယောကျ်ားလေးကတော့ ငါးယောက်ခေါ်တာကွ၊ ဝင်လျှောက်ကြည့်ပေါ့ကွာ၊ ရတော့လည်း အမြတ်ပဲ"

"ကျေးဇူးပဲ အစ်ကို၊ အဟဲ ... တက္ကစီခမပေးနဲ့တော့ အစ်ကို၊ ကျေးဇူးတင်လို့"

"ဟာ ... ဘယ်ဟုတ်မလဲကွ ယူပါ"

"ရတယ် ... မယူဘူး အစ်ကို တကယ်ပါ၊ ကျွန်တော် ဒီအလုပ်သာရရင် အခက်အခဲကြီး ပြေလည်သွားမှာ"

"အေးပါကွာ ရပါစေကွာ၊ ငါလည်း ရပါစေ ... ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းပါသည်။ သူတို့နှစ်ယောက်လုံး အလုပ်ရသည်။

ဘာပဲဖြစ်ဖြစ် ဝင်လုပ်ကြည့်ရမှာပဲ။ အဖေ့ကိုတော့ အမှန်အတိုင်းပြောလို့ မဖြစ်ပါ။

✧ ❤ ✧



၀

စီစဉ်သူ မောင်ကျော်လှိုင်

စေတနာစာပေ၏ စင်တင်ကလောင်သစ်

စာရေးဆရာမ


# အသင်

## မိုးပြောတဲ့ နှင်းဆီပုံပြင်



www.burmeseclassic.com

www.burmeseclassic.com






“လန်း”မှာ သီချင်းဆိုရတာက သိပ်မပင်ပန်းပါ။ ပြီးတော့ အင်္ဂလိပ်သီချင်း၊ တရုတ်သီချင်း နှစ်မျိုးဆိုရပါသည်။ သူကတော့ တရုတ်သီချင်းမရပါ။ အင်္ဂလိပ်သီချင်း ဆိုရပါသည်။ လစာပဲရပါသည်။

မိန်းကလေးတွေလို ဆုကြေးတွေ၊ ပန်းကုံးတွေ မရပါ။ ယောကျ်ားတွေပဲ လာထိုင်လေ့ရှိတဲ့ ဘီယာဆိုင်ကိုး။

သူတို့ဆိုရတာတောင်မှ ကြိုကြား ကြိုကြား ဆိုရတာပါ။ မိန်းကလေးတွေ အဝတ်စားလဲချိန်တို့၊ Music စဖွင့်တဲ့ intro ဝင်ချိန်တို့၊ ညဉ့်နက်ပိုင်းဆိုင်သိမ်းကာနီး တစ်ချိန်တို့မှာ ဝင်ထောက်ပြီး ဆိုရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတွေကတော့ လခကို မက်တောင်မမက်။ ပန်းကုံးတွေ၊ ဘောက်ဆူးတွေက ပလူပျံနေတာကိုး။

ဘာပဲဖြစ်ဖြစ် သူက နေ့ခင်းဘက် တက္ကစီဆွဲရင်း ညဘက်သီချင်းဆိုရတာ အပိုဝင်ငွေရသဖြင့် သူဆက်လုပ်နေမိသည်။

သီချင်းတိုက်ချင်ရင် တစ်ရက်လောက် ကားငှားပြီး လူစားဝင်ပေးကာ သီချင်းလာတိုက်ရသည်။

အဆင်ပြေပါသည်။

သူနဲ့အတူ အလုပ်ဝင်တဲ့ အစ်ကိုကြီးနာမည်က ကိုထိန်။ ကိုထိန်က သဘောကောင်းသည်။ သူ့ကိုလည်း ခင်မင်သည်။ ကိုထိန်က တရုတ်သီချင်းပါဆိုနိုင်သဖြင့် သူ့ထက်ပိုပြီး လခကောင်းသည်။

ပြီးတော့ မိန်းကလေးတွေထဲမှာ နော်နီနီ ဆိုသည့် ကရင်မလေးက အရမ်းကိုတော်သည်။ Vocal Powerလည်း အားကောင်းသည်။ ရုပ်ကလေးကလည်း ကြွေရုပ်ကလေးလို။ ဘာဘီရုပ်ကလေးလို ချစ်စရာကောင်းသည်။



မလိုလို့ ပြောကြတာလား၊ တကယ်လားတော့မသိ။ နော်နီနီမှာ စပွန်ဆာကြီးနဲ့ဆိုပဲ။ ဆိုင်မှာ စတားဖြစ်နေလို့ အပုပ်ချတာပဲလားတော့မသိ။

ဒါပေမဲ့ နော်နီနီကိုတော့ ပေါ်တင်ရန်မစရဲကြ။ နော်နီနီက စားသောက်ဆိုင်မှာသီချင်းဆိုတဲ့ မိန်းကလေးပီပီ လက်ကလည်းမြန်သည်။ ရဲသည်။ ကိစ္စတစ်ခုကို ဖြေရှင်းရာတွင် သူမကို မဟုတ်တာ ပြောလို့ကတော့ လက်ပါပြီးသားပဲ။

အဲဒီ နော်နီနီက အရိပ်ကလေးကိုတော့ ထူးထူးခြားခြားခင်သည်။

ဆိုင်မှာ သီချင်းဆိုကြရာတွင် တစ်ယောက်အကြောင်း တစ်ယောက် သိပ်မသိကြ။ သူ့အကြောင်း သူမ မသိသလို သူမအကြောင်းလည်း သူ မသိ။

ဒါပေမဲ့ နော်နီနီက သူ့ကို လာခင်သဖြင့် သူကလည်း အလိုက်အထိုက်ပင်။ နော်နီနီက ဆိုင်မှာ ပန်းကုံးအရဆုံး။ ဆုကြေးအများဆုံး မိန်းကလေး။ သူက ဆိုင်မှာ အလုပ်လုပ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အဆိုတော်နဲ့ အတီးသမားတွေကြားထဲမှာ အရက်ဘီယာမသောက်တတ်တဲ့ကောင်လေး။

သူတို့နှစ်ယောက်ကို တွဲပြီး စနောက်ကြရင် နော်နီနီက ...

"ဟဲ့ ... ငါတို့က ရိုးရိုးသားသားခင်တာ၊ မဟားဒယားပြောတဲ့ အပေါက်တွေ ပိတ်ရင်ပိတ်၊ မပိတ်ရင်တော့ တစ်သက်လုံး မဟနိုင်အောင်ကို ပိတ်ပေးလိုက်မယ်နော် ... ဟင်း"

သူကတော့ ယောကျ်ားလေးကလည်းဖြစ်၊ သူမကိုလည်း အားနာသဖြင့် မသိချင်ယောင်ဆောင်နေရသည်။

နော်နီနီကလည်း သူ့ကို တကယ်ပဲ ပွင့်လင်းရိုးသားစွာ ခင်ရှာတယ်။

✧ ❤ ✧





"ဟဲ့ ... အရိပ်ကလေး"

"ဘာလဲ"

"နင် မနက်ဖြန်အားလား"

"မအားဘူး"

"ဘယ်တော့အားမလဲ"

"ငါက နေ့ခင်းဘက် အလုပ်ရှိတယ်ဟ"

"ဟုတ်လား၊ ဒါဆို ရှင်ပင်ပန်းမှာပဲ"

"နင် ဘာဖြစ်လို့ မေးတာလဲ"

"ဩော် ... ငါက နင်အားရင် ငါ မိဘမဲ့ကလေးကျောင်းကို ပိုက်ဆံသွားလှူတာ အဖော်ခေါ်သွားချင်လို့ဟ"

"ဩော် ... ဒါလား ရတယ်လေ၊ အလှူဆိုရင်တော့ လိုက်ပေးရမှာပေါ့၊ မနက်ဖြန် ဘယ်အချိန်သွားမှာလဲ"

"နင် အလုပ်ရှိတယ်ဆို"

"ငါ့အလုပ်က တက္ကစီမောင်းတာလေဟာ၊ အဲဒီတော့ နင့်ကို လိုက်ပို့ပေးလို့ရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ဒီလိုလား၊ ဒါဆို မနက်ဖြန် နင့်ကားကို ငါ ငှားမယ်ဟာ၊ တစ်နေ့လုံးပေါ့"

"မလိုပါဘူးဟာ၊ နင်သွားစရာရှိတာသွား၊ ငါ ပို့ပေးမယ်၊ ငါ့အလှူပေါ့၊ နင့်ကိစ္စပြီးရင်တော့ ငါ ကားဆက်ဆွဲမယ် လေ"

"အေးလေ နင် ကားဆက်ဆွဲမှာပဲမို့လား၊ ငါပဲ ဆက်ငှား လိုက်မယ်လေ"

"ဒါဆိုလည်းပြီးရော၊ နင် သွားစရာရှိလို့လား"

"ရှိတယ်"

"သြော် ... ဒါဆိုလည်းပြီးရော"

ဒီလိုနဲ့ နော်နီနီ မိဘမဲ့ကလေးတွေ သွားလှူတာကို သူလိုက်ပို့ပေးခဲ့သည်။ မော်ဘီဘက်က မိဘမဲ့ကျောင်းကလေးပါ။ ကလေးတွေက နော်နီနီကိုတောင် မှတ်မိနေကြသည်။ သူမက တစ်လတစ်ခါ လှူနေကြတဲ့။

ကလေးတွေနဲ့လည်း ဆော့ပေးသေးသည်။ လှူတာ ကလည်း များများတော့မဟုတ်ပါ။ ကလေးတွေအတွက် မုန့်





တစ်ယောက်တစ်ခု။ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ ခဲဖျက် စသဖြင့် ပညာရေးအထောက်အကူပြုပစ္စည်းလေးတွေပါ။

"လစဉ် သူတို့ လိုအပ်မယ်ထင်တာလေးတွေ တတ်နိုင် သလောက် လာလှူတာ၊ များများတော့မဟုတ်ဘူးပေါ့လေ"

"သာဓုပါဟာ"

"နင်က ဗုဒ္ဓဘာသာပေါ့"

"အေး"

"လှူတယ်ဆိုတာက ကောင်းတဲ့အလုပ်ဆိုတော့ ငါတို့ ဘုရားသခင်ကလည်း ချီးမွမ်းတယ်ဟ"

"အင်းပေါ့"

"ကိုယ့်မှာမပိုပေမယ့် လိုတဲ့သူကို ကိုယ့်ရှိတာလေးဖဲ့ပေးရ တာ အရမ်းပီတိဖြစ်ဖို့ ကောင်းတယ်"

သူ နော်နီနီ စိတ်ဓာတ်ကလေးကို လေးစားသွားပါ သည်။ နော်နီနီဟာ တကယ့်ကို စိတ်ထားကောင်းသူပါ။

"ပြီးရင် ငါချစ်သူရဲ့ဂူကို သွားပြီး သန့်ရှင်းရေးလုပ်ပေး ချင်လို့၊ နင်လိုက်ခဲ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှိ"

"ဟုတ်တယ်၊ သူ ခရစ်တော်မှာ အိပ်ပျော်သွားတာ ဒီနေ့ နှစ်နှစ်ပြည့်ပြီဟာ"

"ငါစိတ်မကောင်းပါဘူးဟာ၊ ငါလိုက်ခဲ့ပေးမယ်"

"ကျေးဇူးပဲ သူငယ်ချင်း"

ကလေးတွေနဲ့ ခဏကစားပေးပြီးနောက် သူတို့ ရေဝေးခရစ်ယာန်သင်္ချိုင်းထဲကိုသွားကာ သန့်ရှင်းရေးလုပ်ပေးရင်း သူမက ...

"ဆိုးဒိုး ... ငါ နင့်ကို သူငယ်ချင်းတစ်ယောက်နဲ့ မိတ်ဆက်ပေးမယ်နော်"

✧ ❤ ✧





ပြီးတော့ သူမက သူ့ကို My Gander မှာ ထမင်းကျွေးပါသည်။

ထမင်းစားရင်း စကားတွေ ပြောဖြစ်ကြသည်။

"နော်နီနီ ဒီဆိုင်က ဈေးကြီးမှာပေါ့"

"ကြီးပါစေဟာ ပိုက်ဆံရှာနေတာ စားရေး၊ ဝတ်ရေး၊ နေရေးအတွက်ပဲ အလုပ်ကို ကောင်းကောင်းလုပ်ပြီး ဘဝကိုလည်း ကောင်းကောင်းစား၊ ကောင်းကောင်းနေ၊ ကောင်းကောင်းဝတ်ရမှာပေါ့၊ အဲဒါ ငါ့ခံယူချက်ပဲ"

သူ ဘာမှမပြောတော့ဘဲ အအေးသောက်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို ငါ ရင်ဖွင့်လို့ ရမလား"

"စိတ်ညစ်စရာတွေဆိုရင်တော့ မပြောနဲ့၊ ငါတောင် ငါ့ဟာနဲ့ငါ ညစ်နေတာ ... ဟား ဟား"

"ငါနဲ့ ဆိုးဒိုးအကြောင်း ပြောချင်လို့ပါဟာ"

သူမမျက်နှာက ဆွေးငွေ့တွေဝေရီမှိုင်းနေ၏။ သူမအတိတ်ကို ပြန်ရောက်နေတယ် ထင်ပါရဲ့။

"ပြော ... ပြော ... ငါ နားထောင်ပေးမယ်"

"တကယ်နော် ကျေးဇူးပဲဟာ"

သူမက ရေတစ်ခွက်ကို တစ်ဝက်အထိမော့ပြီး ...

"ငါနဲ့ ဆိုးဒိုးက အိမ်နီးချင်း ငယ်သူငယ်ချင်းတွေပေါ့၊ ဆိုးဒိုးမိဘတွေက ဆိုးဒိုးငယ်ငယ်တည်းက ကရင်ပြည်နယ်ဘက်မှာ ဆုံးကြတယ်၊ သူ့အဒေါ်က သူ့ကိုမွေးစားထားတယ်၊ ငါကတော့ အမေက မွေးကတည်းက ဆုံးတယ်၊ အဖေက နောက်မိန်းမထပ်ယူလို့ မိထွေးနဲ့နေခဲ့ရတယ်၊ ငါ့မိထွေးကတော့ စင်ဒရဲလားရဲ့မိထွေးနဲ့ နင်လားငါလားပေါ့





ဟာ၊ နောက် ငါ ရှစ်တန်းနှစ်မှာပဲ အဖေဆုံးတယ်၊ ငါ ကျောင်းထွက်လိုက်ရတယ်၊ ငါ့အဖေနဲ့အမေပိုင်တဲ့အိမ်ကနေ ငါ့ကို နင်ထုတ်တယ်၊ ငါက ငါ့မိဘအိမ်လို့ ပြန်ပြောတော့ နှိပ်စက်ခံရတယ်"

နော်နီနီ့ ဘဝက သူ့ထက် ပိုဆိုးနေပါသေးလား။

ဒုက္ခ ... ။ ဒုက္ခ ... ။

လောကမှာ ကိုယ့်ဒုက္ခထက် သူ့ဒုက္ခကို ပိုဆိုးတာချည်းပါလား။

"ဆိုးဒိုးကတော့ သူ့အဒေါ်ရင်းဆိုတော့ ဆယ်တန်းအောင်အောင် ကျောင်းထားတယ်၊ ဆိုးဒိုးအဒေါ်က ကောင်းတယ်၊ ငါ့မိထွေးနှိပ်စက်လွန်းတော့ ဆိုးဒိုးအဒေါ်က ငါ့ကိုခေါ်ထားတယ်၊ အိမ်ကိစ္စလည်း တရားဥပဒေနဲ့ရှင်းမယ်ပေါ့၊ ဒါပေမဲ့ မိထွေးက လည်တယ်၊ ငါ့အဖေသေကတည်းက အိမ်ကို သူ့နာမည်နဲ့ပြောင်းပစ်တာ၊ ငါက မသိလိုက်တော့ ခံလိုက်ရတယ် ...



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ ငါလည်း အိမ်ကိစ္စကို စိတ်လျှော့လိုက်တယ်၊ ဆိုးဒိုးအခေါ်အိမ်မှာ ဝိုင်းလုပ်ဝိုင်းစားနေရတယ်၊ နောက်တော့ ငါက သီချင်းဆိုဝါသနာပါပြီး အသံကလည်းကောင်းတော့ စားသောက်ဆိုင်တွေမှာ သီချင်းလိုက်ဆိုတယ်၊ ဆိုးဒိုးတို့တူဝရီးက တားပါတယ်၊ ဒါပေမဲ့ ငါက ရှစ်တန်းပဲအောင်တာလေ၊ ပညာလည်းမတတ်၊ ငွေအရင်းအနှီးဆိုလို့ ကုန်စိမ်းရောင်းဖို့တောင် စကောတစ်ချပ်စာ အရင်းအနှီးမရှိဘူး၊ ဒီတော့ ငါရှိတဲ့အသံကိုပဲ ရင်းရတော့တာပေါ့”

သူမပုံစံကြည့်ရတာတော့ မျောလွင့်နေသလိုပဲ။ စိတ်နဲ့ကိုယ်မကပ်ဘဲ အတိတ်မှာပြန်လည်နစ်မြုပ်နေပုံရသည်။ သူမရင်ထဲမှာ မွန်းကျပ်နေပုံရသည်။

အဲဒီမွန်းကျပ်မှုကို ကရားရေလွှတ် တဖွတ်ဖွတ်ဖွင့်ချနေပုံက သူ့ကို ရင်ဖွင့်နေတာနဲ့ မတူဘဲ သူမ ဘာသာသက်သာရာရကြောင်း ညည်းညူနေတာနဲ့တူသည်။





“ဆိုးဒိုး ဆယ်တန်းအောင်တော့ အမှတ်တော်တော်ကောင်းတယ်၊ ဆေးတက္ကသိုလ်ဝင်တယ်၊ ဒါပေမဲ့ ဆိုးဒိုးက မတက်ဘဲ အဝေးသင်ပဲ လျှောက်ခဲ့တယ်၊ ပြီးတော့ ဆိုးဒိုး နိုင်ငံခြားထွက်သွားပြီး အလုပ်လုပ်တယ်၊ သူ့ကို ဆေးတက္ကသိုလ်ထားနိုင်ရက်နဲ့ သူမတက်တာ၊ အခေါ်ရော ငါရော သူ့ကို စိတ်ဆိုးကြတယ်၊ နောက်နိုင်ငံခြားကနေ သူ သင်္ဘောတက်သွားတယ်၊ နောက် သူပြန်လာတော့ ငါ့ကို တိုက်ခန်းတစ်ခန်း အခုနေတဲ့အခန်းပေါ့ ဝယ်ပေးတယ်၊ လက်ဆောင်ပေးတာတဲ့”

ထိုစကားပြောနေစဉ်မှာ သူမမျက်နှာက သွေးရောင်ပြန်လျှမ်းလာကာ ဝင်းပပလေး ဖြစ်နေသည်။

“သူနဲ့ငါ ဖွင့်ပြောစရာမလိုဘဲ ဘယ်လိုကဘယ်လို ချစ်သူတွေဖြစ်သွားကြမှန်း မသိဘူး၊ ငါ့မှာရှိတဲ့ ပိုက်ဆံလေးတွေ၊ သီချင်းဆိုလို့ရတဲ့ ပိုက်ဆံပေါ့နော် အဲဒီပိုက်ဆံလေးနဲ့ စီးပွားရေးစ်ထုတ်မယ်လုပ်တော့ ပိုက်ဆံကမပြည့်ဘူး၊ လိုနေသေး

www.burmeseclassic.com



တယ်၊ ငါစီးရိုးစ်ထုတ်ဖို့ဆိုပြီး ဆိုးဒိုး သင်္ဘောပြန်တက်သွားတယ်၊ သူပြန်လာတော့ စီးရိုးစ်ထုတ်ဖို့ ပိုက်ဆံပါလာတယ်၊ ငါစီးရိုးစ်တုတ်ပြီးရင် ငါတို့ လက်ထပ်ကြမယ်ပေါ့၊ ငါတို့ သီချင်းတွေစု၊ တီး၊ ဆို အားလုံးပြီးကာနီးကျမှ ဆိုးဒိုး ရုတ်တရက် ဦးနှောက်သွေးကြောပြတ်ပြီး ဆုံးတာ”

သူမမျက်လုံးတွေနီရဲပြီး မျက်ရည်တွေ ဝဲနေသည်။

“သူဆုံးတာတောင် သူ့နားမှာ ငါမရှိဘူး၊ ငါက စတူဒီယိုမှာ သူက ငါစားချင်တယ်ဆိုလို့ ကြေးအိုးသွားဝယ်ပေးရင်း ကြေးအိုးဆိုင်မှာဆုံးတာ”

“ဟာ”

“ငါ့စီးရိုးစ်လည်း ပြီးတော့မှာဟာ၊ သူနဲ့ငါလည်း လက်ထပ်ကြတော့မှာ”

“ဖြစ်ရတယ်ဟာ”

“သူမရှိဘဲ ဘယ်လို စီးရိုးစ်ထုတ်ရမလဲဟာ၊ ငါအောင်မြင်တော့ရော ဘာလုပ်ရမှာလဲ”





“ဟင်း”

“စားသောက်ဆိုင်က အဆိုတော်ပဲဖြစ်ဖြစ်၊ နိုင်ငံကျော်အဆိုတော်ပဲဖြစ်ဖြစ် ဘာမှ အရေးမကြီးတော့ဘူး၊ ဆိုးဒိုးမှမရှိတော့တာ၊ သူ မရှိတည်းက ဘာမှအဓိပ္ပာယ်မရှိတော့ဘူး၊ ပြီးတော့ သူနဲ့ငါက မိဘမဲ့တွေလေ၊ မိဘမဲ့ကလေးတွေကို လှူနေကြ၊ အဲဒါလေးကို စောင့်ထိန်းရင်း သူ့ကိုသတိရနေရတယ်”

“ဒါပေမဲ့ဟာ သူက သွားနှင့်ပြီလေ”

“သူ မသွားချင်ပါဘူး၊ သူအရင်သွားချင်မှာ မဟုတ်ပါဘူး၊ နှစ်နှစ်ပြည့်ပြီ၊ ဒီနေ့ဖြစ်နေသလို ခံစားရတုန်းပဲ”

နော်နီနီ မျက်ရည်တွေအတွက် သူ တစ်ရှူးကမ်းပေးမိတာကို စောဆိုးဒိုး နားလည်မှာပါ။

◆ ❤ ◆



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်ပိုင်း သူနဲ့နော်နီနီတို့ ပိုပြီး ခင်မင်ရင်းနှီးသွားကြသည်။ သူကလည်း သူမကို နားလည်သလို သူမကလည်း သူ့ကို သူငယ်ချင်းအရင်းတစ်ယောက်လို ယုံကြည်မှုရှိသည်လေ။

"နင် ရင်ဖွင့်စရာရှိရင်လည်း ငါ့ကိုအားမနာနဲ့နော်"

"အေးပါဟာ"

"ငါကတော့ နင့်ကို ဖွင့်ပြောလိုက်ရလို့ ပေါ့သွားတယ်ဟာ"

"အေး ... နင့်ကို ငါ အကြံပေးချင်တာက နင့်စီးရီးစ်ကိစ္စကို ပြန်လုပ်ပါလား"

"မလုပ်ဘူး"

"နင်မလုပ်ရင် စောဆိုးဒိုး ဝမ်းနည်းနေမှာပေါ့"

"ဘာ ... ဘာပြောတယ်"





"နင်ပဲပြောတယ်လေ၊ သူက နင့်ကို စီးရီးစ်ထုတ်စေချင်လို့ သဘော်တစ်ခေါက်တက်ပြီးတော့ကို ပိုက်ဆံသွားရှာပေးခဲ့တာဆို"

"ဟုတ်တော့ဟုတ်တယ်၊ ဒါပေမဲ့ သူမှမရှိတော့တာ၊ ငါ့ဘဝလည်း သူနဲ့အတူ လိုက်သွားခဲ့ပြီးပြီပဲ"

"မဟုတ်ဘူး၊ သူသာ နင့်ကိုမြင်နေရရင် နင် စီးရီးစ်မထုတ်သေးတာကို စိတ်တောင်ဆိုးနေဦးမှာ၊ နင်စီးရီးစ်ထုတ်၊ ပိုက်ဆံနဲ့အောင်မြင်မှုတွေရလာရင် မိဘမဲ့ကလေးတွေကို ပိုပြီး လှူနိုင်တာပေါ့၊ နင့်မှာရှိတဲ့ စွမ်းအင်တွေကို ထုတ်သုံးလိုက်ရင် မိဘမဲ့ကလေးတွေ ပိုပိုပြီး အဆင်ပြေသွားလိမ့်မယ် နော်နီနီ"

သူမ ငြိမ်သက်သွားသည်။

"အဲလိုသာဆို စောဆိုးဒိုး ပိုပြီးကျေနပ်သွားမှာ"

အဲဒီနောက်မှာတော့ သူမ စီးရီးစ်ကိစ္စတွေ ပြန်လုပ်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အရိပ်ကလေး ... နင်က ငါ့အတွက် တကယ့်သူငယ်ချင်းကောင်းပဲဟာ၊ ဘုရားသခင်က နင့်ကို ငါ့နားကို ပို့ပေးခဲ့တာများလား"

"မဟုတ်ဘူး၊ ငါ့ကို နင့်ဘဲလွှတ်လိုက်တာ"

"သူ ဘာမှာလိုက်လဲ"

"အောင်မြင်တဲ့အဆိုတော်ဖြစ်အောင် လုပ်ရမယ်တဲ့"

"ငါဖြစ်အောင်လုပ်မှာပါ"

"ဒါမှပေါ့ သူငယ်ချင်းရယ်"

**Sometimes, Struggle are exactly what we need in our life ! .**

✧ ❤ ✧





သူမ စီးရီးစ်ကိစ္စတွေအတွက် သူလိုက်ကူညီပေးဖြစ်သည်။ သူမကို သူ တကယ်ဖြူစင်စွာ ခင်ပါသည်။ နော်နီနီဟာ မာန်တင်းထားတဲ့ မှန်ကြည်တစ်ချပ်နဲ့တူပါသည်။

စောဆိုးဒိုးဝယ်ပေးထားတဲ့ အခန်းလေးမှာ စောဆိုးဒိုးအဒေါ်ကလည်း သူမအိမ်ကိုပစ်ပြီး လိုက်မနေပေးနိုင်။

သူမချစ်သူဝယ်ပေးခဲ့တဲ့ တိုက်ခန်းမှာ သူမတစ်ယောက်တည်း ဘယ်လောက်ပျော်လဲနေလိုက်မလဲ။

"ငါ စုံတွဲတစ်ပုဒ်လောက် ထည့်ချင်တယ်"

"ထည့်ချင်ထည့်ပေါ့"

"နင်ကူဆိုပေး"

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"နင့်အသံကလည်း ပရိဖက်ရှင်နယ်လ်ဆန်ပါတယ်၊ ဖြစ်နိုင်ပါတယ် လုပ်ပါ"

"ငါ အခွင့်ရေးလိုချင်လို့ ကူညီတာမဟုတ်ဘူး ကရင်မ"

"သိပါတယ်ဟာ၊ ငါကလည်း တကယ်လိုလို့ပါ၊ အဆိုတော်ကြီးတွေနဲ့လည်း တွဲမဆိုချင်ဘူး၊ ပရိသတ်ကကြားလိုက်ရင် အသစ်ဖြစ်နေစေချင်တာ၊ ဒါ ဘယ်သူလဲဆိုတဲ့ စိတ်ဝင်စားမှုကို လိုချင်တာ၊ နင်ရှိနေရက်နဲ့ တခြားသူ မရှာချင်တော့ဘူး၊ ပြီးတော့ ဖြစ်သွားခဲ့ရင် နင့်ကို ငါ ကျေးဇူးဆပ်ရာ ကျတာပေါ့၊ နင် ငါ့ကို ကူညီတာမျှားပြီ၊ ပြီးတော့ ဆိုးဒိုးလည်း ကျေနပ်မှာပါ"

အဲလိုနဲ့ သူလည်း တစ်ပုဒ်ဝင်ဆိုပေးဖြစ်ပါသည်။ သူတို့စီဒီကာဗာမရိုက်ပါ၊ M T Vလည်း သရုပ်မဆောင်ပါ။ သူတို့ရုပ်ကို မဖော်ပြကြတာဟာ ပရိသတ်ကို ဖမ်းစားခြင်းတစ်မျိုးပါ။

စာနယ်ဇင်းတွေဖိတ်ပြီး တေးစီးရီးစ် မိတ်ဆက်ပွဲလည်း မလုပ်ဖြစ်ပါ။ MRTV-4 မှာပဲ ကြော်ငြာထည့်လိုက်သည်။





ဆိုင်ကလူတွေတောင် အခွေထွက်မှ သိကြသည်။ သိတော့လည်း ထုံးစံအတိုင်းပေါ့။ သူနဲ့နော်နီနီတွဲဆိုတော့ ဘာ ညာပေါ့။

ပြီးတော့ နော်နီနီက ဒီအခွေကို စပွန်ဆာနဲ့ထွက်တယ်ပေါ့။ ထင်ကြေးတစ်လုံးကို ကောလာဟလအဖြစ်သုံးပြီး လူတစ်ယောက်ရဲ့ဂုဏ်သိက္ခာကို လည်ပင်းညှစ်တတ်တာဟာ လူတွေရဲ့ ပါးစပ်တွေပါပဲ။ ဒါဟာ ဓာတ်တူသားစားခြင်းတစ်မျိုးပါပဲ။ သူတို့ရဲ့ သီချင်းခွေက ပေါက်ခဲ့ပါသည်။

ရောင်းအားအကောင်းဆုံး နံပါတ်တစ်အထိတက်ခဲ့သည်။

နိုင်ငံကျော်အဆိုတော် နော်နီနီဖြစ်ခဲ့ပါပြီ။ အရိပ်ကလေးနဲ့တွဲဆိုသော သီချင်းကလည်း တော်တော်ပေါက်သွားခဲ့တာမို့ အရိပ်ကလေးပါ အရှိန်ရသွားသည်။

အရိပ်ကလေးလည်း မနော်နီနီနဲ့ တွေ့ခဲ့တာဟာ ကံကြမ္မာတစ်ဆစ်ချိုးကို တွေ့ရတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘဝဆိုတာ အမြဲကံဆိုးမှုတွေနဲ့ချည်း ထုံးဖွဲ့ထားတာ မဟုတ်ပါဘူး။ ထောင့်တစ်ထောင့်မှာတော့ ကံကောင်းခြင်းက စောင့်ကြိုနေတတ်ပါတယ်။ ပြီးတော့ ဘဝမှာ အခွင့်အရေးတစ်ခါတော့ ရတတ်ကြပါတယ်။ အဲဒီအခွင့်အရေးကို ဆုပ်ကိုင်နိုင်ရင် ကံဆိုးမှုကို နင်းချေပစ်လို့ ရပါတယ်။

ကြိုးစားနေဖို့ပဲ လိုတာပါ။ ကြိုးစားနေသူအတွက် ခွဲဆုတော့ မဖြစ်မနေရမှာပါ။

အရိပ်ကလေးလည်း သီချင်းတစ်ပုဒ်တည်းနဲ့ ဂီတလောကထဲ ရောက်သွားပါပြီ။

✧ ❤ ✧





တက္ကစီမဆွဲတော့ပါ။ စားသောက်ဆိုင်မှာလည်း သီချင်းမဆိုတော့ပါ။ နော်နီနီရဲ့ဒရိုင်ဘာလုပ်ရင်း သီချင်းကိစ္စဆက်လုပ်ပါသည်။

နော်နီနီက ဒရိုင်ဘာလုပ်ပေးတဲ့အတွက် လစာပေးပါသည်။

ဒါက သူတို့နှစ်ယောက်တည်း သိတဲ့ကိစ္စပါ။

ပတ်ဝန်းကျင်ကတော့ သူတို့ကို မောင်နှမအဖြစ် သိကြသည်။

နော်နီနီက ရှိုးပွဲတွေ ဆက်တိုက်ဆိုနေရ၏။ သူ့ကိုလည်း သူမရဲ့စုံတွဲသီချင်းအတွက် ခေါ်ဆိုပါသည်။ အနုပညာကြေးလည်း ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်ထဲက အိမ်အစုတ်ကလေးမှာနေဖို့ မဖြစ်တော့၍ တိုက်ခန်းငှားနေရပါတော့သည်။ ငွေကြေးကလည်း နည်းနည်းတတ်နိုင်လာပြီလေ။

အဖေကတော့ ပျော်နေသည်။

"သား ... ကျော်ခကိုရှာပြီး လက်စားချေ"

ထိုစကားကိုပဲ တတွတ်တွတ်ပြောပြီး အရက်တွေ ပိုသောက်လာသည်။ အမေ့ကိုလည်း ပိုတ,လာသည်။

"နွယ်ရေ ... မင်းသားက အဆိုတော်ကြီး ဖြစ်နေပြီကွ။ လာကြည့်ပါဦးကွာ၊ မင်းရဲ့အရိုပ်ကလေးကို လာကြည့်ပါဦး"

အရိပ်ကလေးဆိုတဲ့ နာမည်ကို အမေက ပေးခဲ့တာပါ။ နှလုံးရောဂါရှိရက် ခက်ခက်ခဲခဲ အသက်နဲ့ရင်းပြီးမွေးမှရတဲ့ သား။ အဲဒီသားလေးက မိသားစုကို အေးရိပ်ကလေးဖြစ်ပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ သူ့ကို အရိပ်ကလေးလို့ ခေါ်ခဲ့တာတဲ့။ ကျောင်းအပ်တော့လည်း ဘာနာမည်ပေးရမှန်း မသိ၍ အမေခေါ်





တဲ့ အရိပ်ကလေးကပဲ ကျောင်းနာမည်ဖြစ်သွားခဲ့တာပါ။ အခုတော့ အဆိုတော် အရိပ်ကလေး ဖြစ်ခဲ့ပြန်ပြီ။

သူနဲ့ နော်နီနီတို့ ဂီတနဲ့ပတ်သက်တာတွေထဲမှာ နစ်မြှုပ်နေကြသည်။ ဂီတနဲ့ ပတ်သက်တဲ့ သင်တန်းတွေလည်း တက်သည်။ သံစဉ်တွေရှာသည်။

သူတို့အခွေမှာ သူတို့ရုပ်လုံးမပြထားသော်လည်း ရှိုးပွဲတွေမှာတော့ သူတို့ ကိုယ်ထင်ပြရပါပြီ။

ထိုမှတစ်ဆင့် မီဒီယာပေါ် သူတို့ပုံရိပ်တွေ ထင်ဟပ်ရပြီ။ လူသိစပြုလာခဲ့ပြီ။ အရှိန်ရနေတုန်းမှာ နောက်တစ်ခွေအတွက် အမြန်လှုပ်ရှားရသည်။

ကံကြမ္မာဆိုတာ အခွင့်အရေး နှစ်ခါပေးချင်မှ ပေးမှာလေ။

သီချင်းတွေစုရ။ ရသလောက်တီး၊ အထပ်ထပ် အခါခါ ပြန်ဆိုနှင့်။ စိတ်ကြိုက်မရမချင်း လက်မလျှော့။ ကိုယ့်ဘာသာကိုယ် ထုတ်တာဆိုတော့ စိတ်တိုင်းကျ လုပ်ခွင့်သာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခွေမှာတော့ ကရင်မက ပရိုဂျူဆာ။ သူနဲ့သူမ တစ်ပုဒ်စီဆိုတာ ရှိသလို စုံတွဲလည်း နှစ်ပုဒ်ပါသည်။

သူတို့နှစ်ယောက် ကံစပ်တယ်ပဲ ပြောရမလား။ စန်းထချိန်ပဲ တူနေသလား မသိ။

ဒုတိယအခွေလည်း ပေါက်ခဲ့ပါသည်။

သူလည်း အဆိုတော်အရိပ်ကလေး ဖြစ်ခဲ့ပြီ။ ထိုက်တန်သောငွေကြေးလည်း လိုက်ပါလာခဲ့ပါသည်။

ရှိုးပွဲတွေလည်း ဆိုရသည်။ ကုမ္ပဏီပွဲတွေလည်း ဆိုပေးရသည်။ မင်္ဂလာပွဲတွေ ဒင်နာပါတီတွေမှာလည်း ဆိုရပါပြီ။

အဖေလည်း အကောင်းစားအရက်တွေ သောက်နိုင်လာပါပြီ။ ဒီတော့ အဖေ့အရက်သောက်နှုန်းကလည်း စံချိန်ပိုမြင့်လာပြီ။ မပြောင်းလဲတာ တစ်ခုပဲရှိသည်။

"ငါ့သားလေး ကျော်ခကို လက်စားချေနော်"

✧ ❤ ✧





"အရိပ်ကလေးရေ ... မွေးနေ့ပွဲတစ်ခုက လာဆိုပေးဖို့ ခေါ်ထားတယ်ဟ"

"ငါ့ကိုရောလား"

"အေးပေါ့ဟဲ့"

"စရန်ပေးသွားပြီလား"

"ဟင်း ... နင်ကလည်း ပိုက်ဆံပဲ။ နေပါဦး ... နင်ဘာလို့ ပိုက်ဆံတွေ အရမ်းစုနေရတာလဲ"

"မိန်းမယူမလို့"

"မယုံသေးဘူး၊ နင် ရည်းစားတောင် မထားနိုင်လောက်အောင် ပိုက်ဆံကို သဲကြီးမဲကြီး စုနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ပိုက်ဆံက လက်နက်များ ဖြစ်လာမလားလို့ ငါစုနေတာ"

"လက်နက်"

"ဟုတ်တယ်၊ ပိုက်ဆံက ကိစ္စတော်တော်များများကို ဖြေရှင်းနိုင်တယ်လေ၊ တစ်နေ့မှာ လိုအပ်လာရင် အဆင်သင့် သုံးနိုင်အောင်လို့"

"အဲဒါက ဘာလို့ လက်နက်ဖြစ်ရတာလဲ"

"ဘာလို့လဲဆိုတော့ ငါ့လူတစ်ယောက်ကို လက်စားချေစရာရှိလို့ပေါ့"

"လက်စားချေမယ်"

"ဟုတ်တယ်"

"နင့်ဆီက တစ်ခါမှ မကြားဖူးတော့ ထူးဆန်းနေတယ်"

"ဟုတ်တယ်"

"ဘာဖြစ်လို့ လက်စားချေမှာလဲ"



"ငါ့မိသားစု ဘဝပျက်အောင် ဖျက်ဆီးခဲ့လို့၊ ငါ့အမေကို စောစောစီးစီး ဆုံးရှုံးလိုက်ရလို့"

"ငါ့ကို ပြောပြပါလား"

"မပြောဘူး၊ ပြောလိုက်ရင် ပေါ်သွားမှာစိုးလို့"

"ပေါ်သွားတော့ မကောင်းဘူးလား"

"ငါ့အမေသေရတဲ့ကိစ္စ ငါ ပေါ်လို့မရဘူး"

"နင့်ကိစ္စကို မသိရတော့လည်း အကြံမပေးတတ်တော့ဘူး"

"ထားပါ၊ မွေးနေ့က ဘယ်တော့လဲ"

"လာမယ့်သောကြာနေ့ည"

"နင်နဲ့ငါ သီချင်းတိုက်ရဦးမှာပေါ့"

"အေး ... သီချင်းရွေးပြီး တိုက်ရမှာပေါ့"

"ပွဲက ဘယ်မှာလဲ"

"ချက်ထရီယမ်မှာ"

"ပွဲကြီးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့"

"Ok လေ၊ မနက်ဖြန်မှတိုက်ရအောင်၊ ဒီနေ့ ငါ့အဖေဆေးခန်းပြပေးချင်လို့"

"ရပါတယ်ဟာ၊ ပြောစရာမလိုပါဘူး"

"ဒါဆို ငါပြန်မယ်"

"အေး"

နော်နီနီသည် အရိပ်ကလေးကိုကြည့်ရင်း ဖြူစင်ကြည်သန့်နေတဲ့ ကောင်လေးမှာ အာဃာတတွေနဲ့ ပြည့်နှက်နေခဲ့တာကို အံ့သြနေမိသည်။

အရိပ်ကလေးကိုဆို တစ်ခါတလေ ယောက်ျားလေးလို့တောင် မမြင်ဘဲ မိန်းကလေးသူငယ်ချင်းလိုကို ထင်နေမိတာလေ။

အရိပ်ကလေးက အသားဖြူဖြူလေးနဲ့ ကိုရီးယားမင်းသားလေးတွေလို ခပ်သန့်သန့်လေး။





ပြီးတော့ အပြုံးကြည်ကြည်လေးနဲ့ စိတ်သဘောထားကောင်းတယ်လေ။ ဒီလိုကောင်လေးတစ်ယောက်မှာ ပြင်းထန်တဲ့အာဃာတတွေ ရှိနေလိမ့်မယ်လို့ ဘယ်သူက ထင်မှာလဲ။

ပြီးတော့ သူက အဲဒီအာဃာတတွေကို ပိုပြီးနက်ရှိုင်းလာအောင် မွေးမြူနေသေးတယ်။

သူမ ခေါင်းခါလိုက်မိသည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... အတုမရေ၊ နင် ငါ့မွေးနေ့မှာတော့ ငါ့အိမ်မှာ အိပ်ရမယ်နော်၊ ဒါပဲ"

"ရီတာရယ် ... ငါ့ရဲ့ခမည်းတော်အကြောင်းလည်း နင်သိရဲ့သားနဲ့ဟယ်၊ ဘယ်တုန်းကများ အပြင်မှာအိပ်ရလို့လဲ"

"ဒီတစ်ခါတော့ မရဘူးဟာ။ ငါ့အိမ်မှာ လိုက်အိပ်ရမယ်။ ငါ နင့်အဖေကို လိုက်ပြောပေးမယ်ဟာ"

"လိုက်မပြောနဲ့။ မစဉ်းစားနဲ့။ ရမှာမဟုတ်ဘူး၊ ငါ့အဖေအကြောင်းလည်း သိရက်သားနဲ့ဟာ"

"ဒီတစ်ခါတော့ ငါ့မွေးနေ့ဆိုပြီး Request လုပ်ကြည့်မယ်ဟာ၊ ရချင်ရမှာပေါ့ဟ"





"တားမရလည်း ပြောကြည့်၊ ငါကတော့ မပြောဘူး။ မရမှန်းသိလို့။ အဲဒီကိစ္စ အုံးစားနေမယ့်အစား အဲဒီနေ့ ငါ ပါမစ်ရသလောက်အချိန်မှာ ဘယ်လိုပျော်ရမလဲပဲ စဉ်းစားမယ်"

"အတုနော် ... နင်မအိပ်ရင်တော့ ငါတို့လည်း ရီတာ့အိမ်မှာ မအိပ်ဘူးနော်။ ပွဲမဖျက်နဲ့"

"ဟဲ့ ... ငါ့ကို အဲလိုတော့ ပိတ်မရိုက်နဲ့နော်၊ ငါလာအိပ်လို့ရမှာ မဟုတ်ဘူး၊ သေချာတယ်"

"အေးဟာ ... အတုပါမှ ပိုပြီးပျော်စရာကောင်းမှာဟာ၊ ငါတို့ နင့်အဘိုးကြီးကို မရ,ရအောင် ဝိုင်းပြောကြည့်မယ်ဟာ"

ရီတာ့မွေးနေ့မှာ ရတု ညအိပ်ရေးကို သူငယ်ချင်းတွေဝိုင်းပြီး အုံးစားပေးနေကြသည်။

ရီတာ၊ ရတု၊ သွဲ့သွဲ့၊ မေဦးတို့ လေးယောက်က သိပ်ချစ်ကြတဲ့ သူငယ်ချင်းတွေပါ။ လေးယောက် ရှယ်ယာအလုပ်တွေလည်း လုပ်ထားကြသည်လေ။



www.burmeseclassic.com

www.burmeseclassic.com



ဖြူတီပါလာ၊ ဖက်ရှင်ဆိုင်နှင့် မုန့်တိုက်တို့ပဲဖြစ်သည်။

ဖြူတီပါလာမှာက တစ်ယောက်တစ်လှည့် ထိုင်ရသည်။ ဖက်ရှင်ဆိုင်ကတော့ ခေါင်းစခြေဆုံး မိန်းကလေးသုံး အားလုံးရတဲ့ ဆိုင်ကြီးမို့ နှစ်ယောက်ထိုင်ရသည်။ အဲဒါလည်း အလှည့်ကျပဲ။ မုန့်တိုက်ကတော့ ထူးထူးဆန်းဆန်းလေးဖြစ်သည်။

သူတို့မုန့်တိုက်မှာ ကိတ်မုန့်တစ်မျိုးပဲရ၏။ ကိတ်မုန့်ကို ပုံစံမျိုးစုံရသည်။ ကြီးကြီးသေးသေး ဆိုက်အစုံလည်းရှိသည်။

အထူးသဖြင့် မွေးနေ့ကိတ်၊ ပါတီကိတ် အဲလို အမှတ်တရကိတ်တွေ ပိုလုပ်ရသည်။

ကိတ်မုန့်ဒီဇိုင်း အလန်းလေးတွေလည်းရသဖြင့် လူငယ်တွေကြားမှာတော့ သူတို့မုန့်တိုက်က နာမည်ကြီးသည်။

ကိတ်ကို စီးရီးစ်အလိုက်လည်းရှိ၏။ ဥပမာ ... Love package လိုဟာမျိုးပေါ့။ Love peackage မှာဆိုရင် စီးရီးစ်အလိုက် တစ်ပိုင်းစီ အစအဆုံး ဝယ်လို့ရသည်။





နံပါတ်တစ်က ချစ်ရေးဆိုတဲ့ကိတ်ဖြစ်သည်။

နံပါတ်နှစ်ကတော့ အဖြေတောင်းတဲ့ကိတ်။

နံပါတ်သုံးက အဖြေပေးတဲ့ကိတ်။

နံပါတ်လေးကတော့ ချစ်သူစိတ်ကောက်ရင် ချော့တဲ့ကိတ်။

ငါးက အချစ်နှစ်ပတ်လည်ကိတ်။ စသဖြင့် စီးရီးစ်အတွဲလေးတွေရှိသည်။

ကိတ်မုန့်ကလေးတွေကို ကြည့်လိုက်တာနဲ့ feeling တစ်မျိုး ခံစားရမယ့် ဒီဇိုင်းမျိုးလေးတွေဖြစ်အောင် ကြိုးစားထားသည်။

အထူးသဖြင့် ချစ်ရေးဆိုတဲ့ကိတ်၊ အဖြေတောင်းတဲ့ကိတ်၊ အဖြေပေးတဲ့ကိတ်၊ စိတ်ကောက်ရင် ချော့တဲ့ကိတ် စတာတွေသာ ရောင်းအားကောင်းပြီး နှစ်ပတ်လည်ကိတ်ကတော့ ရောင်းအားနည်းနည်းလျော့သည်။

မွေးနေ့ကိတ်တွေလည်း ရောင်းရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီဆိုင်ရဲ့အိုင်ဒီယာကတော့ ရတုရဲ့တီထွင်မှုပဲဖြစ်သည်။ ဒီဆိုင်ကို အများဆုံး တာဝန်ယူထားတာလည်း ရတုပဲဖြစ်သည်။

ကိတ်ဒီဇိုင်းတွေ တစ်မျိုးပြီးတစ်မျိုး စဉ်းစားတီထွင်တာလည်း ရတုပါပဲ။

✧ ❤ ✧





ရီတာ၊ မေဦးနှင့် သွဲ့သွဲ့တို့ ရတုအိမ်မှာ ရောက်နေရသည်။ ခေါင်းစဉ်ကတော့ ရတုအဖေဆီ ခွင့်တောင်းဖို့ကိစ္စ။ ရတုကတော့ ရင်မခုန်ပါ။ ခွင့်ပြုမှာ မဟုတ်ဘူးလေ။ သေချာနေတာပဲ။

"အန်ကယ်လ်"

"ဟော ... ပြော သမီးတို့ လူစုံပါလား"

"ဟုတ်"

"အလုပ်ကိစ္စလား ... ပြော"

"ဟိုလေ ... ဒီ friday က ရီတာ့မွေးနေ့ပါ အန်ကယ်၊ အဲဒါ အတုကို ရီတာ့အိမ်မှာအိပ်ဖို့ ခွင့်တောင်းတာပါ အန်ကယ်"



www.burmeseclassic.com

www.burmeseclassic.com



"မွေးနေ့"

"ဟုတ် ... သူငယ်ချင်းလေးယောက်လုံး ရီတာ့အိမ်မှာ စုအိပ်ချင်လို့ပါ အန်ကယ်လ်"

"ခွင့်မပြုဘူး"

"ဟို ... တစ်ညတည်းပါ အန်ကယ်လ်"

"နိုး ... နိုး ... သမီးတို့၊ အန်ကယ်လ်က သမီးကို နိုင်ငံခြားမှာ ကျောင်းထားတုန်းကတောင် သူ့အမေကို တောက်လျှောက်ထည့်ပေးခဲ့တာ၊ အဲဒီမှာတောင် သူ နေချင်သလို နေလို့မရဘူး၊ အထူးသဖြင့် သမီးမိန်းကလေးကို အပြင်မှာ ညအိပ်ခွင့် လုံးဝမပြုဘူး။ ဆောရီးပဲ သမီးတို့ရယ်"

"အန်ကယ်လ်"

"ဆိုးဆောရီးပဲကွာ၊ အန်ကယ်လ်ချိန်းထားတာလေးရှိသေးလို့"

ရီတာတို့က ဖွဲမလျှော့။ မေမေ့ကို ကပ်ပြောနေသေးသည်။





"အန်တီတို့ရယ် ပြောပေးပါဦး"

"အန်တီမှ သူ့ကိုမနိုင်တာ သမီးတို့ရယ်"

ရီတာတို့ ပါးစပ်ပိတ်သွားသည်။ ရတုက ငါမပြောဘူးလားဆိုသည့် ပုံစံနှင့် မျက်စပစ်ပြ၏။

"နင်ကကို ငါ့ဆီမှာ လာမအိပ်ချင်တာမို့လား"

"ဟေ ... ငါ့ကိုလာမမဲနဲ့နော်၊ ငါပြောသားပဲ မရပါဘူးဆို၊ ငါ့အဖေအကြောင်း ငါသိလို့ ရင်မခုန်တာ။ ကဲပါ ... အဲဒီနေ့ ဆယ်နာရီအထိတော့ ငါနဲ့မေမေ လာခွင့်ရတယ်ဟ။ အဲဒီအချိန်အထိ နင်တို့ ဘာလုပ်ချင်လဲ ပြော"

"ဘာမှမလုပ်ဘူး၊ အဲဒီအချိန်က ငါတို့ Band ငှားထားတာ၊ ပျော်ဖြေရေး ရှိနေတာ ဘာလုပ်ရမှာလဲ"

"အေးလေ ... ပွဲဖျက်မ၊ လိုက်မေးမနေနဲ့ ဟင်း"

"နေပါဦး ... နင်တို့က ဘာလုပ်ဖို့ စီစဉ်ထားကြလို့တုန်း"

"ဘာမှမလုပ်ဘူး"

"သယ်ရင်း အချင်းချင်း စိတ်ဆိုးပါနဲ့ဟယ်"



www.burmeseclassic.com

www.burmeseclassic.com



"အတု ... နင့်ရဲ့ပျက်ကွက်မှုအတွက် နင် လိုက်လျော်မှု တစ်ခုတော့ ပေးရမယ်နော်"

"အေး ... ဟုတ်တယ်"

"ဟင့် ... မီးက ဘာလုပ်ပေးရမှာလဲလို့၊ နင်တို့ကို ဆီဒိုးနားမှာ ပြုစုရမလား ... ပြော"

"အဲဒီလောက်တော့ နား။ စိတ်မဝင်စားဘူး။ ဟော ... သွဲ့သွဲ့နဲ့ မေဦး ဝိုင်းစဉ်းစားပေးဦး"

"နောက်မှ အုံးကျွေးမယ်ဟယ်၊ အခု ငါဆိုင်ပြေးရတော့မယ်၊ ဝယ်သူလာမှာကို မေ့နေလို့"

"ဟုတ်တယ်၊ ငါလည်း မင်းသမီးချိုလေးခင်နဲ့ ချိန်းထားတယ်၊ ဒီနေ့ Body spa လုပ်ပေးဖို့ ချိန်းထားတာ"

မွေးနေ့ရှင် ရီတာက မကျေမနပ် မျက်စောင်းခဲရင်း ...

"အတုမ ... နင် ခုတော့ သက်သာသွားတယ်မှတ်၊ နင့်ကို အပြစ်တော့ ပေးမှာနော်"





"အေးပါဟယ် ... အေးပါ"

ကိုယ် တာဝန်ကျရာ အလုပ်ဆီကို အပြေးအလွှားသွားရင်း ရတုကို Lesson ပေးဖို့ကိုလည်း စဉ်းစားနေကြသည်။

မနိုင်စိန်တွေပါပဲ၊ ရတုက အစပေါ့။

✧ ❤ ✧

ဝေဖန်စာ၊ အကြံပေးစာနှင့် ဓါတ်ပုံများပေးပို့ပါလျှင်
အမှတ်-၉/၁၁၊ ၈-လွှာ(ဂ)၊ ဇေယျဝတီလမ်း(ပဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရီတာ့မွေးနေ့ညမှာ ရတုကို ဖေဖေက ပွဲချိန်ဆယ်နာရီအထိ ခွင့်ပြုပါသည်။ ဒါပေမဲ့ မေမေတော့ပါသည်။

ဘယ်သွားသွား မေမေ ပါတာကြောင့် သားရှင်အသိုင်းအဝိုင်းမှာတော့ ရတုကို သဘောကျတဲ့သူတွေ များပါသည်။

ဖေဖေ့ရဲ့ ချမ်းသာကြွယ်ဝမှု၊ ရတုရဲ့ ပညာအရည်အချင်း၊ ပြီးတော့ မိဘအုပ်ထိန်းမှုအောက်မှာ ပိပြားတဲ့မိန်းကလေးအဖြစ် သတင်းမွေးပါ၏။ ဒါကလည်း ထင်ကြလို့ပါ။

ရတုက ရှုတ်တီးရှုတ်နောက်နဲ့ ပျော်တတ်သူပါ။ ရတု တစ်ခုခုလုပ်ချင်ရင် မေမေ့ကိုညှိလိုက်ရုံပဲ။ ဖေဖေက ညအိပ်မလှတ်တာကလွဲရင် ကျန်တာ မေမေ့ကို ဝ,ကွက်ထားတာ။ မေမေပါတယ်ဆိုပြီး စိတ်ချမှုချ။





ဒီတော့ ရတုက တစ်ခုခုလုပ်ချင်ရင် မေမေ့ကိုညှိလိုက်ရုံပဲပေါ့။

မေမေက ရတုကို ချစ်လည်းချစ်တယ်၊ အလိုလည်းလိုက်တယ်လေ။

ဒါပေမဲ့ ခုချိန်ထိတော့ ဆောင်ကျော်အောင် မလုပ်ခဲ့ပါ။ အဲဒါကြောင့်လည်း မေမေက ရတုကို အလိုလိုက်ခဲ့တာနေမှာပေါ့။

ခုလည်း မေမေ့ကို လူကြီးဝိုင်းပို့ပြီး ရတုက ကိုယ့်အဖွဲ့နဲ့ကိုယ် ဟီးဟားလုပ်နေကြသည်။

အဆိုတော်တွေကလည်း စတိတ်ပေါ်မှာ တစ်ယောက်ပြီးတစ်ယောက်။

မွေးနေ့ရှင် ရီတာက အဆိုတော်တွေ ထိုင်နေတဲ့ဝိုင်းထိ သွားနှုတ်ဆက်တော့ ရတုတို့ပါ ရောယောင်ပါသေးသည်။

အဲဒီမှာ ဇာတ်လမ်းစတာပါပဲ။ အဆိုတော်ဝိုင်းမှာထိုင်နေတဲ့ ကောင်လေးတစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com



တီရှပ်အဖြူလေး ဝတ်ထားပြီး နာရီတောင်မပတ်တဲ့ ကောင်လေး။

အဲဒီကောင်လေးရဲ့ ဆံပင်တွေက ပျော့စင်းကာ ကာလာခပ်ပါးပါး ဆိုးထားသည်။ ဆံပင်က မတိုမရှည် ကုပ်ထောက်ရုံကလေး။

စည်သူလွင်ကေလိုလို၊ အာဇာနည်ကေလိုလိုနဲ့ သူတို့နှစ်ယောက်ပေါင်းထားတဲ့ ဆံပင်ပုံစံမျိုးလားမသိ။ ကောင်လေးက ဆံပင်တွေကို ဘီးကုပ်နဲ့လှန်တင်ထားပါသည်။ အဲဒီတော့ သူ့ရဲ့မျက်နှာကို ဆွဲဆောင်မှုရှိအောင် အမိကပ့်ပိုးပေးထားတဲ့ လေးထောင့်စပ်စပ်နဖူးက ထင်းနေသည်။

ကိုရီးယားမင်းသားတွေလို မိန်းမချော ချောတာမျိုး မဟုတ်ဘဲ ယောကျ်ားပီသပြီး ဆွဲဆောင်မှုရှိတာ။ ကိုယ်ကပဲ ထင်နေလို့လား မသိပါ။

ရီတာက သူမတို့ကို အဆိုတော်တွေနဲ့ မိတ်ဆက်ပေးသည်။





ကောင်လေးနာမည်က အရိပ်ကလေး ဆိုပဲ၊ နာမည်လေးက ခပ်ဆန်းဆန်းလေး။ ပြီးတော့ ထိုနာမည်မျိုးကို မိန်းကလေးတွေပဲမှည့်တာ များမည်ထင်သည်။

ကောင်လေးကြည့်ရတာ သူမထက်တော့ ငယ်ပုံရသည်။ ချစ်စရာလေး။ ရတုရင်တွေ တဖျပ်ဖျပ်ခုန်နေသည်။ အဆိုတော် အရိပ်ကလေးရဲ့ သီချင်းကိုတော့ နားထောင်ဖူးပါရဲ့။

အခုတလော အရမ်းကိုဟာစ်ဟာ်ဖြစ်နေတဲ့ နာမည်ကြီး အဆိုတော် နော်နီနီရဲ့အခွေထဲမှာ စုံတွဲဆိုထားတာကို သူမ ခရေဇီ ဖြစ်နေတာ။ ခုတော့ လူကိုပါ ခရေဇီမိပြီ။

အရိပ်ကလေးကတော့ သူမတို့အားလုံးကို သာမန်ပဲ ဆက်ဆံသည်။

သူမကပဲ ရင်ခုန်ရှူးသွပ်သွားတာပါ။ အရိပ်ကလေး စတိတ်ချ်ပေါ်မှာ သီချင်းဆိုတာကလည်း သူများတွေလို ပါဖောမင့် ပါ။ ဂစ်တာတီးပြီးဆိုတဲ့ပုံလေးကို ဖုန်းနဲ့ ဓာတ်ပုံရိုက်ယူလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် ... အတု၊ ဘာလုပ်တာလဲ"

မေဦးက မြင်ဖြစ်အောင် မြင်လိုက်သေး၏။

"ငါ သဘောကျလို့"

"ဝါး ... ဘယ်အမျိုးအစားထဲမှာပါလဲ"

"ဘယ်ဘက်ရင်အုံ"

"တကယ်ကြီးလား"

"သိပ်သေချာတယ်"

"မိုက်တယ်ကွာ၊ ဒီညကတော့ အတုရဲ့ညပဲပေါ့ ... ဟီး ဟီး"

ရီတာနဲ့ သွဲ့သွဲ့ကို မေဦးက သတင်းအမြန်ပို့သည်။ သူတို့တစ်ဖွဲ့လုံး အရိပ်ကလေးကို ကွက်ကြည့် ကြည့်လိုက်၊ နီးကြည့်လိုက်၊ မသိမသာကြည့်လိုက်၊ ပေါ်တင်ကြည့်လိုက်၊ ကြည့်နည်းမျိုးစုံနဲ့ တစ်ယောက်တစ်မျိုး ဒိုင်ဗင်ထိုးတော့သည်။

"မိတော့ မိတယ်ဟဲ့"

"ဟုတ်တယ်၊ တစ်မျိုးလေး ဆွဲဆောင်မှုရှိတယ်"





"အတုမတို့က ဒါမျိုးကျတော့ လျင်မှလျင်နော်"

"ဟုတ်ပ"

အဲဒီညက သူမတို့မှာ မိန္ဒူးအသစ်ရခဲ့၏။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်မှာတော့ ရတုတို့အဖွဲ့ဟာ အရိပ်ကလေး အကြောင်း အသည်းအသန် စုံစမ်းကြ၏။

မစုံစမ်းလို့ မရတော့။ ရတုရောဂါက သည်းနေပြီလေ။

နော်နီနီရဲ့ ရှိုးပွဲတိုင်းကို လိုက်ကြည့်ရင်း ကြာလာတော့ နော်နီနီရှိတဲ့နေရာဆို အရိပ်ကလေး ပါရှိတယ်ဆိုတာ သူတို့သိလာကြသည်။

နော်နီနီကလည်း သူမတို့အဖွဲ့ကို သတိထားမိလာသည်။ အရိပ်ကလေးကတော့ ခေါင်းထဲရှိပုံမရ။

တစ်နေ့တော့ သူမတို့လေးယောက် ထမင်းစားရင်း အရိပ်ကလေးခေါင်းစဉ်ကို ဆွေးနွေးဖြစ်ကြသည်။





"ဟဲ့ ... နော်နီနီနဲ့သူက မောင်နှမတွေတဲ့နော်"

"ငါတော့ မဖြစ်နိုင်ဘူးထင်တယ်"

"အေး ... ဟုတ်တယ်ဟ၊ တစ်ယောက်က ကရင်မ၊ တစ်ယောက်က လုံးဝဗမာရုပ်နဲ့၊ မဖြစ်နိုင်ဘူး"

"ဘင်္ဂလားတွေလား မသိဘူး"

"နင်တို့ကလည်းဟယ်၊ ငါ စိတ်ဓာတ်ကြီးကို ဆွဲမချစမ်းပါနဲ့"

"အတူနော် ... နင် တကယ်တော့ မခံစားနဲ့နော်၊ သူတို့လောက,က ခပ်ရှုပ်ရှုပ်ရယ်၊ ပေါ့ပေါ့ပါးပါး အပျော်ပဲနော်"

"မရတော့ဘူး၊ ငါ့ရင်ထဲမှာကို ငြိငြိတွယ်တွယ် ချစ်မိတယ်ဖြစ်သွားပြီ"

"ဟယ် ... တကယ်ကြီးလား"

"ဟုတ်တယ်"

"ဟဲ့ ... နင့်အဖေ သဘောတူမှာ မဟုတ်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... မစားစမ်းပါနဲ့ဦး၊ အဲဒီကိစ္စက အရိပ်ကလေးဆီတောင် မရောက်သေးဘူး၊ ဖေဖေ့ဆီရောက်ဖို့ဝေး"

"အေးလေ ... မေဦးမ ပြောလိုက်ရင် အလန့်တကြား"

"ဟဲ့ ... အရိပ်ကလေးက ဘာ sign မှ မပြပေမယ့် နော်နီနီကတော့ ငါတို့အဖွဲ့ကို သတိထားမိပုံပဲဟ"

"ဟုတ်တယ် ... ဟုတ်တယ်"

"လောလောဆယ် ငါ့ကို အရိပ်ကလေး သတိထားမိအောင် ဘယ်လို လုပ်ရမလဲ"

"ဖုန်းနဲ့မိတ်ဆက်ဟာ"

"ရှက်စရာကြီး"

"အံမယ် ... မဆက်ဘူးပေါ့"

"အခု ဖုန်းနံပါတ် စုံစမ်းပေး"

✧ ❤ ✧





Celebrity တစ်ယောက်ရဲ့ ဖုန်းနံပါတ်ကို စုံစမ်းရတာ မခက်ခဲပါ။

"ဟဲ့ ... အတု၊ နင် ဖုန်းဆက်တာ အောင်မြင်ချင်ရင် ကိုးနာရီမှာဆက်"

"ဘာဆိုင်လို့လဲ"

"အဲဒါတော့ မသိဘူး။ ကိုးနဝင်းများ ကျေမလားလို့"

"ကိုးနဝင်းကျေတာနဲ့ ဘာဆိုင်လို့လဲ"

"မသိပါဘူးဆို ထင်တာပြောရာ၊ တချို့ကဟာ အလုပ်တစ်ခု အောင်မြင်ချင်ရင် ကိုးဂဏန်းကို သုံးတတ်ကြလို့"

"ဟဲ့ ... ဆယ့်တစ်မီးပါ ငြိမ်းသွားအောင် ဆယ့်တစ်နာရီမှာ တစ်ခါဆက်ရမလား"



www.burmeseclassic.com

www.burmeseclassic.com



"အတုနော် ... နင် မေဦးပြောတိုင်း ယုံနေရင် မှားမယ်နော်"

"ငါက စေတနာနဲ့ ပြောတာဟဲ့"

"ဘာပဲဖြစ်ဖြစ်ဟာ အချိန်တစ်ခုတော့ သတ်မှတ်ရမယ်ဟ၊ ဒါမှ သူ မှတ်မှတ်သားသား ဖြစ်သွားမှာ၊ ကိုးနာရီဆို ကိုးနာရီမှာ ပုံမှန်ဆက်မယ်ဟာ။ ဒါဆိုရင် ကိုးနာရီထိုးကာနီးရင် သူ ဖုန်းမျှော်တတ်လာလိမ့်မယ်၊ ကောင်လေးကို ဖုန်းမျှော်တတ်အောင် အရင်သင်ပေးရမယ်"

"စိတ်ကူးနဲ့ မရူးနဲ့ဦး၊ ဟိုက ကိုးနာရီမှာ ဖုန်းမမျှော်ဘဲ ဖုန်းပိတ်ထားဦးမယ်"

"ဖွဟဲ့ ... လွဲပါစေ ... ဖယ်ပါစေ ... မှားပါစေ။ နင်ကလေ ပါးစပ်ပုပ်ကြီးနဲ့၊ သွားတိုက်လိုက်ဦး"

အဲဒီလိုနဲ့ သူမ ကောင်လေးဆီကို စပြီးဖုန်းခေါ်လိုက်တယ်။ ယုံကြည်တယ်လို့တော့ အယူမစွဲပေမယ့် မေဦးပြောသလို ကိုးနာရီမှာ ဖုန်းခေါ်လိုက်တယ်။ မှတ်မှတ်သားသား ဖြစ်တာပေါ့။





ဖုန်းလိုင်းဝင်သွားပြီး Calling Ring Tone မြည်နေချိန်မှာ သူမ ရင်တွေ တဒိန်းဒိန်း ခုန်နေ၏။

"ဟဲလို"

"အရိုပ်ကလေးလား"

"ဟုတ်ပါတယ်"

"အြော် ... မ,က အရိုပ်ကလေးရဲ့ပရိသတ်ပါ"

"ဟုတ်ကဲ့"

သူက တုံးတိကြီး ဟုတ်ကဲ့လိုက်တော့ ဘာဆက်ပြောရမှန်းမသိ။ သူမဘက်က တိတ်နေတော့ ...

"ဟဲလို"

"ဟဲလို ... ဟို ... ဟိုလေ ... အရိပ်ကလေးရဲ့သီချင်းတွေကို ကြိုက် ... ကြိုက်လို့"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်"

"အဲဒါဆို အရိပ်ကလေးနဲ့ ခင်ခွင့်ရမလား"

"သူ"



www.burmeseclassic.com

www.burmeseclassic.com



သူက follow မလိုက်ဘဲ ကြောင်စီစီလုပ်နေတော့ ရတု ဆက်မပြောချင်တော့။ ရင်တွေတုန်ကာ ဖုန်းပိတ်ပစ်လိုက်သည်။

"ဟဲ့ ... ရတုရယ်၊ နင်က ဘာလို့ဆက်မပြောတာလဲ။ ခပ်ကြာကြာလေးပြော၊ တော်ကီလ်တွေသွင်းမှ သူက နင့်ကို မှတ်မိမှာပေါ့"

"ငါ့ရင်တွေ တုန်နေလို့ဟ"

"ဘုရားရေ ... အတု တကယ်စစ်သွားပြီလား"

"ချစ်သွားပြီလား လုပ်စမ်းပါ"

"အေး ... မှား ... အဲ မှားသွားလို့ ယောင်ကုန်ပါပြီဟယ်၊ ရတုမှ ဟုတ်ရဲ့လားလို့ အံ့တောင်သြယူရတယ်"

"ဟုတ်တော့ ဟုတ်သေးတယ်ဟေ့၊ ဒါပေမဲ့ ဘာလို့မှန်းမသိဘူး ရင်တွေမတရားခုန်နေတာဟ။ ဖုန်းထဲက သူ့အသံလေးက ကြည်ပြီးချိုမြနေတာဟ။ နားထဲမှာ ရှိန်းခနဲတောင်ဖြစ်" ..."





"တော် ... တော် ... သိပ်ရှုံးမနေနဲ့ အတုရေ"

"ဒီတစ်ခါတော့ ငါ တကယ် ကျရှုံးမိပြီ ထင်တယ်ဟာ၊ အို ... အရိပ်ကလေးရယ်၊ အို ... အရိပ်ကလေးရယ်၊ အို ... အရိပ်ကလေးရယ်၊ အို ... အရိပ်ကလေးရယ် ... တူ တူး တူ"

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ အမေဆုံးတဲ့နေ့ကို ရောက်ခဲ့ပြန်ပါပြီ၊ အရင်ကဆို အမေနှစ်လည်ရက်မှာ အမေ့အတွက် ဘာဒါနမှကို မလုပ်ပေးနိုင်ဘဲ ဒီတိုင်းကျော်ဖြတ်ခဲ့ရတယ်၊ လုပ်ပေးချင်တာတောင် မလုပ်ပေးနိုင်ခဲ့ဘူး။

ဒီနှစ်တော့ အရိပ်ကလေး အဆိုတော်ဖြစ်ပြီး အလုပ်နဲ့အကိုင်နဲ့ဆိုတော့ ဝင်ငွေကလည်း နည်းနည်း ဖြူးဖြူးမြူးမြူး ဖြစ်လာပြီလေ။

ဘုရားသွားပြီး အမေ့အတွက် အလှူဒါနလုပ်ပေးဖို့ အဖေ့ကို အတင်းနှိုးကာ ဘုရားကို ထွက်လာခဲ့သည်။

ဘုရားဈောင်းတန်းမှာ ပန်းတွေအများကြီးဝယ်။ ဖယောင်းတိုင်၊ အမွှေးတိုင်တွေပါ ဝယ်ဖြစ်သည်။





ပန်းသည်မလေးက သူ့ထက်ငယ်မည့်ပုံလေးပါ။ ဘုရားပန်းသာရောင်းနေတာ။ ဆံပင်ရှေ့အိုရောင်လေးနဲ့။ မြန်မာချည်ဝမ်းဆက်ကလေးက သိပ်မလတ်ပေမယ့် လည်ပင်းမှာဖုန်းအိတ်ကလေးဆွဲလို့။

အရိပ်ကလေးကတော့ ပန်းသည်မလေး ဖုန်းကိုင်နိုင်တာကို သဘောကျနေသည်။

ရုပ်က အချောကြီးတော့ မဟုတ်။

အသားလတ်လတ်ကို မိတ်ကပ်ပြေပြေလေး လူးထား၍ ကြည့်ကောင်းပါ၏။

သူတို့ကို ပန်းရောင်းနေတုန်း သူမဖုန်းက မြည်လာသည်။

"ဟဲလို"

"........"

"ဟုတ်လား"

"........"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ညစ်ပါတယ် အမေရယ်။ သူ့ ဗွေဖောက်နေတာနဲ့ ပုတုတို့သားအမိတွေ အကုန်ထမင်းငတ်ကုန်တော့မယ်။ မနေ့ကလည်း အဲဒီလိုပဲ၊ ဒီနေ့မှ မရောင်းရင် ပစ်ရတော့မယ် အမေရဲ့။ ခက်တာပဲ၊ သူ့ကို ဆေးရုံပဲပို့ထားရအောင် အမေရယ်"

"………"

"အမေရယ် … မပို့ရက်ပေမယ့် သမီးတို့မှ အမေ့သားကို မနိုင်တာ၊ ဒီတစ်ခါ ပို့ဆိုးပြီး ပိုလည်းကြာတယ်၊ ဈေးရောင်း ပျက်ပေါင်းလည်း များလှပြီ။ ပုတုတို့ အိမ်ငှားခက ဒီလ ကုန်ပေးရမှာလေ အမေရဲ့"

"ဟုတ်ကဲ့ပါ၊ ဒီမှာ ရောင်းလက်စသတ်ပြီးရင် ပြန်ခဲ့မယ်၊ ပန်းတွေကိုတော့ ဘေးဆိုင်က မဝါကြည်ဆီပဲ လွှဲခဲ့မယ် ရသလောက်ပေါ့"

ကောင်မလေးက ဖုန်းပြောပြီးတော့ …

"အားနာလိုက်တာ၊ ဒီပန်းတွေ စုစည်းလိုက်မယ်နော်"





"ဟုတ်ကဲ့"

သူမက ကျသင့်ငွေတွက်နေတုန်း …

"ဟဲ့ … ပုတု၊ နင့်အိမ်က ဆက်တာလား"

"ဟုတ်တယ်၊ ဖိုးကွေး စိတ်ဖောက်ပြီး ရပ်ကွက်ထဲ ပတ်ပြေးနေတယ်တဲ့"

"ဟဲ့ … ဒါဆို ဆေးရုံမြန်မြန်ပို့လေ"

"ပို့မှာ … အမေက မပို့ရက်နေတာ၊ သူ့သားကိုသနားလို့တဲ့"

"ဪ … ဒါမျိုးက သနားလို့မှ မရတာဟဲ့။ ဆေးရုံက သူတို့နဲ့ အသင့်တော်ဆုံး"

"ဟုတ်တယ်၊ ပုတုနဲ့ အမေလည်း မိန်းမသားတွေဆိုတော့ သူ့ကိုမနိုင်ဘူး။ အခု ဆေးရုံပို့ဖို့ ကားငှားရဦးမယ်၊ ပုတု ပြန်ရမှာ မဝါကြည်ရေ၊ ဒီပန်းလေးတွေ ရသလောက် ရောင်းပေးထားဦး"

"အေးပါဟယ် … နင်တို့လည်း တစ်ဒုက္ခ၊ လူတစ်ဦး ပူမှု ဆယ်ဗွေပါပဲအေ"



www.burmeseclassic.com

www.burmeseclassic.com



အရိပ်ကလေးသည် ပုတုဆိုသော ကောင်မလေးကို သနားသွားမိသည်။ ဒီကောင်မလေးရဲ့လောကခံကျတော့လည်း တစ်မျိုးဆိုးတာပါပဲလား။

အမေ့အတွက် ဘုရားပန်းကပ်တဲ့အထိ ကောင်မလေး မျက်နှာကို မြင်ယောင်နေမိသည်။

✧ ❤ ✧





သူ ...

ပုတု ဆိုတဲ့ ပန်းသည်မလေး မျက်နှာကို မကြာခဏ မြင်ယောင်နေမိသည်။ ဒုက္ခအိုးလေး။

လူက သန့်သန့်ပြန့်ပြန့် သပ်သပ်ရပ်ရပ်ကလေးနဲ့ ကြည့်ကြည့်လင်လင်လေးပါ။ ဒါပေမဲ့ သူမနောက်ကွယ်မှာ ခါးသီးဘဲ့လောကခံကို ကျောပိုးထားရရှာသည်။

သူမကို သတိရနေတုန်း သူမနဲ့ ထပ်မံဆုံစည်းလိုက်ရတာကတော့ ဘုရင့်နောင်ဘက်က မီးပွိုင့်တစ်ခုမှာပါ။

သူမက Bus ပေါ်မှာပါ၊ သူက ကားရင်မကားနဲ့။ ဂါရင်မတော့ မပါပါဘူး။ သူ့ကိုပဲ ခိုင်းလိုက်တာ။ လှိုင်သာယာ ဒေစ်တိုးရီးယားမှာ လက်မှတ်ထိုးပွဲလုပ်ဖို့ သွားချိတ်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာရယ်မဟုတ်ဘဲ ကောင်မလေးနောက် လိုက်ကြည့်ချင်စိတ် ပေါက်သွားသည်။

ထို့ကြောင့် ကောင်မလေးစီးတဲ့ကားနောက်က ရှဲဒိုးလိုက်ခဲ့မိသည်။ မှတ်တိုင်ရောက်တိုင်း ကောင်မလေးများ ဆင်းသွားပြီလားလို့ ကြည့်ရတာ မောနေပါသည်။

ကောင်မလေးက လှိုင်သာယာ မီးခွက်ဈေးနားမှာနေတာပါ။

သူမနေတဲ့ အိမ်လေးက တောင့်တင်းတယ်ဆိုရုံပါ။ အိမ်နဲ့ယှဉ်ရင် သူမဝတ်တာ စားတာက အများကြီး သာနေပါသေးသည်။

ဒါတောင် ကောင်မလေးတွေက ဒီအိမ်ကို ငှားနေတာဆိုပဲ။

ရန်ကုန်မြို့ပေါ်မှာတော့ ဒီလိုအဖြစ်အပျက်မျိုးက မရှားပါ။ လူကိုကြည့်လိုက်ရင်တော့ လန်ထွက်နေတတ်ပြီး အိမ်သွားကြည့်ရင် အနုတ်အစုတ်တွေက တစ်ပုံကြီးပါ။





ကောင်မလေးက လန်မထွက်နေပေမယ့် သပ်သပ်ရပ်ရပ် နေတတ်ပုံပါပဲ။

ခဏနေတော့ အပြင်ရေစည်ပိုင်းလေးမှာ အဝတ်ထွက်လျှော်နေတဲ့ ကောင်မလေးကို တွေ့ရသည်။

သူမအကြောင်း စုံစမ်းချင်ပေမယ့် ရပ်ကွက်ဆိုတာက သိတဲ့အတိုင်းလေ။

သူမအကြောင်း ကားနဲ့လူတစ်ယောက် စုံစမ်းတယ်ဆိုပြီး ချဲ့ကားခံရမှာကို မလိုလားသဖြင့် သူ ပြန်ခဲ့လိုက်သည်။

နောက်နေ့ ဘုရားသွားတော့ သူမကို မတွေ့။ သူမအမေ ဖြစ်ပုံရသော သူမနဲ့ ရုပ်ခပ်ဆင်ဆင်တူသည့် အမျိုးသမီးကို တွေ့ရသည်။

သူမအမေက မဝါကြည် ဆိုသော အမျိုးသမီးနဲ့ စကားပြောနေသည်။ ကြားရက်ဆိုတော့ ဘုရားဖူးလည်း ပါးနေဘာကိုး။



www.burmeseclassic.com

www.burmeseclassic.com



"ဝါကြည်ရေ ... ကျုပ်သားလေးတော့ ရှော့ခ်တွေရိုက်ခံနေရမလား မသိဘူး"

"ကောင်းဖို့လုပ်တာပဲ မဥရယ်"

"ကျုပ်သားလေးကို ပြန်ကောင်းစေချင်လိုက်တာလေ။ ကျုပ်သမီးကိုလည်း သနားနေပြီ။ သူ့ခမျာ ဉာဏ်လေးကောင်းရက်နဲ့ ကျောင်းထွက်ပြီး မအေလို ဘုရားပန်းသည် ဖြစ်နေရတယ်၊ ကလေးတွေအဖေရှိရင် ဒီလိုဖြစ်မှာ မဟုတ်ဘူး"

"ကံပေါ့ မဥရယ်"

"ကံဆိုရင်လည်း ကျုပ်ပဲခံချင်ပါတယ်အေ၊ ခက်တာက ကလေးတွေ။ သူ့အဖေဆီ လွှတ်လို့ကို မရဘူး၊ ပုတုကခေါင်းသိပ်မာတာ၊ ကျုပ်နဲ့ဆက်နေပြီးတော့ကို ကျောင်းထွက်ပစ်တာ"

"အဖေဆိုပေမယ့် မိထွေးက ရှိသေးတာကိုး မဥရဲ့၊ ဘယ်သွားချင်မလဲ။ မဥနဲ့ ဖိုးကွေးကို ထားခဲ့ပြီး ဘယ်သွားနိုင်ပါ့မလဲလေ"





"သင်းတို့ဖအေကတော့အေ နောက်မယား၊ နောက်သားနဲ့ ဖိုးကွေးကိုတောင် လာကြည့်တော့ပါဘူးအေ၊ ငါ့ဝဋ်ကြွေးတွေပါပဲ"

"ကျွန်မတော့ မဥလို သည်းမခံနိုင်ပါဘူး၊ ကျွန်မကတော့ ကျွန်မသူငယ်ချင်း ကျွန်မယောကျ်ားများ ကြောင်တောင်နိုက်လို့ကတော့ အသက်ချင်း လဲပစ်မှာ၊ သင်းတို့ကိုအရှင်မထားဘူး။ ပြီးတော့ ကိုယ့်မှာ သားကရူးပြီး ကျန်ခဲ့သေးတာ၊ သမီးကလည်း ကိုးတန်းနဲ့ ကျောင်းထွက်ရ။ နောက်မိန်းမကတော့ ကောင်းစားလို့"

"ငါက ယုံမိတာကိုးအေ။ ငါ့သူငယ်ချင်း နှင်းကလည်း ငယ်ပေါင်းသူငယ်ချင်းဆိုတော့ မလုပ်တန်ကောင်းဘူး ထင်တာပေါ့လေ၊ အဓိက,ကတော့ ကိုယ့်လူမကောင်းတာပါအေ၊ ကိုယ့်မကြင်လို့ လုပ်တဲ့ကိစ္စ"

"ဟင်း ... မဥတို့များ ဘုရားပန်းသည်ပီပီ သည်းခံနိုင်စွမ်းအားကြီးပါ့"



www.burmeseclassic.com

www.burmeseclassic.com



သူသည် ကြားလိုက်ရတဲ့ စကားတွေကြောင့် သူမလေးကို ပိုပြီးသနားမိသွားသည်။

သူမမှာလည်း ခါးသီးစရာ အဖြစ်အပျက်ကြီးနဲ့ပါလား။

ပုတုရယ် ...။

မေးမ,ချင်ပါတယ်။

✧ ❤ ✧





ကိုးနာရီဆို ဖုန်းကပုံမှန်မြည်လာပါသည်။ ပြီးတော့ ဘာမှမပြောဘဲ တစ်ဖက်ကနေ အရိုပ်ကလေး သီချင်းပဲဖွင့်ဖွင့်ပြနေသည် ဒုက္ခ။

အရိပ်ကလေးကတော့ အချိန်ဖြုန်းသည့်ဖုန်းကို မကိုင်ချင်ပါ။ ဒါပေမဲ့ ပရိသတ်တစ်ယောက် ဆက်တာဆိုရင် ဖုန်းမကိုင်တာက ရိုင်းရာကျမည်လေ။ ထို့ကြောင့် ဖုန်းလက်ခံကာ ဟဲလို နှစ်ခွန်းလောက် ထူးလို့မှ စကားပြန်မရရင်တော့ ဖုန်းကိုချပစ်လိုက်ပါသည်။

အရိပ်ကလေးက ဒီလို အကြောင်းမဲ့ ဖုန်းဆက်တာကို မနှစ်သက်ပါ။ အရိပ်ကလေးက ဘဝသမားဆိုတော့ အရာရာကို လက်တွေ့ကျကျပဲ ကြိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ပရိသတ်များ ဖြစ်ခဲ့ရင်ဆိုတဲ့ အတွေးနဲ့ ဖုန်းကို လက်ခံနေမိတာပါ။

နော်မီကတော့ ပြောသည်။ အဲဒါ မိန်းကလေးတစ်ယောက်ဖြစ်မှာ သေချာတယ်တဲ့။

နော်မီ ပြောသလို မိန်းကလေးတစ်ယောက်သာဆိုရင် သူ ပိုပြီးအထင်သေးမိမှာပင်။

ကိုရီးယားကားတွေကြည့်ပြီး အချိန်ဖြုန်းတတ်သော၊ ကိုရီးယားကားတွေကထဲကလို တုပဝတ်စားတတ်သော သူတွေကို သူ အမြင်ကတ်ပါသည်။ ခပ်ရင့်ရင့် ကဗ္ဗည်းတပ်ရရင် အမေကို ကျော်၍ ဒွေးတော်လွမ်းချင်နေသူတွေဟု စွပ်စွဲမိပါလိမ့်မည်။

ကိုရီးယားကားမတွေရဲ့ မနောက်ပိုး အပြုအမူဟာ သူတို့မြန်မာယဉ်ကျေးမှုနဲ့ ဘယ်လိုမှကို မအပ်စပ်ပါ။

ကိုယ့်နိုင်ငံ ကိုယ့်ယဉ်ကျေးမှုက မြင့်မြတ်တဲ့ ယဉ်ကျေးမှုပါ၊ ဒါကိုပစ်ပြီး နိုင်ငံခြားက အပြုအမူတစ်ခုကို ယဉ်ကျေးမှုတစ်ခုလို ခိုးယူကိုးကွယ်တတ်တဲ့ မြန်မာမတွေဖြစ်ခဲ့ရင် အဲဒီမြန်မာမတွေရဲ့ တန်ဖိုးကို ဘယ်လိုသတ်မှတ်ရမှာပါလဲ။





သူကတော့ အထင်မကြီးပါ။

ထို့ကြောင့် ကိုးနာရီမှာလာတတ်သောဖုန်းကို သူ မုန်းပါသည်။

မြန်မာမိန်းကလေးဆိုတာ ဆန့်ကျင်ဘက်ပုရိသကို ဘယ်လောက်ပဲ သဘောကျပါစေ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံး ကို လုံအောင်ထိန်းနိုင်ကြသူများ ဖြစ်ပါသည်။ ထိုမိန်းကလေးမျိုး မှလည်း အဖိုးတန်သည့် အမျိုးမှန်ဣန္ဒြေရှင်ဟု သူကတော့ မှတ်ယူပါသည်။

ပိုက်ဆံရှိ ရေပေါ်ဆီ မိန်းကလေးတွေအားပြီး ဖုန်းကစားနေချိန်မှာ ပုတုတို့လို ဘဝသမားလေးမှာ ဘယ်လောက် ရုန်းကန်နေရသလဲ။

သူကတော့ ဘဝတူနီးပါး ခံစားရလို့ ပုတုကို သနားလည်း သနားကာ ဖေးမချင်စိတ်တွေ ပေါ်နေမိသည်။

လောကမှာ မကောင်းတဲ့လူတွေကြောင့် လူကောင်းတွေ ဘယ်လောက်တောင် ဒုက္ခတွေ ခံစားနေကြရပြီလဲ မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ်တော့ သူ့ကိုယ်သူတောင် ရပ်တည်နိုင်ရုံရှိသေးသည်။ ပြီးတော့ သူ့မှာ လက်စားချေစရာလည်း ရှိနေသေးသည်။

ထို့ကြောင့် ပုတုဘက်ကိုလည်း ခြေဦးမလှည့်နိုင်သေး။ အခွင့်အရေးရတုန်း သူ့ဘဝကို ဒီထက်ပိုမြင့်အောင် ကြိုးစားပြီး ဦးကျော်ခဆိုတဲ့ လူကြီးကို လိုက်ရှာရဦးမည်။

ဦးကျော်ခကို လက်စားချေကို ချေရမည်။ သူ့အမေသေရသလို ဦးကျော်ခလည်း ထိုက်တန်တဲ့ ခံစားမှုမျိုး ခံစားစေရမည်။

ထို့အတွက် သူ ပုတုနားကို မသွားနိုင်သေးပါဘူးကွယ်။

✧ ❤ ✧





ကိုးနာရီ။

ဖုန်းမြည်လာပြီ။

နော်နီနီက ...

"ဟဲ့ ... အချိန်မှန်ကြီးပါလား"

"စိတ်ပျက်စရာကြီးပါလား။ ပရိသတ်ဖြစ်နေလို့သာ ကိုင်ရတာ။ ငါ လုံးဝသဘောကျဘူး"

ပြောရင်း သူ ဖုန်းပြန်ထူးလိုက်သည်။

"ဟဲလို"

"အရိပ်ကလေး နေကောင်းလား"

"ကောင်းပါတယ်"

"ဘာလုပ်နေလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"သီချင်းသွင်းဖို့ လုပ်နေတယ်ဗျ"

"ဟယ် ... ဆောရီး"

"ဟုတ်ကဲ့ ... ဒါပဲနော်၊ ကျွန်တော် မအားလို့"

ပြောပြီး ဖုန်းအမြန်ချတော့ ကရင်မက ရယ်သည်။

"သရဲသဘက် ကျနေတာပဲ၊ နင့်ပုံစံက ..."

"ငါမှ သဘောမကျတာ"

"ဟဲ့ ... အဲဒီငတိမက ငါ့လို ချောမောလှပသူလေး ဆိုရင်လေ"

"နင့်ကိုတောင် ရင်မခုန်တာ နင့်လို နောက်တစ်ယောက် ဆိုရင်လည်း မလှုပ်ရှားပါဘူး"

"အဟင်း ... အရိုပ်ကလေး၊ နင့်ကို ငါ အဲဒါကြောင့်ခင်တာ။ ယုံလည်း ယုံကြည်တာ။ နင်က စိတ်ချရတယ်"

"ထားပါဟာ။ နင့်သီချင်းသွားသွင်းမှာမို့လား၊ သွားမယ်လေ"

"အေး ... ဒါနဲ့ နင် ဦးကျော်ခ အကြောင်း စုံစမ်းလို့ရပြီလား"





"မရသေးပါဘူး၊ ကိုယ့်စားဝတ်နေရေးက ရှိသေးတော့ အချိန်ပေးပြီး မရှာနိုင်သေးဘူး၊ ကံမကုန်ရင်တော့ ပြန်ဆုံဦးမှာပေါ့ဟာ။ ဒီအတိုင်းတော့ မပြီးသွားနိုင်ပါဘူး"

"ငါလည်း ကူပြီးစုံစမ်းပေးပါ့မယ်၊ အာဃာတတွေနဲ့ မွန်းကျပ်နေတဲ့ နင့်ကို သနားလို့"

"ငါ့ကို မိန်းကလေးတစ်ယောက်က သနားတာ ငါမကြိုက်ဘူးနော် ကရင်မ"

"အေးပါဟယ် ... ဆောရီး ... ကဲ ... သွားစို့"

တကယ်ပါ နော်နီနီက ဘာဘီရုပ်ကလေးလို အနောက်တိုင်းဆန်ဆန် ချောပါသည်။ ဒါပေမဲ့ သူ လုံးဝရင်မခုန်။ သူမမှာ ဆိုဒိုး ရှိသည်ဟုပဲ သူခံယူပေးထားသည်။ ညီမတစ်ယောက်လို စောင့်ရှောက်ပေးတာမျိုးပဲရှိသည်။

စတူဒီယိုရောက်တော့ ...

"နော်နီရေ ... သတင်းကောင်းဟေ့"

"ဘာလဲ ကိုမြတ်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ညည်းအခွေကို စပွန်ဆာပေးချင်လို့တဲ့"

"ဟုတ်လား၊ ဘယ်ကုမ္ပဏီကလဲ"

"K. KHA ကုမ္ပဏီတဲ့။ ဦးကျော်ခပိုင်တာမှန်းတော့ မသိခဲ့ပါဘူး။ သားကောင်က ပစ်ကွင်းထဲကို တည့်တည့်ကြီးကိုယ်ယောင်လာပြတာပေါ့။ ကံမကုန်သေးတာ သေချာသွားပြီ။ ပြန်ဆုံဖို့လမ်းစကို ဦးကျော်ခကပဲ ခင်းပေးခဲ့တာပါ"

✧ ❤ ✧





နော်နီနီနဲ့ K.KHA ကုမ္ပဏီက မန်နေဂျာနဲ့ ကိုမြတ်ရဲ့စတူဒီယိုမှာပဲ ချိန်းပြီး စကားပြော ဆွေးနွေးဖြစ်ကြသည်။

သူတို့ဘက်က ဘာတောင်းဆိုမှုမှ မရှိဘဲ ရက်ရက်ရောရောကြီးကို စပွန်ဆာပေးနေ၏။

ဒါဟာ ပိုက်ဆံရှိသူဌေးတစ်ယောက်ရဲ့ မာယာအခင်းအကျင်းတစ်ခုလည်း ဖြစ်နိုင်ပါသည်။

ဘယ်သူကများ အကျိုးအမြတ် မမျှော်ဘဲ လာပုံမှာလည်းလေ ... နော့။

နော်နီနီနဲ့ ညှိနှိုင်းလို့ အဆင်ပြေသွားတော့ ကုမ္ပဏီမန်နေဂျာက သူမကို ထမင်းစားဖိတ်သွားသည်။

အဲဒီထမင်းစားပွဲက ဦးကျော်ခနဲ့ တွေ့ရမည့်ပွဲပါ။ ဒါပေမဲ့ သူတို့ကတော့ ဦးကျော်ခဟု ကြိုမသိခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီပိုင်ရှင်နာမည်ကိုလည်း မမေးလိုက်မိ။

မန်နေဂျာပြန်သွားတော့ အရိပ်လေးက ...

"ကရင်မရေ ... ဘလိုင်းကြီး စပွန်ဆာလာပေးတာနော်၊ သတိထား"

"ငါ သိပါတယ်"

"ပြီးတာပဲ"

"နင် လိုက်ခဲ့နော်"

"အေးပါ"

အဲဒီလိုနဲ့ သူတို့ကို ဆီဒိုးနားမှာ ထမင်းစားဖိတ်ခဲ့သည်။ ဒိတ်လုပ်ထားတဲ့ စားပွဲမှာတော့ မန်နေဂျာဆိုသူကိုပဲ တွေ့ရသေးသည်။ သူဌေးမင်းကို စောင့်ရဦးမယ် ထင်ပါရဲ့။

သူတို့ရောက်ပြီး ငါးမိနစ်ကြာမှ သူဌေး ရောက်လာသည်။

အရိပ်ကလေးသည် ထိုလူကိုမြင်မြင်ချင်း သွေးတွေ ပွက်ပွက်ဆူကုန်၏။ မေးကြောတွေ ထောင်လာတာ ပြတ်ထွက်ပြီလားတောင် ထင်ရသည်။





ဦးကျော်ခ။

ရာဇဝင်ရှိခဲ့တဲ့ ဦးကျော်ခ။ အေးလေ ... K.KHA ကုမ္ပဏီဆိုမှတော့ ဦးကျော်ခပဲပေါ့။

မန်နေဂျာက မိတ်ဆက်ပေးသည်။

"ဒါ ကျွန်တော်တို့ Boss ဦးကျော်ခပါ"

"ဦးကျော်ခ"

နော်နီနီဆီက အသံထွက်လာသည်။ ပြီးတော့ အရိပ်ကလေးကို လှည့်ကြည့်၏။

အရိပ်ကလေး မသိမသာ ခေါင်းညိတ်ပြလိုက်သည်။

"တွေ့ရတာ ဝမ်းသာပါတယ် နော်နီနီ"

"ဟုတ်ကဲ့ ... Same to you ပါရှင့်"

သူတို့ ထမင်းစားရင်း အာလာပသလ္လာပပဲ ပြောဖြစ်သည်။ ဒါက အထက်တန်းလွှာရဲ့ ယဉ်ကျေးမှုလေ။ ထမင်းစားပြီးမှ အလုပ်ကိစ္စကို အချိုတည်းရမည်။ အမြည်းသဘောလောက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အချိုပွဲစားရင်းနဲ့ ဦးကျော်ခကေ ...

"ကိုယ်က ညည်းရဲ့သီချင်းတွေကို အရမ်းသဘောကျတာ။ ညည်းအသံကိုရောပေါ့"

"ကျေးဇူးပါပဲရှင်"

"ကိုယ်ကမ်းလှမ်းတာကို သဘောတူတယ်မို့လား"

"ဒီကိစ္စတွေကို နော်နီက အရိပ်ကလေးနဲ့ပဲ လွှဲထားတာဆိုတော့ အရိပ်ကလေးနဲ့ပဲ ဆွေးနွေးနိုင်ပါတယ်ရှင့်"

"လက်ခံတယ် လက်မခံဘူးကတော့ ညည်းဆုံးဖြတ်တာမို့လား"

"ကျွန်မက သိပ်ပြီး ခေါင်းစားမခံနိုင်လို့ သူ့ပဲဆုံးဖြတ်ပေးတာ"

"ကောင်းပြီလေ၊ ဒါဆို သူနဲ့ ကိုယ့်မန်နေဂျာ ညှိပစေပေါ့။ ကျော်စွာ အားလုံးကို လိုက်လျောနော်"

"ဟုတ်ကဲ့ပါ Boss"

"နော်နီနီက ကိုယ့်ရဲ့ခရေဇီပဲ"





"ကျေးဇူးတင်ပါတယ်"

"အော် ... ဒါ ကိုယ့်ကတ်၊ ဘာကိစ္စပဲရှိရှိ အချိန်မရွေး ဆက်လို့ရတယ်"

နော်နီနီက ဘာမှပြန်မပြောဘဲ လှမ်းယူလိုက်သည်။

ဦးကျော်ခကေလည်း ကြောင်ပါးကြီးပါ။ အခြေအနေက ထင်သလောက် မလွယ်မှန်းတော့ သိသည်။

နော်နီနီကိုပဲ သဲသဲမဲမဲ စိတ်ဝင်စားနေသဖြင့် ဘေးက ကောင်ကို စေ့စေ့စပ်စပ်တောင် မကြည့်မိပါ။

နော်နီနီကို တော်တော်ချူယူရပါမည်။ ကောင်မလေးက တော်တော်မိုက်ပါသည်။ အလန်းစား၊ အမှည့်စားလေး။ ပစ်ကျွံမှ ရမည်ထင်သည်။

သိပ်တော့ မခက်ပါ၊ ကျော်ခက အံတိုနေပြီ။ ပြီးတော့ မရ,ရအောင်လည်း ယူတတ်သည်။ ဦးကျော်ခက နော်နီနီကို ဆင်ကြံ့ကြံနေသလို အရိပ်ကလေးကလည်း ...။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



"အရိပ်ကလေး ... နင် ဒီနေ့ ထိန်းနိုင်တာ အရမ်းတော်တယ်"

"မထိန်းလို့ မရဘူးလေ။ ငါ ဒီနေ့ကို စောင့်ခဲ့တာ ဘယ်လောက်ကြာပြီလဲ၊ အပျက်စီးမခံနိုင်ပါဘူး"

"နင် ဘာလုပ်မယ် စိတ်ကူးထားလဲ"

"သူ့အကြောင်း အရင်စုံစမ်းရဦးမယ်၊ ပြီးတော့ ပျော့ကွက်ရှာရမယ်၊ သူ အထိအနာနိုင်ဆုံးကိစ္စကို သေချာအကွက်ချရမယ်"

"ငါ နင်စိတ်ကို သိသင့်လောက်တော့ သိတယ်ဟာ၊ ဒါပေမဲ့ ခွင့်လွှတ်တာကို ဘုရားသခင် ကောင်းချီးပေးတယ်"





"တော် ... မပြောနဲ့၊ ငါ သူ့ကို ဘယ်တော့မှ ခွင့်မလွှတ်ဘူး။ ငါ့အမေတစ်ယောက်လုံး သူ့ကြောင့်သေရတာ"

"ငါက နင် စိတ်ဖြေနိုင်အောင် ပြောတာပါ"

"မပြောနဲ့၊ ငါ ဦးကျော်ခအပေါ် ကမ္ဘာမကြေဘူး။ ချေမှာ။ သူ့အသည်းတွေ မွမွကြေသွားအောင်ကို ချေမှာ"

ထိုအချိန်မှစပြီး အရိပ်ကလေးတစ်ယောက် ဦးကျော်ခအကြောင်းကို သဲကြီးမဲကြီး စုံစမ်းပါတော့သည်။

ဦးကျော်ခက နာမည်ကြီး အထင်ကရသူဌေးကြီးတစ်ယောက် ဖြစ်နေ၍ စုံစမ်းရတာ အင်မတန်လွယ်နေပါသည်။

ဦးကျော်မှာ သားတစ်ယောက်၊ သမီးတစ်ယောက်ရှိတာ သူ သိထားပြီးသားပါ။ ဦးကျော်ခသားနဲ့ သူကရွယ်တူ။ ဦးကျော်ခ သမီးက သူ့ထက် သုံးနှစ်ခန့်ကြီးပါသည်။

ဦးကျော်ခသားနဲ့ သမီးအကြောင်းပါ စုံစမ်းရပါသည်။ ဦးကျော်ခသားက နိုင်ငံခြားမှာ ကျောင်းတက်နေသတဲ့။ ဦးကျော်ခသမီးက ဒီမှာဆိုပဲ။ ကိုယ်ပိုင်စီးပွားရေး လုပ်နေသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ခက သားနဲ့သမီးကို အရမ်းချစ်သတဲ့။ ဒါက ပျော့ကွက်များ ဖြစ်နေမလား။

သူသည် ဦးကျော်ခထံ ဘယ်လိုဝင်ရမလဲ ဆိုတာကို သေသေချာချာ စဉ်းစားရပါသည်။

ချွတ်ချော်လို့ မဖြစ်ဘူးလေ။

ဦးကျော်ခနဲ့ ပြန်တွေ့တာကို အဖေ့ကိုတောင် မပြောရသေးပါ။ အဖေ စိတ်လှုပ်ရှားမှာစိုး၍ မပြောဖြစ်။

အဖေ့ကိုပြောလိုက်ရင် အဖေအရမ်းပေါက်ကွဲသွားပြီး ဦးကျော်ခကို ပြဿနာသွားရှာနေမှာစိုး၍ပါ။ အဲဒါဆို သူ့အစီအစဉ်တွေ ပျက်ကုန်မှာလေ။

ဦးကျော်ခကို ပြန်တွေ့ပြီးမှ အရိပ်ကလေးရင်ထဲက အတေးအမှတ်တွေ ပိုပြီးအုံကြွလာ၏။ နာကြည်းချက်တွေ ပိုပြီးပြင်းထန်လာ၏။ ည,ညဆို အမေ့ကို အိပ်မက်တွေ မက်လာ၏။

သူတို့မိသားစုရဲ့ပိုက်ဆံတွေကို လိမ်သွားပြီး ကောင်းစားနေတဲ့သူ။





သူ မိခင်မဲ့နေချိန်မှာ ဦးကျော်ခ သားသမီးတွေက မိဘစုံညီနဲ့ နွေးထွေးနေမှာ။ သူ တက္ကစီဆွဲ၊ စားသောက်ဆိုင်မှာ သီချင်းဆိုနဲ့ ဘဝခါးပြတ်နေချိန်တွေမှာ ဦးကျော်ခ သားသမီးတွေကတော့ နိုင်ငံခြားမှာ ကျောင်းတက်ရတာနဲ့၊ ကိုယ်ပိုင်စီးပွားရေးလုပ်ရတာနဲ့၊ ကောင်းစားနေလိုက်ကြတာ။

ဦးကျော်ခကို မုန်းသလို သူ့သားသမီးတွေကိုပါ မုန်းသည်။ အဖေ အရက်သမားကြီး ဖြစ်နေချိန်မှာ ဦးကျော်ခကတော့ သူဌေးကြီးအဖြစ် လူရာတွေဝင်ဆံ့လို့။

ထိုနေရာလည်း K.KHA ကုမ္ပဏီ။ ဒီနေရာမှာလည်း K.KHA ကုမ္ပဏီနှင့် လုပ်ငန်းမျိုးစုံကို စပွန်ဆာတွေပေးပြီး နေရာယူနေတဲ့ ဦးကျော်ခကို ကောင်းကောင်းတုံ့ပြန်ရမည်။

မင်းသားခေါင်းဆောင်းထားတဲ့ အသည်းနှလုံးကို ဖောက်ထုတ်ရမှ ကျေနပ်မည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ခသမီးနာမည်က ရတုကျော်ခတဲ့။ 4F ဆိုတဲ့နာမည်နဲ့ လုပ်ငန်းတွေလုပ်တယ်။ F4 မင်းသားရဲ့ ပရိသတ်တွေလား မသိပါဘူး။

သူမတို့အဖွဲ့ကို သူ ကောင်းကောင်းသိပါသည်။ သူမတို့ထဲက တစ်ယောက်ရဲ့မွေးနေ့မှာ သီချင်းသွားဆိုဖူးသေးတာပဲ။ ပြီးတော့ သူမတို့ကို နော်နီ ရှိုးပွဲတိုင်းမှာ တွေ့တွေ့နေရတာပဲ။ တကယ်တော့ သူ့အတွက် ကံတရားက အခွင့်အရေးကို နီးနီးလေးမှာ ချထားပေးခဲ့တာပဲ။

ရတုကျော်ခ၊ မင်းက ဦးကျော်ခရဲ့ အသည်းနှလုံးဖြစ်နေခဲ့တာကိုတော့ စိတ်မကောင်းပါဘူး။ ငါက ဦးကျော်ခရဲ့ အသည်းနှလုံးကိုမှ ဖောက်ထုတ်ဖို့ စဉ်းစားထားတဲ့သူလေ။





ရတုကျော်ခက သူနဲ့မျက်မှန်းတန်းမိပြီးသားဖြစ်၍ ဝင်ရထွက်ရ လွယ်မှာပါ။

ဒါဟာ ကံတရားကပေးတဲ့ တရားမျှတခြင်းပဲလို့ သူ ခံယူထားသည်။

သူ့မှာ ငွေမရှိ။ ဂုဏ်မရှိ။ ပညာဆိုလို့လည်း အဝေးသင်ဘွဲ့လက်မှတ်ကလေးပဲရှိ၏။

ဒီလက်မှတ်ကလေးနဲ့ ဦးကျော်ခရဲ့ကုမ္ပဏီကို ချဉ်းကပ်ဖို့မလွယ်။ ဒီတော့ သူ့ရဲ့ပစ်မှတ်က ရတုကျော်ခပဲ ရှိတော့သည်။

သူက အပြစ်မရှိတဲ့ ရတုကျော်ခ အပေါ် လက်တုံ့ပြန်တာ မတရားဘူး ဆိုရင်တောင် ဦးကျော်ခကြောင့် ဆုံးရှုံးခဲ့ရတဲ့ အမေ့အသက်လောက်တော့ တန်ဖိုးမရှိသေးပါဘူး။

သူ့ရဲ့လက်တုံ့ပြန်ခြင်းဟာ သူတို့အပေါ် ယုတ်မာသွားတာကို မိမယ်မထင်ပါဘူး။

သေချာဆုံးဖြတ်ပြီးသွားတော့ နော်နီနီက ...



www.burmeseclassic.com

www.burmeseclassic.com



“နင် သူတို့ကို လက်စားချေတာလည်း ချေတာပေါ့ဟာ။ ဒါပေမဲ့ အလုပ်ကိုလည်း လုပ်ဦးနော်။ နင်တို့စားဝတ်နေရေး က ရှိသေးတယ်”

“ငါသိပါတယ်”

“ပြီးတော့ တကယ်အပြစ်ရှိတာက ဦးကျော်ခနော်။ သူ့ မိသားစု မဟုတ်ဘူး”

“သူ့မိသားစုက မလုပ်ခဲ့ပေမဲ့ စံစားနေကြတယ်လေ။ ဒါ အပြစ်ပဲပေါ့။ စံစားထားရင်တော့ ခံရမှာပေါ့”

“နင့်ကိုတော့ ဘယ်လိုမှ ပြောလို့မရတော့ဘူး”

“မရဘူး၊ ငါ့အမေအတွက် ငါလက်စားချေကို ချေရမယ်၊ ငါ အရမ်းမုန်းတယ်၊ ဦးကျော်ခကိုရော၊ ဦးကျော်ခရဲ့မိသားစု ကိုရော မုန်းတယ်”

“နင်ကလည်းဟယ်၊ ကောင်းမြင်ဝါဒနဲ့တွေးပြီး စိတ်သက် သာရာမရှာဘဲ ဘာလို့ ဒီလောက် နာကြည်းစရာတွေကိုပဲ တွေးနေရတာလဲ။ တကယ်ဆို နင့်အမေက ရောဂါအခံရှိ တာလည်း ပါပါတယ်”





“ဘယ်လောက်ပဲ ရောဂါရှိရှိ သူသာမယုတ်မာခဲ့ရင် စော စောစီးစီး သေမှာမဟုတ်ဘူးဟ။ ငါ့အမေဟာ သူ့ကြောင့်။ ငါတို့သားအဖ ရင်ကွဲရသလို သူတို့မိသားစုလည်း ရင်ကွဲ ပက်လက်ဖြစ်မှ ငါ ကျေနပ်မယ်”

“အရိပ်ကလေးရယ်”

နော်နီသည် အမုန်းတရားတွေနဲ့ အစွန်းရောက်နေ သော အရိပ်ကလေးကိုကြည့်ကာ သနားနေမိသည်။

ပုံမှန်ဆိုရင် အရိပ်ကလေးက တကယ်စိတ်ထား ပြည့်ဝသူပါ။ ခုတော့ အာဃာတမီးတွေ အလျှံညီးညီးနဲ့ ဘီလူး တစ်ယောက်လို ဖြစ်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရတုထိုင်တာများသော ကိတ်မုန့်တိုက်လေးထဲကို ရတုရှိတဲ့ အချိန်မှာပဲ အရိပ်ကလေး ဝင်လာခဲ့သည်။

ရတုကတော့ ကောင်တာမှာ ဖုန်းပြောနေသည်။

အရောင်းဝန်ထမ်းမလေးတစ်ယောက်က သူ့နားလာရပ်၍ ...

"ဘာအလိုရှိပါသလဲရှင်"

"မိန်းကလေးတစ်ယောက်ကို လက်ဆောင်ပေးဖို့ကိတ်"

"ဟို ... ဘယ်လိုအနေအထား၊ ဘယ်လိုသဘောမျိုးနဲ့ ပေးချင်တာလဲရှင်"

"ပေးချင်တာတော့ မပြောတတ်သေးဘူး၊ ဘယ်လို အမျိုး အစားတွေရှိလဲ မသိဘူး"





"ဒါဆို ခဏထိုင်ပါဦးရှင့်။ ကျွန်မ မီနူးလ်ယူပြီး ရှင်းပြပါ့မယ်"

"အိုခေ"

အရိပ်ကလေးက ကားသော့ကို ကစားရင်း ရတုကျော်ခကို စိုက်ကြည့်နေလိုက်သည်။ ခဏနေတော့ ရတုကျော်ခ သူ့ကို မြင်သွားသည်။

"အရိပ်ကလေး"

သူမနှုတ်ခမ်း လှုပ်သွားရုံပေမယ့် သူ့နာမည်ကို ရွတ်လိုက်တယ်ဆိုတာတော့ သိသည်။ သူ ဆက်ပြီးစိုက်ကြည့် နေလိုက်သည်။

အရောင်းဝန်ထမ်းကောင်မလေး အနားရောက်လာပြီး မီနူးကတ်ကိုချကာ ရှင်းပြတော့ ရတုကျော်ခ အနားရောက် လာသည်။

"မေသွင် ... မမ ရှင်းပြလိုက်မယ်"

"ဟုတ်ကဲ့ ... မမ"



www.burmeseclassic.com

www.burmeseclassic.com



အရောင်းကောင်မလေး ထွက်သွားတော့ ...

"အရိပ်ကလေး တို့ကို မှတ်မိလား"

"မှတ်မိတယ်၊ မွေးနေ့ပွဲမှာ ဆုံဖူးတယ်နော်"

"ဟုတ်တယ်၊ အရိပ်ကလေး မှတ်မိနေလို့ ဝမ်းသာလိုက်တာ"

"မရတုကျော်ခက ကျွန်တော့်ထက် ကြီးမယ်ထင်တယ်"

"သူ့ကိုယ်သူ ငယ်တယ်၊ နုတယ်ပေါ့လေ"

"မ,လို့ပဲ ခေါ်မယ်နော်"

"ကြိုက်သလိုခေါ်ပါရှင်"

"တကယ်လား"

"အရိပ်ကလေးကို အေးတယ်ထင်တာ။ သွက်သားပဲ"

"ဟုတ်လား"

"ကဲပါ ... ကိတ်တွေအကြောင်း ရှင်းပြမယ်လေ။ အရိပ်ကလေးက ဘာကိတ်လိုချင်တာလဲ"

"မိန်းကလေးတစ်ယောက်ကို လက်ဆောင်ပေးဖို့ဗျ"





"ဟင်"

ရတု မျက်နှာပျက်သွားသည်။

"မိန်းကလေး"

"ဟုတ်ကဲ့"

ရတုရင်ထဲ လှစ်ခနဲ ဟာသွားသည်။ ဒါပေမဲ့ ဟန်လုပ်ပြီးကာ ...

"ရီးရီးလား၊ ဆန်းဆန်းလား"

"ဗျာ"

"ဪ ... ရီးရီးသူငယ်ချင်းလား၊ ရည်းစားလားလို့"

"ဘာမှတော့ မဟုတ်သေးဘူး။ သူငယ်ချင်းလည်း မဟုတ်ဘူး။ ရည်းစားဖြစ်ချင်နေတယ်လို့ပြောရင် မှန်မလားပဲ။ ကျွန်တော်က သူ့ကို ကြိုက်နေတာ။ သူနဲ့ကျွန်တော်က သိရုံပဲ"

"ဪ"

"အဲဒါ ဘယ်လိုလက်ဆောင်မျိုးပေးရင် ကောင်းမလဲလို့"



www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့ သိတော့ သိတယ်ပေါ့"

"သိရုံပဲ"

"သူငယ်ချင်း အရင်ဖြစ်ချင်ရင်တော့ ခင်မင်မှုအထိမ်းအမှတ်ကိတ်ကို အရင်လက်ဆောင်ပေးလိုက်ပေါ့"

"ကျွန်တော်က သူငယ်ချင်းဖြစ်ချင်တာလည်း မဟုတ်ဘူး။ ချစ်သူရည်းစားပဲ ဖြစ်ချင်တာ"

ရတုသည် မျက်နှာမပျက်အောင် မနည်းဟန်လုပ်ထိန်းထားရသည်။

"ဒါဆို ကိတ်အမျိုးအစားတွေအကြောင်း ရှင်းပြမယ်နော်"

မီနူးဖွင့်ပြီး တစ်မျိုးပြီးတစ်မျိုး ရှင်းပြသည်။ အရိုင်ကလေးက ကိတ်တွေအကြောင်း စိတ်မဝင်စား။ သူစိတ်ဝင်စားတာက ရတုကျော်ခ။ သူသိပ်မုန်းတဲ့ ဦးကျော်ခရဲ့သမီး ရတုကျော်ခ။ သူ ရာဇဝင်ကြွေးဆပ်ရမယ့် ရန်သူ။

"အရိုင်ကလေး ဘယ်ကိတ်ကို စိတ်ဝင်စားလဲဟင်"

"ဟင် ... မသိဘူး၊ မ,ပဲ အကြံပေးပါလား"





"Love package ပဲ သုံးမလား"

"ဟုတ်ကဲ့ ... Love package တဲ့လား"

"ဟုတ်တယ်၊ အရင်ဆုံး Propose လုပ်တဲ့ ကိတ်ကလေး ပေးလိုက်ပေါ့"

"ကောင်းသားပဲ၊ မြန်မြန် Propose လုပ်နိုင်တာ ကောင်းတာပေါ့"

"ဒါဆို ဘောက်ချာဖွင့်လိုက်တော့မယ်နော်"

"ဟုတ်ကဲ့"

"ပို့ပေးရမလား။ အရိုင်ကလေး လာယူမှာလား"

✧❤✧



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် လာယူမယ်"

ဟု ဆိုကာ Propose ကိတ်မှာသွားသော အရိပ်ကလေးရဲ့ကျောပြင်ကိုကြည့်ကာ ရတု ဝမ်းနည်းနေသလိုလို ရင်ထဲမကောင်းဘဲ ငိုချင်နေမိသည်။

ကြွေပြီ။ ဆွေးပြီ။ အရိပ်ကလေးကို ဖုန်းထပ်ပြီး မဆက်ချင်တော့။ ဒါပေမဲ့ သူမ နေနိုင်ပါ့မလား။

အရိပ်ကလေးရဲ့ အသံကိုတော့ ကြားချင်ပါသေးရဲ့။

သူငယ်ချင်းတွေဆီ ဖုန်းဆက်ကာ အခြေအနေကို ချက်ချင်းသတင်းပို့လိုက်သည်။





"ကောင်းပါတယ်၊ နင် ရောဂါမရင့်ခင် ဆေးကုခံလိုက်ရတော့ ခံစားရ သက်သာတာပေါ့ အတုရယ်"

"ငါ့ရောဂါက ရင့်နေပြီထင်တယ်ဟ"

"တကယ်"

"ဟုတ်တယ်၊ ငါ အခုအရမ်းငိုချင်နေတယ်"

"ငိုချင်ငိုလိုက်၊ ဒါမှ ပေါ့သွားမှာဟ။ ငိုပြီးရင်တော့ မေ့လိုက်တော့"

"ခုချိန်မှာ ငါ ဒီကိတ်မုန့်ဆိုင်ဖွင့်မိတာကို ကောင်းကောင်း နောင်တရတယ်ဟ၊ ခု ကိုယ်ချစ်တဲ့သူရဲ့ အသည်းနှလုံးကို ကိုယ်ကိုယ်တိုင် သူများကို အလှူပေးရသလို ခံစားရတယ်"

"အဲလို မတွေးရဘူး။ နင် ဒီကိတ်မုန့်ဆိုင် ဖွင့်ထားလို့ အရိပ်ကလေးမှာ ကောင်မလေးရှိတာ သိခွင့်ရတာ။ မဟုတ်ရင် နင် ဘာမသိ ညာမသိနဲ့ ဖုန်းတွေဆက်နေမှာလေ"

"အဲဒါလည်း ဟုတ်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ ... ငါတို့အားလုံး ဆိုင်ကထွက်ပြီးတော့ နင့်အိမ်မှာ လူစုကြစို့။ နင့်နားမှာ လာနေပေးကြမယ်ဟာ"

"ကျေးဇူးပါပဲဟာ"

ပထမက ကိုယ့်ကိုယ်ကိုယ် အားတင်းနိုင်သေးသည်။ အားပေးမယ့် သူငယ်ချင်းတွေရှိမှ ပိုဆိုးသွားသည်။ လေသံက ပျော့စိသွားကာ အားမရှိသလို၊ ထမင်းနနစ်ရက် မစားရတဲ့အသံလိုလို ဖြစ်နေသည်။

ဆိုင်မှာ မှာစရာရှိတာမှာပြီး အိမ်ပြန်ခဲ့လိုက်သည်။ သူငယ်ချင်းတွေလည်း တစ်ယောက်ပြီးတစ်ယောက် ရောက်လာကာ သူမအခန်းထဲမှာ တံခါးပိတ်ဆွေးနွေးပွဲ ကျင်းပကြသည်။

"နင် တကယ် feel ဖြစ်နေတယ်လား၊ ငါတို့က နင်အပျော်လုပ်နေတယ် ထင်လို့"

"ငါလည်း ပထမက အပျော်ဆိုပြီး။ အခု ဘယ်လိုမှ ခံနိုင်ရည်မရှိဘူး ဖြစ်နေတယ်"

"နင် ဖုန်းထပ်ဆက်ဦးမလား"





ရတုမျက်နှာ မှိုင်းရင့်ညိုမည်းသွားကာ ...

"ငါမဆက်ချင်တော့ဘူး။ ဒါပေမဲ့ သူ့ရဲ့အသံကိုလည်း ကြားချင်တယ်။ ဖုန်းဆက်ရမှာကိုလည်း လိပ်ပြာမလုံဘူး"

"အတုကလည်းဟာ ဟိုက Propose တောင် မလုပ်ရသေးဘူး၊ စိတ်ဓာတ်မကျပါနဲ့"

"ဟဲ့ ... သွဲ့၊ နင် လျှောက်မြှောက်ပေးမနေနဲ့၊ အတုနဲ့ အရိပ်ကလေးက လိုက်ဖက်မှုမရှိဘူး။ အခြေအနေတွေက သိတဲ့အတိုင်း"

"ဟုတ်တယ်၊ ငါ့အထင် ပြောရရင်လည်း ဒီကိစ္စကို တားချင်တယ်။ နင့်အဖေအကြောင်းလည်း သိသားနဲ့ အတုရယ်"

သူငယ်ချင်းတွေတားမှ ရတုက ပိုပြီးရှေ့တိုးချင်နေသည်။ အစကတော့ နည်းနည်းလေး စိတ်ဝင်စားလို့ အပျော်တတ်လမ်းစခဲ့ရ၊ ခုတော့ ကိုယ့်အတတ်ကိုယ်စူးပြီး ရူးရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အရိပ်ကလေးနဲ့ အနီးကပ်စကားပြောကြည့်တော့လည်း အရိပ်ကလေးက စကားပြောလို့ အဆင်ပြေပြေပြစ်ပြစ်ကလေးပါ။

ပြေပြစ်ရုံတောင် မကပါဘူး။ ဆွဲဆောင်မှုကလည်း အပြည့်။

"ငါ တကယ်ငြိသွားပြီ ထင်တယ်ဟာ"

"အဲဒါ တကယ်ရှော့ခ်နော်။ နင့်အဖေအကြောင်းလည်း နင်သိတဲ့အတိုင်းပဲလေ။ နင့်အဖေ လုံးဝသဘောတူမှာ မဟုတ်ဘူး"

"ဖေဖေ့ကိစ္စ ထားပါဦးဟယ်၊ အရိပ်ကလေးရဲ့ Propose ကိတ်ကိစ္စက ပိုအရေးကြီးတယ်၊ ဖေဖေ သဘောတူဖို့ မပြောနဲ့ သူ ငါ့ကို စိတ်ဝင်စားဖို့တောင် ဝေးနေပြီ"

"ဟုတ်တယ်နော်၊ အရိပ်ကလေး အတုကို စိတ်မဝင်စားရင် ကိစ္စက ပြတ်သွားပြီ၊ သူ့အဖေဆီကို မရောက်တော့ဘူး"





"အတု သေချာတော့ စဉ်းစားနော်၊ နင် အရိပ်ကလေး အကြောင်း ဘာမှမသိဘူး။ အရိပ်ကလေးရဲ့ဒီဇိုင်းကိုကြည့်ရင် သူ့အခြေအနေကို မှန်းလို့ရတာပဲ။ သူ့ပုံစံကြည့်ရတာ ခပ်လန်းလန်းထဲကတော့ မဟုတ်ဘူး"

ရတုကတော့ အရိပ်ကလေး ဘာပဲဖြစ်နေနေ စိတ်မပျက်ဘူး။ တကယ်လိုတာ အချစ်ပဲလေ။ ငွေဆိုတာ ပကာသနဆိုတာတွေက အချိန်မရွေး လုပ်ယူဖန်တီးလို့ ရတာပဲလေ။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းကျတော့ အရိပ်ကလေးက ကိတ်မုန့်ကို လာမယူခဲ့ပါ။

ရတုက သူ မုန့်လာယူရင် ကိုယ်တိုင်ပေးဖို့အတွက် အလှဆုံး ပြင်ဆင်ပြီး စောင့်နေခဲ့၏။

ဒါပေမဲ့ ဖုန်းပဲဝင်လာခဲ့သည်။ ဖုန်းကလည်း ရတု ဆီဆက်တာတော့ မဟုတ်ပါ။

"ဟဲလို"

"ဪ ... ကျွန်တော် propose ကိတ်မှာသွားတဲ့ အရိပ်ကလေးပါ"

"ဟုတ်ကဲ့ ... လာယူလို့ ရပါပြီ"

"မယူတော့ဘူးခင်ဗျ"





"ရှင်"

"အဲဒီကိတ်က မရတုကျော်ခကို ပေးဖို့အပ်ခဲ့တာပါ။ မရတုကျော်ခကိုပဲ ပေးပေးပါခင်ဗျာ"

ပြောပြီးတာနဲ့ ဖုန်းချသွားသည်။ ရတုသည် တစ်ကိုယ်လုံး လေထဲမြောက်တက်သွားသလို ခံစားလိုက်ရ၏။ ရတုကိုယ်တိုင်ရွေးပေးလိုက်တဲ့ ကိတ်ကလေးက ရတုဖို့တဲ့လေ။ ကံကြမ္မာက သာသာယာယာလေး လှည့်ကွက်သုံးသွားသည်ပဲ။

ကိတ်မုန့်ကလေးကို တစိမ့်စိမ့် စိုက်ကြည့်ရင်းရင်က တငြိမ့်ငြိမ့် ခုန်လာခဲ့သည်။

သေချာအောင်လို့ ဆိုင်ကဝန်ထမ်းတစ်ယောက်ကို အရိပ်ကလေးဆီ ဖုန်းဆက်ခိုင်းလိုက်သည်။

ကိတ်မုန့် လာယူလို့ရကြောင်း ပြောခိုင်းတာပါ။ ဒါပေမဲ့ ပြန်ပေးတဲ့အဖြေက ရတု ကြားလိုက်ရတဲ့စကားအတိုင်းပါပဲ။ သတင်းက ဆိုင်ထဲမှာ ချက်ချင်းပျံ့သွားသည်။ လက်တို့ပြောကြတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



သချောပြီဆိုမှ ရတု သူငယ်ချင်းတွေဆီ ဖုန်းဆက်လိုက်သည်။ သူတို့အားလုံး ဆိုင်ကို ချက်ချင်းရောက်လာကြသည်။ ကိတ်မုန့်ကလေးကိုကြည့်ရင်း အံ့ဩနေကြသည်။

ရတုကတော့ ပျော်နေသည်။ သူငယ်ချင်းတွေလည်း ပျော်နေကြသည်။

"ရတု ... ရှင် သချာလေ့လာပါဦးလား"

"ငါ မလေ့လာနိုင်တော့ဘူး"

"ဟင်း ... မိန်းမ"

ရတုကို ဝိုင်းထုကြသည်။

✧ ❤ ✧





နောက်တစ်ခါ သူရောက်လာတော့ ရတုဆိုင်မှာမရှိပါ။ သူက love packeage ထဲက နံပါတ်နှစ်ကိတ်ဖြစ်သော အဖြေတောင်းသည့် ကိတ်ကလေးမှာကာ ရတုအတွက်ဟု ပြောသဖြင့် ဆိုင်ကဝန်ထမ်းတွေတောင် သဘောကျနေခဲ့သည်။

ချစ်ရေးဆိုခံရပြီ ဆိုရင်တော့ အဖြေတောင်းခံရမှာပဲလေ။ ရတုမှာ ပေးစရာအဖြေက အဆင်သင့်ရှိပြီးသားပါ။ ပေမဲ့ ချက်ချင်းကြီး ပေးလို့တော့ ဘယ်ဖြစ်ပါ့မလဲနော်။ မူတာမဟုတ်ပါဘူး။ ဣန္ဒြေဆည်သည့် သဘောပါ။

ကိုယ့်ဆိုင်က ကိုယ့်အိုင်ဒီယာနဲ့ ဖန်တီးထားတဲ့ ကိတ်မုန့်ကလေး။ တစ်နည်းပြောရရင် ကိုယ့်ဖန်တီးမှုနဲ့ ကိုယ့်ကို ပြန်ပြီး ချည်နှောင်ဖို့ ကြိုးစားတဲ့ အထိမ်းအမှတ် ဆိုရင်လည်း မမှားပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ...

ကိတ်မုန့်ဆိုတဲ့အရာက သိမ်းထားလို့ရတဲ့ အရာတော့ မဟုတ်။ ချိုမြိန်စွာ စားသုံးရတဲ့ အရသာလေး။ ကိတ်မုန့်စားရတယ်လို့ မထင်ရဘဲ ချစ်ခြင်းမေတ္တာကို စားသုံးနေရတယ်လို့ ထင်မြင်ခံစားစေသော အရသာမျိုးလေ။ လျှာဖျားက ခံစားရသော အရသာမျိုး မဟုတ်ဘဲ နှလုံးသားနဲ့ ခံစားရတဲ့ အရသာမျိုးပါ။

ထို့ကြောင့် သူမက ကိတ်မုန့်လေးကို ရှုထောင့်ပေါင်းစုံကနေ ဓာတ်ပုံရိုက်ပြီး နေ့စွဲလေး တပ်ထားလိုက်သည်။

သတိရရင် ပြန်ကြည့်လို့ ရအောင်ပေါ့။ ပြီးတော့ ကိတ်မုန့်ကလေးကို တစ်ယောက်တည်း စားဖြစ်တယ်။ ဒီလိုကိတ်ကလေးက တခြားသူကို ကျွေးလို့မရဘူးလေ။ အချစ်ဆိုတာ Share လုပ်ပို့ရတဲ့အရာမှ မဟုတ်တာ။

အရိပ်ကလေးကို သူမ ဖုန်းဆက်တုန်းက နံပါတ်အသစ် တစ်ခုဝယ်ပြီး သီးသန့်ဆက်တာမို့လို့ တော်သေးသည်။





ထိုဖုန်းကို သူမလုံးဝမသုံးရသေး။ အရိပ်ကလေးတစ်ယောက်တည်းကိုပဲ ဆက်ထားတာ။ ဘာလို့လဲဆိုတော့ အရိပ်ကလေး ပြန်စုံစမ်းရင် အလွယ်တကူ သိမှာစိုးလို့။ သူမကိုင်နေကျဖုန်းနဲ့ဆို သူမကို သိသွားမှာ စိုးလို့လေ။

အခုတော့ သူမ လုပ်ခဲ့တာ အရမ်းမှန်သွားသည်။

အရိပ်ကလေးက သူမကို သဘောကျတော့ သူမဖုန်းကို စုံစမ်းပြီး ဖုန်းဆက်လာသည်။ သူမကိုင်နေကျဖုန်းကို ဆက်တာပါ။ သူ့ကို သူမ ဆက်ခဲ့တဲ့ နံပါတ်ကိုတော့ သူ လုံးဝမသိ။ သူ့ကို သူမ ဖုန်းဆက်နေတာကိုလည်းမသိ။

သူမအတွက် အခုတလော ရာသီဥတုတွေ အရမ်းသာယာနေသည်။

သူမ နေ့တိုင်းလည်း သူ့ဆီ ဖုန်းဆက်မြဲပါ။ သူကတော့ မပြောချင်သလိုလိုနဲ့ လိုတိုရှင်းပဲ လက်ခံပြောမြဲပါ။

ဒါပေမဲ့ သူ သူမဆီ ဖုန်းဆက်ရင်တော့ တော်လ်ကီတွေ ရွှန်းရွှန်းဝေကာ မ,ချင်းထပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကိုလည်း ခဏ ခဏ ရောက်လာတတ်သည်။ ဒါပေမဲ့ ကြာကြာတော့မနေ။ လာတိုင်းလည်း အဖြေတောင်းတဲ့ နံပါတ်နှစ်ကိတ်ကိုမှာပြီး ပြန်သွားတတ်သည်။

မကြာခင်မှာ သူနဲ့ သူမ စကားတွေအများကြီးပြောဖြစ်ပါလိမ့်မည်။ ပြီးတော့ သူမတို့ ချစ်သူတွေ ဖြစ်သွားကြလိမ့်မည်။

✧ ❤ ✧





"ဟဲလို"

"ပြော"

"မ, ဘာလုပ်နေတာလဲ"

"စာဖတ်နေတယ်"

"ဒီလောက် အလုပ်ရှုပ်တဲ့ မ,က စာဖတ်ချိန်ရှိတယ်ပေါ့"

"မရှိ,ရှိအောင် လုပ်ရတာပဲလေ။ စာက မဖြစ်မနေ ဖတ်ရမှာပဲလေ။ စာမဖတ်ရင် ကျန်ခဲ့မှာပေါ့"

"မ, အဖြေမပေးသေးဘူးလား"

"တို့ အရိပ်ကလေးအကြောင်း ဘာမှမသိဘူးလေ"

"ချစ်တယ်ဆိုတာ နှလုံးသားထဲက အလိုအလျောက် ပေါ်လာတဲ့ အရာလေ မ,ရဲ့၊ အကြောင်းတရားတွေ လိုသေးလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အိုခေ ... မင်းက ချစ်ရုံကလေး ရည်ရွယ်တယ် ဆိုရင်တော့ ရတာပေါ့"

"ချစ်ရုံကလေးတော့ လုံးဝမဟုတ်ဘူး။ မ,ကို ချစ်ရေးဆိုတာ အရမ်းလေးနက်တယ်။ မ,အချစ်ကိုရဖို့ ကျွန်တော် ဘာပဲလုပ်ရလုပ်ရ လုပ်မိမယ်ထင်တယ်။ မ,သာပြန်မချစ်ရင် ကျွန်တော့်စိတ်တွေလည်း လေသွားနိုင်တယ်။ ကျွန်တော့် ဘဝတစ်ခုလုံး အကြိမ်ကြိမ် ပြိုလဲသေဆုံးသွားနိုင်တယ် မ"

အရိပ်ကလေးရဲ့ အသံက လှိုက်လှဲလေးနက်နေသည်။ နှလုံးသားထဲကလာတဲ့ စကားတွေဆိုတာ သိသာနေသည်။

ရတုကော အရိပ်ကလေးရဲ့စကားတွေကြားပြီး ဝမ်းနည်းဝမ်းသာဖြစ်ကာ မျက်ရည်တွေ လည်လာသည်။

ဒီကောင်လေး ရတုကို တကယ်ချစ်တာပါလား။ ရတုကလည်း ထပ်တူချစ်ခြင်းညီပါတယ် ကောင်လေးရယ်။

"မ"





"ပြောလေ"

"ကျွန်တော့်အကြောင်း သိချင်ရင် ပြောပြမယ်လေ"

"ရပြီ ... မပြောနဲ့တော့"

"ဒါဆို ..."

"တို့ ဖုန်းထဲက အဖြေမပေးချင်ဘူး"

"ဒါဆို မနက်ဖြန် ကျွန်တော်တို့ မ,ဆိုင်မှာပဲ တွေ့မယ်လေ"

"တို့ ကိတ်မုန့်ကလေးတစ်လုံး စီစဉ်ပြီး စောင့်နေမယ်လေ"

"အဖြေပေးမယ့်ကိတ်နော် မ,"

"တွေ့တော့မှ ကြည့်ပေါ့"

"ကျွန်တော် ရင်ခုန်နေမယ်နော် မ,"

"သဘောပဲ"

"မ,ကို ကျွန်တော် အရမ်းချစ်တယ်"

ရတု ရင်တွေခုန်လွန်းလို့ ဖုန်းချလိုက်တယ်၊ ပြီးတော့ ကိတ်မုန့်ပုံကြမ်းလေး လျှောက်ခြစ်ရင်း ပီတိတွေ ဖြာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖျဖျကလေး ပျော်ရွှင်ရတဲ့ အရသာဟာ အချစ်နဲ့ ထိတွေ့ဖူးမှ ခံစားတတ်ကာလေ။

အဲဒီပျော်ရွှင်ရင်ခုန်မှုကြောင့် ရတု တစ်ညလုံးအိပ်မပျော်ဘူး။ အိပ်မပျော်လို့ မဖြစ်သေးဘူးလေ။ ချစ်သူကို အဖြေပေးမယ့်နေ့မှာ မျက်တွင်းဟောက်ပက် ဖြစ်နေလို့မှ မကောင်းတာ။

ရတုမှာတော့ ပျော်နေလိုက်တာ။ အရိုပ်ကလေးက ရတုကို တကယ်ချစ်တာ မဟုတ်ဘဲ လက်စားချေချင်လို့ ကပ်မှန်းသိရင် ရတု ရင်ကွဲနာကျသွားနိုင်သည်။

တစ်ခါတလေကျရင် ကံကြမ္မာကိုယ်တိုင် မလုပ်ခဲ့တဲ့ အမှုအတွက် ကိုယ့်ကို တရားခံဆွဲထည့်တာ ခံရရင် ခံရသူအတွက် တရားရဲ့လား။

ရတုခမျာ အရိုပ်ကလေးကို ချစ်လိုက်တာ။

✧ ❤ ✧





ဒီနေ့ ဆိုင်မှာ နှင်းဆီဖြူတွေ ဖွေးဖွေးလှုနေအောင် ထိုးထားသည်။

ပန်းရောင်နုနု အချစ်သင်္ကေတအသည်းပုံ ကိတ်မုန့်လေးမှာ I Love U ဆိုတဲ့ စာတန်းကလေးကို အဖြူရောင်ခရင်မ်လေးတွေနဲ့ တို့ထားတယ်။ အရမ်းချစ်စရာကောင်းတဲ့ ကိတ်မုန့်ကလေးပါပဲ။

မစားရက်အောင်လှတဲ့ အဖြေပေးမှုကလေးပေါ့။

ဆံပင်နဲ့ မိတ်ကပ်ကိုလည်း ဆိုင်ကိုပြေးပြီး သေချာရှိုင်းထားသေးသည်။

အချစ်သင်္ကေတ ပန်းရောင်နုနု ဂါဝန်ကလေးကလည်း ရတုကို ပိုပြီးချစ်စရာကောင်းနေပါစေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမတို့တစ်ဆိုင်လုံးက ဝန်ထမ်းတွေက သူတို့ဆောဘ်မမရဲ့ ထူးခြားမှုကို သဘောကျနေကြသည်။

မင်းသမီးကတော့ လည်တမော့မော့နဲ့ မျှော်တော်ယောင် ဖြစ်နေပြီ။ မင်းသားက အရိပ်အယောင်မမြင်ရသေး။

ရတုကတော့ နာရီလေး မသိမသာ ခိုးကြည့်ကာ။ ဖုန်းလည်း မဆက်ချင်ဘူးလေ။ အဖြေပေးဖို့ ချိန်းထားတာ အဖြေတောင်းတဲ့သူ မလာလို့ ဖုန်းလှမ်းဆက်ဖို့ဆိုတာ မသင့်တော်ဘူးလေ။ မှုန်းလွဲလာပြီ။

လူလည်းမလာ။ ဖုန်းလည်းမဆက်သေးဘူး။ ညနေသုံးနာရီ။ မနေ့က အချိန်နဲ့ သေချာမချိန်းမိတာကို ကိုယ့်ကိုယ်ကိုယ် အပြစ်တင်နေမိသည်။

အရိပ်ကလေးလိုလူက ကတိဖျက်မဲ့၊ အလေးအနက်မထားတတ်မယ့် ပုံစံမျိုးတော့ မဟုတ်ပါဘူးလေ။

အားတင်းရင်း ဆက်စောင့်နေမိသည်။ လေးနာရီတီးလုံးကလေး မြည်လာပြီ။ ငါးနာရီဆို ဆိုင်ပိတ်တော့မည်။





အချိန်က တစ်နာရီပဲ ကျန်တော့သည်။ ဆိုင်ရဲ့မှန်တံခါးလေး ပွင့်လာသည်။

All black နဲ့ အရိပ်ကလေး။ အသားကဖြူတော့ All black နဲ့ ထင်းနေသည်။

အပြုံးကလေးက ကြည်နေသည်။

"မ"

"အင်း"

"မ,ဆီက အဖြေလာတောင်းဖို့ အင်္ကျီအောင်းဘီ အသစ်ထွက်ဝယ်နေလို့ နောက်ကျသွားတာ။ မ,က ညကမှကပ်ပြီး အဖြေပေးမယ်ပြောတော့ ဘာမှ အဆင်မသင့်တာလေ"

"ဒီတိုင်းလာတော့ ဘာဖြစ်လို့လဲ"

"အရိပ်ကလေးက ရည်းစားရသွားရင် အရင်အရိပ်ကလေး မဟုတ်တော့ဘူးလေ။ အဲဒါကြောင့် အရိပ်ကလေးအသစ်က အဝတ်အစားအသစ်တော့ ဝတ်သင့်တာပေါ့"

"အပိုင်တွက်ထားတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မတွက်ပါဘူး၊ ဒါပေမဲ့ ရင်ဘတ်ချင်းနီးနေတာ၊ သိနေတာ"

ရတုက မျက်စောင်းလှလှလေးထိုးရင်း အဆင်သင့်ပြင်ထားတဲ့ စားပွဲဆီ ခေါ်သွားသည်။ ကိတ်မုန့်လှလှလေးရှိတဲ့ စားပွဲကိုပေါ့။

"မ, ကျွန်တော့်ကို ချစ်လား"

"ဒီမှာလေ၊ ကိတ်ပေးပြီးပြီပဲ"

"တကယ်ချစ်လား၊ ကျွန်တော့်လို မ,ထက်နိမ့်ကျတဲ့ လူတစ်ယောက်ကိုလေ"

"အသက်ရှူတာချင်းတူရင် မင်းက ဘာလို့နိမ့်ရမှာလဲ"

"ကြိုက်သွားပြီကွာ၊ မ,ဆိုင်ပိတ်ပြီးရင် ကျွန်တော်နဲ့လိုက်ခဲ့နော်"

"ဘယ်ကိုလဲ"

"မလိုက်ရဲဘူးလား"

✧ ❤ ✧





အရိပ်ကလေးက ကြိုတင်စီစဉ်ထားသော တိုက်ခန်းတစ်ခုကို သူမကို ခေါ်သွားခဲ့သည်။

"မ, ချစ်လား"

"အင်း"

"လာ"

"လေကားကလည်း မှောင်မည်းနေတာပဲ အရိပ်ကလေးရယ်။ ဘယ်ကိုသွားမလို့လဲ"

"ကျွန်တော့်လက်ကိုကိုင်ပြီး တက်ပါ။ မချော်ကျစေရဘူး"

"ဘယ်သွားမလို့လဲ"

"ခြောက်လွှာ"

"ခြောက်လွှာကြီးတောင် အပေါ်ဆုံးပဲပေါ့၊ ဘာသွားလုပ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မ,ရယ် ... ဘာလို့ လိုက်မေးနေတာလဲ၊ မလိုက်ချင်ရင် မလိုက်နဲ့။ မ, ပြန်တော့"

"အေးပါဟယ် ... လိုက်ပါပြီ၊ စိတ်ကြီးပါ့။ ရည်းစားစဖြစ်တဲ့နေ့ သာသာယာယာရှိတဲ့ နေရာတော့ မသွားဘူး"

အရိပ်ကလေး ဘာမှမပြောဘဲ သူမလက်ကို အတင်းဆွဲကာ အပေါ်ကိုတက်သည်။

ရတုမှာ မောတာရော၊ ညောင်းတာပါပေါင်းပြီး ချွေးတွေ ရွှဲလာသည်။

ခြောက်လွှာရောက်တော့ အရိပ်ကလေးက တံခါးသော့ကို ဖွင့်နေသည်။

"အရိပ်ကလေး ဒီအခန်းက"

"ကျွန်တော့်ကို ယုံတယ်ဆိုရင် လိုက်ခဲ့လေ။ မယုံရင် ပြန်ဆင်းသွားလို့ရတယ်။ ကျွန်တော် မ,ကိုလက်ဖျားနဲ့တောင် မတို့ဘူး"

ရတု ဘာမှမပြောဘဲ သူတံခါးဖွင့်တာကို ကြည့်နေလိုက်သည်။





တံခါးဖွင့်ဖွင့်ချင်း နှင်းဆီရနံ့တွေက မွှေးကြိုင်သင်းပျံ့သွားသည်။

"ဟယ်"

တစ်ခန်းလုံး နှင်းဆီပန်းတွေ ပြည့်နေအောင် ခင်းထားသည်။ နေရာအလွတ်အလပ်မရှိဘဲ နှင်းဆီတွေကို အပွင့်လေးတွေချည်းချွေပြီး အစီအစီ စီထားတာပါ၊ တော်တော်အချိန်ပေးပြီး စီထားပုံပဲ။

အခန်းက အခန်းလွတ်တစ်ခုဖြစ်ကာ ဘာပရိဘောဂမှမရှိ။ နှင်းဆီတွေက လွဲလို့ပေါ့။

ဘာမှမရှိပေမယ့် ခန်းလုံးပြည့် နှင်းဆီကော်ဇောကတော့ ရဲရဲတောက်နေသည်။

အနီရင့်ရောင် နှင်းဆီတွေ။ အရောင်ရော အနံ့ပါရင့်ပေမယ့် နှင်းဆီဆို ဒီလို နီသွေးကျနေမှ ကြိုက်တတ်ကြသည်လေ။

"ဝင်လေ ... မ"



www.burmeseclassic.com

www.burmeseclassic.com



"ပန်းတွေပေါ် နင်းပစ်ရမှာ နှမြောစရာကြီး"

"ဘယ်တတ်နိုင်မလဲ မ,ရယ်၊ ပန်းကော်ဇောကို ကြိုက်ရင်တော့ ပန်းတွေပေါ် နင်းရမှာပေါ့၊ မနင်းရက်ရင် ဒီပန်းကော်ဇောကို ဖယ်ပစ်မှရမယ်"

"ဒီနေ့တစ်နေ့လုံး ပန်းတွေလာစီနေတာလား"

"ဟုတ်တယ်၊ ဒါ ကျွန်တော်ပေးနိုင်တဲ့ လက်ဆောင်ပဲ"

"ခုန လှေကားမှောင်မှောင်ကြီးကို တက်လာရတာတောင် မေ့သွားတယ်။ အရိပ်ကလေးရယ် ... မင်းက တို့ကို တော်တော်ဖမ်းစားနိုင်တာပဲ"

"လာ"

အရိပ်ကလေးက လက်ကမ်းလိုက်၏။ နှင်းဆီပွင့်လေးတွေက နုနုရွရွကလေးတွေ။ တက်နင်းခံရတဲ့ အပွင့်တွေခမျာ ပြားချပ်ကုန်သည်။

ဘာပဲဖြစ်ဖြစ် ရတု ပျော်နေခဲ့ပါသည်။ အရိပ်ကလေးက တံခါးကို သော့ပြန်ခတ်လိုက်သည်။





"ထိုင်လော ... မ,ဆိုဖာဆက်တီ မရှိပေမယ့် နှင်းဆီပွင့်လေးတွေက နူးညံ့မှုကို ပေးမှာပါ"

"မထိုင်ချင်တာ မဟုတ်ဘူး အရိပ်ကလေးရဲ့။ မထိုင်ရက်တာ"

အရိပ်ကလေးက အခန်းမီးတွေ အကုန်လိုက်ဖွင့်လိုက်သည်။ ညနေစောင်းလာပြီလေ။ ညနေခြောက်နာရီဆိုတာ မမှောင်သေးရင်တောင် မလင်းတော့ဘူး။

ရတုက ပန်းပွင့်လေးတစ်ပွင့်ကို ကောက်ယူလိုက်တော့ ကောက်ယူလိုက်တဲ့နေရာမှာ ကွက်လပ်ကလေး ဖြစ်သွားသည်။

"ပြန်ထားလိုက်ပါ မ,ရယ်၊ ကိုယ့်ရဲ့အလိုလောဘအတွက် တစ်နေရာရာမှာ ကွက်လပ်ဖြစ်သွားရင် မကောင်းပါဘူး"

"အရိပ်ကလေး"

"ပြောလေ မ,"

"တစ်ခုလောက် မေးချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"အမှန်အတိုင်း ဖြေမလား"

"မေးပါ"

"နော်နီနီနဲ့ ဘာတော်လဲ"

"အခင်ဆုံးသူငယ်ချင်း"

"ဘာမှမတော်ဘူးပေါ့"

"စကားမစပ် မ,ကို ကျွန်တော် ခိုးလာတာနော်"

"ဟင်"

✧ ❤ ✧





"အရိပ်ကလေး နောက်နေတာလား"

"တကယ်ပြောနေတာ"

"ဟာ"

"ကျွန်တော် မ,ကို လက်ထပ်ဖို့အထိ ရည်ရွယ်ပြီး ချစ်ရေးဆိုခဲ့တာလေ မ,ရဲ့"

"မဟုတ်သေးပါဘူး၊ ခု အဖြေပေး၊ ခုလက်ထပ်ဆိုတာကြီးက။ ဟို … တို့အိမ်ထောင်ပြုဖို့ မရည်ရွယ်သေးဘူး။ ဘာမှလဲ အဆင်သင့် မဖြစ်သေး"

"မ, အသက်ပြည့်ပြီမို့လား"

ရတုက ပြန်မဖြေဘဲ သူ့ကိုကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အသက်ပြည့်ရင် မ,ကို ကျွန်တော် ခိုးလို့ရပြီပေါ့။ မကြောက်ပါနဲ့ မ်,၊ မ,ကို ကျွန်တော် လက်ဖျားနဲ့တောင် မတို့ပါဘူးလို့ ကတိပေးထားသားပဲ"

"မဟုတ်သေးဘူး အရိပ်ကလေးရဲ့"

"အရိပ်ကလေးကို ချစ်တယ်ဆို"

"တို့ အိမ်ပြန်ချင်တယ်"

"ဆောရီးပါ မ,၊ အဲဒီတစ်ခုကလွဲရင် မ,တောင်းဆိုသမျှ လိုက်လျှောပါ့မယ်"

"အရိပ်ကလေး"

"မ,မှာ ဖုန်းပါတယ်မို့လား၊ မ, မကျေနပ်ရင် ကြိုက်သလို လုပ်ပါ။ ကျွန်တော်ကတော့ တံခါးဖွင့်မပေးဘူး"

"မ,တောင်းပန်ပါတယ် အရိပ်ကလေးရယ်၊ တို့တွေ လက်ထပ်ချင်ရင် သေချာစီစဉ်ပြီး လက်ထပ်လို့ ရတာပဲ"

"ကျွန်တော် မစောင့်နိုင်ဘူး၊ မ,ကို ကျွန်တော် ချက်ချင်း ပိုင်ဆိုင်ချင်တာပဲ သိတယ်"





လျှပ်တွေပြက်ကာ မိုးခြိမ်းသံကြားရသည်။ မကြာခင် မိုးရွာတော့မယ်။ ရတု စိတ်ညစ်သွားသည်။

အရိပ်ကလေးကို ချော့ပြောဖို့ အရိပ်ကလေးနားသွားကာ ပခုံးစွန်းကို မှီလိုက်တော့ ...

"မ,ကို ကျွန်တော် လက်ဖျားနဲ့မတို့ဘူးလို့ ကတိပေးထားတယ်လေ၊ ဝေးဝေးနေပါ မ,ရယ်၊ ကျွန်တော် စိတ်မနိုင်ရင် ခက်မယ်"

မိုးက သဲကြီးမဲကြီး ရွာချသည်။ ရတုရင်ထဲမှာလည်း သောကမိုးကြီး အသံတိတ်ရွာနေ၏။

ယုံလွယ်မိတာမှားပြီ။ အရိပ်ကလေးပုံစံက ဘယ်လိုမှ ပြောလို့ရမှာမဟုတ်။

ပြီးတော့ အရိပ်ကလေးကို ကြည့်ရတာလည်း တစ်မျိုးပဲ။ မှားပြီထင်သည်။ ဒါပေမဲ့ ရတု ပြန်မသွားရက်ဘူး။ ဖုန်းတစ်ချက်ဆက်ရုံနဲ့ လွတ်မြောက်သွားနိုင်ပေမယ့်လေ ...။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



ရတုဘဝမှာ ပထမဆုံး ရည်းစားစထားမိတဲ့ နေ့မှာပဲ ခိုးယူပေါင်းသင်းခြင်းကို ခံလိုက်ရတာပါ။

မိုးသံကလွဲလို့ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းတိတ်ဆိတ်သွားချိန်မှာ ရတုဖုန်းက မြည်လာခဲ့သည်။ အိမ်ကဆက်တာပါ။

ရတုဖုန်းကို ပိတ်လိုက်ပါသည်။ ပြီးတော့ အရိုပ်ကလေးကို ပြုံးပြလိုက်သည်။

"ကျေးဇူးတင်ပါတယ် မ"

ပန်းတွေကလွဲလို့ ဘာမှမရှိတဲ့ ဒီအခန်းထဲမှာ တစ်ညလုံး ငုတ်တုတ် မိုးလင်းရတော့မည် ထင်သည်။

စားစရာဆိုလို့ သူမ အဖြေပေးထားတဲ့ ကိတ်မုန့်လေးနဲ့ ရေသန့်တစ်ဘူးပဲရှိသည်။





အဲဒီညက တစ်ညလုံး သူမ အိပ်မပျော်ဘူး။ အရိပ်ကလေးကတော့ နံရံကိုမှီပြီး ထိုင်ရက်နဲ့ အိပ်ပျော်သွားကာ ယောက်တောင် ယောက်နေလိုက်သေးသည်။

ကျောဆန့်ချင်သော်လည်း ပန်းတွေပေါ် လှဲမချရဲပါ။ အောက်ဘက်မှာက တမံသလင်း ခင်ထားတာလေ။ မတော်တဆ အအေးကိုင်ပြီး လေဖြတ်နေဦးမည်။ မလှဲရဲပါ။

သူမရဲ့မင်္ဂလာဦးညက ဒီလိုကြီး ကုန်ဆုံးရပါလားလို့ စဉ်းစားမိတော့ ဝမ်းနည်းလာသည်။ အရိပ်ကလေးက သူ့နားမကပ်နဲ့တဲ့။ ပြောထားပါရက်နဲ့ ကပ်မိရင်လည်း ရှက်စရာ။

ရတုသည် ဒီကောင်လေးကို တကယ်ပဲ လက်ထပ်မှာလားဟု စဉ်းစားမိပြန်သည်။ သူ့အကြောင်း ဘာမှမသိဘဲ လက်ထပ်မှာလား။

ပိုဆိုးတာက ရတုသည် သူ့ကို အပျော်စိတ်ဝင်စားခဲ့တာလို့ထင်သည်။ ထို့ကြောင့် ဖုန်းကိုလည်း အပျော်သဘောဆက်ခဲ့တာပါ။ ရတု သူ့ကို လက်ထပ်ဖို့ စိတ်မကူးခဲ့ပါ။

www.burmeseclassic.com



သူ ရတုကို Propose လုပ်လာတော့မှ ရတုက သူ့ကို ချစ်,မချစ် စဉ်းစားခဲ့တာ။ ရတု သူ့ကို ချစ်တော့ ချစ်ပါသည်။ ဒါပေမဲ့ အချစ်နဲ့ လက်ထပ်ခြင်းက တိုက်ရိုက်အချိုးကျတာမှ မဟုတ်တာလေ။

ခုတော့ အစီအစဉ်မရှိဘဲ အိမ်ထောင်ကျရတော့မည်။ မဟုတ်သေးပါဘူး။ ရတုရဲ့အိမ်ထောင်ဦးစီးနေရာက ဒီကောင်လေးနဲ့ မသင့်တော်ပါဘူး။ ဖုန်းကိုပြန်ဖွင့်လိုက်ပြန်သည်။ ဖုန်းဖွင့်လိုက်တာနဲ့ အိမ်ကဖုန်းက တန်းဝင်လာသည်။

ဖုန်းမြည်သံကြောင့် အရိပ်ကလေးလည်း နိုးသွားသည်။ ရတုသည် ဖုန်းကိုကိုင်ရကောင်းနိုး၊ ပိတ်ရကောင်းနိုးဖြစ်နေသည်။ အရိပ်ကလေးက ရတုကို ကြည့်နေသည်။ ရတုသည် အရိပ်ကလေးရဲ့မျက်ဝန်းဒဏ်ကို ခံနိုင်ရည်မရှိပါ။ အဆက်မပြတ်ရမည်နေသောဖုန်းကို အရိပ်ကလေးက ဆွဲယူကာ ဘက်ထရီထုတ်ပစ်လိုက်သည်။

"မပြန်ဘူးမို့လား"





"အရိပ်ကလေး"

"ပြော မ,"

"သေချာ ပြန်စဉ်းစားပါဦး"

"အကြိမ်ကြိမ် စဉ်းစားခဲ့ပြီးပါပြီ မ,"

"တို့နှစ်ယောက် တစ်ယောက်အကြောင်း တစ်ယောက်ဘာမှမသိသေးဘဲ ဖြုန်းစားကြီး ဘဝတစ်ခု ထူထောင်ကြမယ်ဆိုတော့"

"ကျွန်တော် မ,အကြောင်း ကောင်းကောင်းသိပါတယ်"

"ဘယ်လို"

"ဟုတ်တယ်၊ မ,အကြောင်း ကျွန်တော်သိလို့ လက်ထပ်ချင်ခဲ့တာ"

"မင်း … အရိပ်ကလေး၊ တို့ မင်းကို မထင်ချင်ဘူးနော်"

"မ, တစ်နေ့ နားလည်လာမှာပါ"

ရတုသည် ရင်ထဲမှာ တစ်မျိုးကြီး ခံစားရသည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ တစ်ညတာကို ငုတ်တုတ်မိုးလင်းလိုက်ရသည်။

မနက်မိုးလင်းတော့ အရိပ်ကလေးက သူ့ဖုန်းကိုဖွင့်လိုက်သည်။ မကြာခင်ပဲ အရိပ်ကလေးဖုန်း မြည်လာသည်။ နော်ဒီဆက်တာပါ။

"အရိပ်ကလေး"

"အေး"

"အဆင်ပြေလား"

"ပြေတယ်"

"ငါ့ဆီကို သူ့သူငယ်ချင်းတွေ ဖုန်းဆက်သေးတယ်။ ငါ မသိဘူးလို့ပဲ ပြောလိုက်တယ်"





"အင်း"

"နင် အခု ဘာဆက်လုပ်မှာလဲ"

"ဒီမှာက ဘာမှမရှိဘူးဆိုတော့ တစ်နေရာရာ ရွှေ့ရမှာပေါ့"

"လောလောဆယ် အဆင်ပြေအောင် သူ့အတွက်ရော နင့်အတွက်ပါ အဝတ်အစားဝယ်ပြီး ပို့ပေးလိုက်မယ်။ အဲဒီမှာ ခဏနေဦး"

"အေး ... သုံးစုံလောက် စီစဉ်ပေးလိုက်နော်"

"အေးပါ"

"စားစရာပါ ထည့်ပေးလိုက်ဦး"

"အေး ... အေး"

အရိပ်ကလေးက ပြတင်းပေါက်ဖွင့်ပြီး အပြင်ဘက်ကို ငေးနေသည်။ ရတုသည် နိုးလာပြီး ယုယကြင်နာခြင်းမရှိသော သူ့ကိုကြည့်ကာ ရင်တွေလေးနေသည်။

မိမိ ကံဆိုးပြီလားဟုလည်း အကြိမ်ကြိမ် တွေးနေမိသည်။ ယုံမိတာ မှားပြီထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညက မိမိပြန်မလာတော့ မေမေ တော်တော်စိတ်ပူနေမှာ။

ဖေဖေလည်း ဒေါသတော်တော်ထွက်နေပြီထင်သည်။

မိမိသည်လည်း မရည်ရွယ်ဘဲ သူ့နောက်ပါခဲ့တာဆိုပေမယ့် ညက အိမ်ကိုဖုန်းဆက်ပြီးပြန်ရင် ရပါသေးရက် ကိုယ်တိုင်က မပြန်ချင်ခဲ့တာဖြစ်သည်။

"မ"

"ပြော"

"ကျွန်တော်တို့ ခရီးထွက်ကြမယ်နော်"

"ဘယ်ကိုလဲ"

"ငွေဆောင်ဘက်"

"တို့ အိမ်ပြန်ရအောင်၊ အိမ်က စိတ်ပူနေမှာ"

"ပြန်ရင် မ,အိမ်က ကျွန်တော့်လို အညတရနဲ့ သဘောတူမှာမှ မဟုတ်တာ မ,ရဲ့။ အချိန်တစ်ခုလောက် ယူပြီးမှ မ,ကို ပြန်အပ်ပါရစေ ... နော်"





သူ ပြောတာလည်း ဟုတ်နေတာမို့ ရတု ငြိမ်နေလိုက်ပါသည်။

အရိပ်ကလေးက ရတုဖုန်းကို ဘက်ထရီပြန်တပ်ပေးပြီး ...

"မ,အိမ်နဲ့ သူငယ်ချင်းတွေဆီ ဖုန်းဆက်ချင်ဆက်လေ မ,"

"အလုပ်ကိစ္စတွေတော့ ပြောစရာရှိတယ်၊ ဒါပေမဲ့ မဆက်ချင်သေးဘူး၊ အိမ်ကိုလည်း မဆက်ရဲသေးဘူး"

"ဒါဆိုရင်တော့ ဖုန်းထပ်ပိတ်ထားလိုက်ဦးပေါ့"

နော်နီက အဝတ်အစားတွေနဲ့ စားစရာတွေ လူတစ်ယောက်ကို ပို့ခိုင်းလိုက်သည်။ ပိုက်ဆံလည်း ထည့်ပေးလိုက်သည်။

"မ, ... မ,ဖုန်းမဆက်ချင်ရင်တောင် ကျွန်တော်နဲ့လိုက်သွားတယ်ဆိုတာ သိရအောင် ကရင်မကို ပြောခိုင်းလိုက်မယ်နော်။ မဟုတ်ရင် ပိုစိတ်ပူနေကြမှာ"

"မင်း ကြိုက်သလိုသာ လုပ်တော့"



www.burmeseclassic.com

www.burmeseclassic.com



ရတုသည် အဖြစ်အပျက်တွေကို အိပ်မက်တွေလို့ ထင်ယောင်ထင်မှား ဖြစ်နေသည်။ ကိုယ့်ကိုယ်ကိုယ် ဘာတွေဖြစ်နေမှန်းမသိတော့။ စိတ်လည်း ညစ်နေသလိုပဲ။ အရိပ်ကလေးရဲ့ ဆက်ဆံရေးလည်း မနွေးထွေး။ တစ်ညတာလည်း လွန်မြောက်သွားပြီ။

အရာအားလုံးက ပြင်ဆင်လို့ မရတော့။ မတော်တဆနဲ့ ဖြစ်ကရပ်ဆန်းကို အိပ်ထောင်ကျခဲ့ပါပြီ။

အရိပ်ကလေးအကြောင်း ဘာမှမသိရသေးဘဲ သူနဲ့ တစ်ညတာ အတူဖြတ်သန်းခဲ့ရပြီ။

"အရိပ်ကလေး ... မင်းမှာ မိသားစု ဘယ်နှယောက်ရှိလဲ"

"ကျွန်တော်နဲ့ ကျွန်တော့်အဖေ နှစ်ယောက်တည်းပါ"

"ဩော်"

ရတု ဘာဆက်မေးရမှန်း မသိတော့။ သူကလည်း ဘာမှဆက်မပြောတော့။

"စားစရာရှိတာစား မ,။ ပြီးရင် ခရီးဆက်ကြရအောင်"



"မျက်နှာတောင် မသစ်ရသေးဘူး"

"ရေသန့်ဘူးနဲ့သာ သစ်လိုက်တော့"

ရတု ငိုချင်သွားသည်။ သူသာ ကြင်နာရင် ပျော်စရာကောင်းမှာ။ အခုတော့ ...။

✧ ❤ ✧

www.burmeseclassic.com

www.burmeseclassic.com



ငွေဆောင်မှာလည်း နှစ်ယောက်ခန်းမှာသာ တည်းပေမယ့် အရိပ်ကလေးက ရတုကို လက်ဖျားနဲ့တောင် မထိပါ။

နှစ်ယောက်ခန်း ဆိုပေမယ့် ဈေးအသက်အသာဆုံးဟိုတယ်ရဲ့ ဈေးအသက်သာဆုံးအခန်းမှာ တည်းတာမို့ ရတုအတွက်တော့ သိပ်အဆင်မပြေပါ။ အစစအရာရာ စိတ်ကသိကအောက်ဖြစ်ရပါသည်။

Sea view မဟုတ်သော ကမ်းခြေနဲ့ အနည်းငယ်လှမ်းသည့်အခန်းမျိုးမှာ တည်းဖူးတာလည်း ဒါပထမဆုံးပါ။

ငွေဆောင်ရောက်သည့် ဒုတိယနေ့မှာတော့ ...

"အရိပ်ကလေး"





"ပြော ... မ"

"စကားနည်းနည်းပြောရအောင်"

"ပြော ... မ"

ငွေဆောင်သာလာတာ အခန်းထဲပဲအောင်းတာ များနေတဲ့ အရိပ်ကလေးက ခုတင်ပေါ်မှာထိုင်ရင်း သူမကို စိုက်ကြည့်နေသည်။

နှစ်ယောက်ခန်း ဆိုပေမယ့် တစ်ယောက်အိပ်ခုတင်နှစ်လုံးပါသည့်အခန်းဖြစ်သည်။ ကြားထဲမှာ မှန်တင်ခုံခြားနေသေးသည်။

သူမလည်း သူမခုတင်ပေါ်မှာထိုင်ရင်း ...

"အရိပ်ကလေး တို့ကို ရည်ရွယ်ချက်တစ်ခုခုနဲ့ ချဉ်းကပ်ခဲ့တာမို့လား"

"ဟုတ်တယ်"

ရတုရင်ထဲ လှစ်ခနဲ ဟာသွားသည်။

"ဘာရည်ရွယ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားအဖေကို မကျေနပ်လို့။ လက်စားချေချင်လို့"

"မ"နေရာမှာ "ခင်ဗျား"က အစားထိုးလာ၏။ ရတု နာကျင်စွာ ပြုံးလိုက်မိသည်။ ရင်တစ်ခုလုံးတော့ ဖြိုလဲနေပြီ။

"ဖေဖေနဲ့ ဘာရန်ငြိုးတွေ ရှိခဲ့လို့လဲ"

"ရှိတာပေါ့။ အကြီးကြီးကို ရှိခဲ့တာ"

အရိပ်ကလေးရဲ့မျက်နှာက ဒေါသရိပ်တွေ လွှမ်းလာကာ ပေါက်ထွက်ခမန်း နီရဲနေသည်။

"ခင်ဗျားအဖေ ယုတ်မာခဲ့လို့ ကျွန်တော်တို့မိသားစု ဘဝ ပျက်ခဲ့ရတာ။ ခင်ဗျားအဖေကြောင့် ကျွန်တော့်အမေပါ သေခဲ့ရတာဗျ"

"ဖေဖေ့ကြောင့် မင်းအမေ သေရတယ်"

"ဟုတ်တယ်။ အသက်တစ်ချောင်းကို ခင်ဗျား ဘယ်လို တန်ဖိုးဖြတ်မလဲ။ ကျွန်တော် ခင်ဗျားအဖေဆီက ဘာကို အလျော်ပြန်ယူရမလဲ"

"ဒါကြောင့် မင်းက တို့ကိုတုံ့ပြန်မယ်ပေါ့"





"သေချာတာပေါ့"

"ဖေဖေ ဘယ်လိုပြုမူခဲ့သလဲဆိုတာ တို့ကိုပြောပြပါလား"

"ပြောရမှာပေါ့။ ခင်ဗျားအဖေရဲ့ ယုတ်မာမှုကို ခင်ဗျားသိသင့်တာပေါ့။ ခင်ဗျားအဖေက ပဲလှောင်ဖို့ ကျွန်တော့်အဖေကို ဆွယ်ခဲ့တယ်၊ နယ်မှာနေတဲ့ ကျွန်တော့်အဖေက ဘာမှသိတာမဟုတ်ဘူး။ ပဲ အကြောင်းလည်း နားမလည်ဘူး။ အဆွယ်ကောင်းတော့ စိတ်ပါပြီး ပုံအောခဲ့တယ်။ ခင်ဗျားအဖေက ရှိသမျှ အကုန်ရင်းနှီးတာကို ယုံကြည်ခဲ့တယ် ...

"တကယ်က အဲဒီနှစ်က ပဲဈေးတွေထိုးကျနေတာ။ ဦးကျော်ခက သိရက်သားနဲ့ အကွက်ဆင်ပြီး ဖေဖေ့ကို အယုံသွင်း။ ရှိသမျှ အကုန်ယူသွားခဲ့တာ။ ပြီးတော့ ခင်ဗျားအဖေ ဘာလုပ်တယ်ထင်လဲ ...

"အဲဒီငွေတွေကို ဘာပဲမှမရင်းဘဲ တခြားစီးပွားရေး တစ်ခုကို စပျိုးလိုက်တယ်၊ အချိန်တန်တော့ ပဲရှုံးတယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



ပြီး အဖေ့ကို တစ်ပြားမှ မပေးတော့ဘူး။ တကယ်လည်း အဲဒီနှစ်က လူတိုင်း ပဲတွေခွက်ခွက်လန် ရှုံးကြတာလေ”

“ဖေဖေ တကယ်ရင်းလိုက်တာ၊ မဖြစ်နိုင်ဘူးလား”

“သူ မရင်းခဲ့လို့ ခင်ဗျားတို့ အခု ကောင်းစားနေတယ်မို့လား။ သူက တကယ်မရင်းဘဲ ဆောက်လုပ်ရေးလုပ်ငန်းမှာ မြှုပ်ခဲ့တယ်၊ ပြီးတော့ သူပါရှုံးတယ်ဆိုပြီး ကျွန်တော့်အဖေကို ငိုပြ။ နိုင်ငံခြားမှာ အလုပ်သွားလုပ်မယ်ဆိုပြီး ခြေရာဖျောက်သွားတယ်”

“ဒါဆို မင်းအမေက”

“ကျွန်တော့်အမေက အစကတည်းက Heart မကောင်းဘူး၊ ပဲတွေရှုံးပြီး ဘဝပျက်ပြီဆိုတာလည်းသိရော တစ်ခါတည်း ရှော့ခ်ရသွားတာ။ အသက်ပါ ပါသွားတာပဲ”

“ဖြစ်ရလေ အရိပ်ကလေးရယ်”

“မိန်းမသေပြီး စီးပွားရေးပါ ချွတ်ခြုံကျသွားတဲ့ ကျွန်တော့်အဖေလည်း အရက်ရဲ့ကျေးကျွန်ဖြစ်နေပြီ၊ အဲဒါတွေအားလုံး





ရဲ့တရားခံက ခင်ဗျားအဖေပဲ။ ခင်ဗျားတို့ နိုင်ငံခြားမှာ ကျောင်းတက်နေတဲ့အချိန် ကျွန်တော်က မြန်မာပြည်က ရပ်ကွက်ကျောင်းကို ဖိနပ်မပါဘဲ တက်ခဲ့ရတဲ့နေ့တွေတောင် ရှိခဲ့တယ် ဒေါ်ရတုကျော်ခရဲ့”

ရတုသည် ရင်ထဲဆို့နင့်နေသည်။ သူ့အတွက်ပဲဆို့နင့်တာလား၊ ကိုယ့်အတွက် ကိုယ်ဆို့နင့်တာလားတောင် မသိတော့ဘူး။

ရတုသိသလောက်တော့ ဖေဖေ ဘယ်တုန်းကမှ နိုင်ငံခြားမှာ အလုပ်သွားမလုပ်ခဲ့ဘူး။ လက်ရှိ ဆောက်လုပ်ရေးလုပ်ငန်းကလည်း ရတု ငယ်ငယ်လေးကတည်းက လုပ်ခဲ့တာကို မှတ်မိနေသည်။

ဒီကောင်လေး ပြောနေတာရော။ ခုလက်ရှိအခြေအနေကရော တော်တော်ကို ပြင်းထန်နေသည်။

ရတု ဘာလုပ်ရမလဲ။

“ခင်ဗျား ပြန်ဖို့စဉ်းစားနေတာလား”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဆိုရင်ရော"

"ရန်ကုန်တစ်မြို့လုံးမှာတော့ ခင်ဗျားကို ကျွန်တော်မိုးပြေးသွားပြီဆိုတဲ့ သတင်းတွေ ဟိုးဟိုးကျော်နေပြီ၊ ခင်ဗျားက ဦးကျော်ခသမီး။ ကျွန်တော်က အဆိုတော်ပေါက်စ။ နာမည်ကတော့ ကြီးနေတာပဲတဲ့ ... ဟား ... ဟား"

ရတု မိုက်ခနဲ ဖြစ်သွားသည်။

✧ ❤ ✧



တကယ်လည်း ရန်ကုန်မှာ သတင်းတွေ ကြီးနေပါသည်။ နော်နီနီရဲ့ကောင်းမှုနဲ့ အုတ်အော်သောင်းနင်း ဖြစ်နေသည်။

ဦးကျော်ခလည်း ဒေါသူပုန်ထနေ၏။

သူ့သမီး ပညာတတ်ကြီး ဒီလောက် မိုက်မဲလိမ့်မယ်လို့ မထင်ခဲ့ဘူးလေ။

သူ့သမီး ယူသွားတဲ့ ကောင်လေးက အညာဇာရလေး။

သူတို့ဘက်က သတင်းကို အတင်းအုပ်ကာ အမှောင်ချထားပေမယ့် ကောင်လေးဘက်က သတင်းတွေက ပြန့်ကားနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးက အဆိုတော်ပေါက်စဆိုတော့ ပိုဆိုးသည်။ သာမန်ဆိုရင်တောင် သတင်းက ဒီလောက်ထွက်မှာမဟုတ်။

ပိုဆိုးတာက နာမည်ကြီး နော်နီနီ စင်တင်ပေးတဲ့ ကောင်လေးတဲ့။ မီဒီယာတွေကလည်း ဂျာနယ်စောင်ရေတက်ရေး အတွက် သတင်းကို အမိအရ လိုက်နေတဲ့အတွက် ပိုပြီးသတင်းကြီးကုန်ပြီ။

နော်နီနီအားက ကောင်လေးဆိုတော့ သူလည်း တွေ့ဖူးတာပဲ။ ဘာအရောင်မှမထွက်တဲ့ ခပ်မှိန်မှိန်လေးပါ။ နိုင်ငံခြားမှာတောင် ကျောင်းသွားတက်ခဲ့တဲ့သမီးက ဒီလောက်တောင် အ,သတဲ့လား။

ဒီလို ဘာမဟုတ်တဲ့ကောင်လေး နောက်ကိုများ ခိုးရာလိုက်သတဲ့လား။

ဦးကျော်ခရဲ့အချစ်ဆုံးသမီး။ သမီးနဲ့သားမှာတောင် ထက်မြက်တဲ့သမီးကြီးကို ဦးကျော်ခ အချစ်ပိုခဲ့တာပါ။ ခုတော့ သမီးက ဦးကျော်ခနောက်ကျောကို ဖြတ်ရိုက်သွားသည်။





ဒါပေမဲ့ ဦးကျော်ခ သမီးကို မပစ်နိုင်ပါ။ သမီးဒုက္ခရောက်မှာ ကြောက်မိသည်။ သမီးရဲ့ဆိုင်တွေကလည်း ရှိသေးသည်။

နော်နီနီကို ဖုန်းဆက်ပြီး သမီးနဲ့ကောင်လေးကို ပြန်လာခိုင်းလိုက်သည်။

နော်နီနီကတော့ သမီး ဘယ်မှာရှိတယ် ဆိုတာ သိနေမှာပဲလေ။

သမီး သူ့ရှေ့ပြန်ရောက်မှ သူ စိတ်ချမ်းသာမှာ။ ပြီးတော့ ကိုယ်က သမီးရှင်။ ကိုယ်လက်မခံရင်လည်း ကိုယ့်ဘက် ကပဲထပ်ပြီး နစ်နာမှာ။

ဒီတော့ သမီးလည်း စိတ်ချမ်းသာအောင်။ အဖြစ်အပျက်တွေလည်း ဒီထက်ပိုမဆိုးရလေအောင် သမက်ကို မြှင့်တင်ပေးရတော့မှာပေါ့။ စင်ထိုးပေးရတော့မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို"

"အရိပ်ကလေး"

"ပြော ... ကရင်မ"

"ဦးကျော်ခ ဖုန်းဆက်တယ်၊ သူ့သမီးကို လာပြန်အပ်ပါတဲ့။ နင့်ကို လက်ခံတယ်တဲ့။ နင်တို့ တင့်တောင့်တင့်တယ်ဖြစ်အောင် လုပ်ပေးမယ်တဲ့"

"ဟုတ်လား"

"အေး ... ပြန်လာမှာလား"

"လာမယ်"

"ဘယ်တော့ ပြန်လာမလဲ"

"ဒီနေ့တော့ နောက်ကျနေပြီ၊ မနက်ဖြန်မှလာမယ်"





"အေး ... အေး ... အဆင်ပြေလား"

"ဘာကိုလဲ"

"အစစအရာရာပေါ့"

"ပြေပါတယ်"

"အေး ... အေး၊ ဒါဆို ငါ ဖုန်းချလိုက်တော့မယ်နော်"

"အင်း"

ဖုန်းပြောနေသော အရိပ်ကလေးကို ရတုက ကြည့်နေသည်။ ဒါပေမဲ့ အရိပ်ကလေးက ဘာမှမပြောပါ။ ရတု သက်ပြင်းချလိုက်သည်။ ရတုသည် အပြန်ပြန်အလှန်လှန် စဉ်းစားသော်လည်း ဘာလုပ်ရမှန်းမသိ။

အရိပ်ကလေးနဲ့ ဆက်နေရင်လည်း စိတ်ချမ်းသာစရာ မရှိတာ သိနေပြီ။

အရိပ်ကလေးနားက ထွက်သွားရင်ရော သူ့မဘဝက အမည်းရိပ်ကြီး ဖုံးလွှမ်းထားပြီးပြီ။ အမည်းစက်တောင်မဟုတ်။ အမည်းအရိပ်ကြီး အလွှမ်းခံထားရတာ။



www.burmeseclassic.com

www.burmeseclassic.com



လူက ဘယ်လောက်ပဲ ဖြူစင်နေပါစေ။ ဘဝကမည်း ညည်းနေပြီ။

အရိပ်ကလေးနားမှာ ဆက်နေတာက သိက္ခာပိုရှိမည် ထင်သည်။ ဒါပေမဲ့ စိတ်ချမ်းသာရမှာတော့မဟုတ်။

ပြီးတော့ အရိပ်ကလေးပြောသလိုသာ ဖေဖေ တကယ် လုပ်ခဲ့တယ်ဆိုရင်လည်း သူမအရိပ်ကလေးကို အားနာပါသည်။ ဒါပေမဲ့ အရိပ်ကလေးမိခင်အတွက်တော့ ဘယ်လိုမှပြန်လျော်မ ပေးတတ်တော့။

အရိပ်ကလေး လိုချင်ရင်တောင် စည်းစိမ်တွေ ပုံပေး လိုက်နိုင်သည်။ သူ့မိခင်ရဲ့အသက်ကိုတော့ ဘယ်လိုမှပြန်ဖြည့်ဆည်း မပေးနိုင်တော့။

တကယ်သာ အဲလိုဖြစ်ခဲ့တယ်ဆိုရင် အရိပ်ကလေး ကို အရိပ်ကလေး ကျေနပ်တဲ့အထိ လက်စားချေခွင့် ပေးချင်ပါ သည်။

အဲဒါ သူမရဲ့တရားမျှတမှုပင် ဖြစ်သည်။





ပြီးတော့ သူမသည် အရိပ်ကလေးအပေါ် အစက တည်းက မြင်မြင်ချင်း စိတ်ဝင်စားခဲ့သူဖြစ်သည်။ ရင်ထဲမှာ အချစ်မပဲ့တက်ရင်တောင် သံယောဇဉ်ရှိရင်းစွဲပါ။ အရိပ်ကလေးကို သူမ တကယ် ချစ်မချစ်က ခုချိန်ထိ မသေချာသေးပေမယ့် သူ့ ကိုနှစ်သက်တဲ့အဆင့်တော့ ရှိသည်။

လက်ထပ်ဖို့အထိ မရည်ရွယ်ရသေးပေမယ့် ချစ်သူ အဖြစ်တော့ လက်ခံခဲ့တာပဲလေ။

ပြီးတော့ သူမကိုစပြီး နိုးယူတဲ့ညကလည်း သူမ ပြန်လို့ရတာပဲ၊ သူမအိမ်ကို ဖုန်းဆက်လို့လည်း ရတာပဲ။ သူမ မပြန်ချင်ခဲ့တာ ဘာကြောင့်လဲ ? ။

ရတုသည် ခုချိန်ထိ ဘာကိုမှ အတိအကျ ဝေခွဲမရ သေးပါ။

သူမစိတ်ကိုတောင် သူမ မသိ။

တကယ်ဆို ခုချိန်မှာ အရိပ်ကလေးနားကနေ ထွက် သွားသင့်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန် မနက်စောစော ရန်ကုန်ပြန်ကြမယ်"

သူမ ဘာမှဆက်မမေးချင်၍ ခေါင်းပဲညိတ်ပြလိုက်သည်။

✧ ❤ ✧



ပြဿနာက ရန်ကုန်ပြန်ရောက်မှ စတာပါ။ အရိပ်ကလေးက ရတုကို သူငှားနေသောတိုက်ခန်းကို ခေါ်သွားသည်။

"အမေ"

"ဟော ... ဒါက ဘယ်သူလဲ သား"

"သား မိန်းမရိုးလာတာ"

"ဟော ... တယ်ဟုတ်ပါလား။ မင်း ငွေဆောင်သွားတာဆို"

"ဟုတ်ကဲ့"

"အလုပ်ကိစ္စနဲ့ သွားတာမဟုတ်ဘူးလား"

"မဟုတ်ဘူး။ မိန်းမရိုးပြေးတာ"

"ကောင်းကွာ၊ လာ ... သမီး လာ"

www.burmeseclassic.com

www.burmeseclassic.com



ရတုက အရက်မူးနေပုံရသော သူ့အဖေကြီးကိုကြည့်ကာ စိတ်ညစ်သွားသည်။

"သူ့နာမည်က ရတုကျော်ခတဲ့ အဖေ။ ဦးကျော်ခ သမီးလေ"

"ဘာ ... ကျော်ခသမီး"

အဘိုးကြီးမျက်နှာက ချက်ချင်းပြောင်းလဲ ခက်ထန်သွားသည်။

"မင်းက ကျော်ခသမီးကို ..."

"ပညာပြချင်လို့ ယူတာလေ အဖေရဲ့"

"ကောင်းတယ်၊ သိပ်ကောင်းတယ် ကျော်ခ၊ ခွေးကောင်။ ခွေးထက်ပိုယုတ်တဲ့ကောင်၊ ခွေးကမှ အစာကျွေးထားရင် သစ္စာရှိသေးတယ်၊ သင်းက သစ္စာဖောက်။ ဟိုကောင်မလေး နင် နိုင်ငံခြားမှာ ကျောင်းတက်ရတယ်မို့လား"

ရတု ဘာမှမပြောရဲဘဲ ငြိမ်နေမိသည်။

"ပြောလေ"





"ဟုတ်ကဲ့"

"ဘာဟုတ်ကိုကဲ့တာလဲ"

"တက် ... တက်ပါတယ်"

"အဲဒါ ငါ့ပိုက်ဆံတွေ၊ ငါ့ဆီက ကလိန်ကကျစ်နဲ့ ယူသွားတဲ့ပိုက်ဆံတွေ နင်သိရဲ့လား ... ဟမ်။ အခု နင်က ငါ့သားရဲ့မယား ဖြစ်သွားပြီ။ ကောင်းတယ်၊ ကောင်းမှကောင်း။ နင့်ကို ကောင်းကောင်းပညာပေးရမယ်၊ ဟား ဟား ... ဒီနေ့ လင်းမောင် ပျော်တဲ့နေ့ပဲဟေ့၊ ကျော်ခ ... ကျော်ခတွေ့ကြပြီပေါ့ကွာ"

"အခု ဦးကျော်ခက သူ့သမီးကို လာအပ်ပါတဲ့။ သားက မအပ်ဘူးလို့ ဆုံးဖြတ်ထားတယ်။ ဘယ်တော့မှ ပြန်မအပ်ဘူး"

"အဲဒါလည်း ကောင်းတာပဲ၊ ကောင်းတယ်။ သိပ်ကောင်းတယ် ကျော်ခ။ ကိုယ့်သားသမီးမှ အဖိုးတန်တယ်ထင်တဲ့ကောင်။ ငါ့သား ... မင်း ပိုင်သကွာ"



www.burmeseclassic.com

www.burmeseclassic.com



ရတုကတော့ မျက်ရည်တွေ ကျနေမိသည်။ အဖေ လိမ်ညာခဲ့တယ်ဆိုရင်တောင် ဒါက ရတုတို့အတွက် လိမ်ညာပေးတာပဲလေ။

ဒါပေမဲ့ ကိုယ်ပြုသည့်ကံရဲ့ အကျိုးဆက်ကိုတော့ တစ်ချိန်မဟုတ် တစ်ချိန် ခံစားရမှာပဲ။

အရိပ်ကလေးရဲ့အဖေကလည်း တော်တော်နာကြည်း နေပုံရသည်။ ရတု ဘာလုပ်ရမလဲ၊ အရိပ်ကလေးနဲ့ ဆက်နေဖို့တော့ မဖြစ်နိုင်ဘူးထင်သည်။

အရိပ်ကလေးက သူမကို ပြန်မအပ်ဘူးဆိုရင် သူမ ဘာသာ ပြန်သွားရုံပဲရှိ၏။

ရတုသည် ရင်ထဲမှာ ကြေကြေကွဲကွဲကြီးကို ဝမ်းနည်းနေမိသည်။ ရတု မျက်ရည်ကျနေတာကိုကြည့်ပြီး အဘိုးကြီးက ပျော်နေသည်။

"ငို ... ငို ... နင်ငိုစမ်း။ အမြဲငို။ နေ့စဉ်ရက်ဆက်ငို။ နင် ငိုနေတာ မြင်ရတာ ငါစိတ်ချမ်းသာလိုက်တာ။ နင်ငိုနေ





တာကိုကြည့်ပြီး အရမ်းပျော်တယ်၊ ငိုစမ်းဟာ၊ မတိတ်နဲ့ ဆက်ငိုစမ်း"

အရိပ်ကလေးက ...

"ဒေါ်ရတုကျော်ခ ... ခင်ဗျားကို ဒီလိုဆက်ဆံရတာကို စိတ်မကောင်းပါဘူး။ ခင်ဗျားအဖေက ခင်ဗျားကို ပြန်အပ်နိုင်းတယ်၊ ကျွန်တော်က အပ်ဖို့စိတ်ကူး လုံးဝမရှိဘူး။ ခင်ဗျား ဒီမှာအဆင်ပြေသလို နေလို့ရတယ်၊ မြင်တဲ့အတိုင်းပဲ၊ အခန်းတော့ ဖွဲ့မထားဘူး၊ အဆင်ပြေသလိုသာနေ။ အဖေ ... သား ကရင်မဆီ သွားလိုက်ဦးမယ်နော်"

"အေး ... အေး"

"နေဦး ... အရိပ်ကလေး"

"ပြော"

"တို့ ပြန်မယ်ဆိုရင်ရော"

"ကြိုက်သလိုလုပ်လေ၊ ခုချိန်မှာ ခင်ဗျားက ကျွန်တော့်မိန်းမဆိုတာကို အားလုံး သိထားတယ်၊ ဘာပဲဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားပြန်သွားရင်လည်း အရင်က ရတုကျော်ခ မဟုတ်တော့ဘူး။ ကျွန်တော်လိုချင်တာ ဒါပဲ။ နေချင်နေ၊ ပြန်ချင်ပြန်၊ သဘောပဲ"

အဘိုးကြီးက သူ့သားပြောသမျှကို သဘောတကျနဲ့ ပြုံးပြုံးကြီး ကြည့်နေသည်။

ရတုတော့ ဘဝပျက်ပါပြီ ရတု၊ ဘာလုပ်ရမလဲ။ ဘာလုပ်သင့်လဲ။ ဘယ်သူနဲ့ တိုင်ပင်ရမလဲ။

နီတာတို့ကရော ရတုကို နားလည်ပေးပါ့မလား

ကောင်းကင်ရယ် ... မှိုင်းရက်လေခြင်း။

✧ ❤ ✧





"ငါ သူ့ကို ပြန်မအပ်ဘူး နော်နီနီ။ ဒါဟာ ငါ့ရဲ့လက်စားချေခြင်းပဲ"

"သူက ဘာပြောလဲ"

"ပြန်မယ် ပြောတာပဲ"

"နင်က"

"ပြန်ချင်ပြန် မပြန်ချင်နေ၊ သဘောပဲလေ"

"ဟယ် ... နင်ကလည်း"

"ဟုတ်တယ်လေ၊ ငါက သူ့ကိုလိုချင်တာမှ မဟုတ်တာ။ ခုထိလည်း သူနဲ့ငါ သန့်သန့်ရှင်းရှင်းပဲ။ ပြန်ချင်ပြန်လို့ရတယ်။ ငါလိုချင်တာ ရတုကျော်ခဆိုတဲ့ နာမည်ပဲ။ လူကိုမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နင်ကလည်းဟာ နင်တို့မိသားစုအပေါ် တကယ်ကျေးလွန် ခဲ့တာက ဦးကျော်ခလေ။ ရတုကျော်ခမှ မဟုတ်တာ"

"ရတုကျော်ခတို့က ခံစားခဲ့ကြသူတွေလေ၊ အဲဒါကြောင့် သူတို့ ပြန်ပေးဆပ်ရမှာပေါ့"

"ပြဿနာတက်နေဦးမယ်"

"တက်ရင် ပိုကြိုက်တယ်"

"နင့်ခံစားချက်ကို ငါ နားလည်ပါတယ်ဟာ၊ ရတုကျော်ခ ကိုလည်း မိန်းကလေးချင်း ကိုယ်ချင်းစာတယ်"

ဦးကျော်ခက နော်နီနီဆီကို ဖုန်းထပ်ဆက်ပြန်သည်။ အရိပ်ကလေးရဲ့ဖုန်းနံပါတ်ကို တောင်းသည်။ နော်နီလည်းပေး လိုက်သည်။

သူတို့ချင်း တိုက်ရိုက်ပြောတာက ပိုအဆင်ပြေသည် လေ။

အရိပ်ကလေးသည် screen မှာ ပေါ်နေသော ဦးကျော်ခ ဖုန်းနံပါတ်ကိုကြည့်ကာ သဘောကျနေသည်။





အတုံ့အလှည့်ဆိုတာ ရှောင်ပြေးလို့ လွတ်တဲ့အရာမှ မဟုတ်တာ။

"ဟဲလို"

"မောင်အရိပ်ကလေးလား"

"ဟုတ်ပါတယ် ဦးကျော်ခ"

"အေး ... မင်းတို့ ဘယ်မှာလဲ"

"ရန်ကုန်မှာပါပဲ"

"ဟာ ... ဒါဆို အိမ်ကိုလာခဲ့တော့လေကွာ၊ သမီးကိုလာ အပ်။ ပြီးတော့ မင်းတို့မင်္ဂလာပွဲကို အခမ်းနားဆုံးစီစဉ်ပေး မယ်၊ မင်းတို့ဘက်က အခြေအနေကို သိပြီးပြီ။ ဒါပေမဲ့ သမီးက မင်းကို လက်ထပ်ချင်မှတော့ ဒယ်ဒီကပဲ စီစဉ် ပေးရတော့မှာပေါ့"

ဦးကျော်ခက အသံကချိုပါသည်။ တမင်ချိုထားတာ ဖြစ်မှာပါ။

"ကျွန်တော် သူ့ကို ဘယ်တော့မှ ပြန်မအပ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ"

စိုးရိမ်ထိတ်လန့်သံကြီးကို အရိပ်ကလေးက ရယ်ချင်သွားသည်။

"ကျွန်တော် သူ့ကို ဘယ်တော့မှ ပြန်လာမအပ်ဘူးလို့ ပြောတာပါ"

"မင်း ... မင်း အဲဒါ ဘာလုပ်တာလဲ"

"ရှင်းပါတယ်၊ ခင်ဗျားကြီးကို လက်စားချေတာပေါ့။ ဒီမှာ ဦးကျော်ခ၊ ကျွန်တော်က ဦးလင်းမောင်ရဲ့သားပဲ"

"ဘာ ... လင်းမောင်သား"

"ဟုတ်တယ်၊ ခင်ဗျား မှတ်မိပါသေးတယ်နော်။ မမေ့လောက်ပါဘူးနော်။ ခင်ဗျားဘဝကို ဒီလိုအခြေအနေရောက်အောင် အရင်းထုတ်ပေးလိုက်တဲ့ ကျေးဇူးရှင်ကိုမှ မေ့တယ်ဆိုရင်တော့ ခင်ဗျား ဦးနှောက်နဲ့ အာရုံကြော အထူးကုနဲ့ ပြသင့်နေပြီ"

"မင်း ... မင်း"





"ဟား ဟား ဟား ဟား ... ဒီလောက်ဆို ကျွန်တော် ဘာလို့ လာမအပ်တာလဲ၊ ခင်ဗျားသိရောပေါ့။ စိတ်ချပါဗျာ၊ ခင်ဗျားသမီးကို သေသေချာချာ ပြုစုထားမှာပါဗျ"

"တောက် ... ယောကောင်၊ ငါ့သမီးကို ချက်ချင်းပြန်လွှတ်လိုက်"

"လွှတ်ပါတယ်၊ ဒီမနက်တောင် ပြောလိုက်သေးတယ်၊ နေချင်နေ၊ ပြန်ချင်ပြန်လို့။ သူ့ဘာသာ မပြန်တာတော့ ကျွန်တော်လည်း မတတ်နိုင်တော့ဘူးဗျ ... ဟား ဟား"

"မင်း လိပ်စာပြော၊ ငါလာခဲ့မယ်"

"ကြိုက်တယ်၊ အဲဒီနေ့ကို စောင့်နေတာကြာပြီ။ ကျွန်တော့်လိပ်စာက ..."

အရိပ်ကလေးရွတ်ပြတဲ့ တိုက်ခန်းလိပ်စာကိုမှတ်ရင်း သာမန်ကန်ထရိုက်တိုက်ခန်းကလေးဆိုတာကို ဦးကျော်ခ ရိပ်မိလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သမီးကြီးကတော့ ဒုက္ခရောက်နေပြီ ထင်သည်။ ဦးကျော်စသည် စိတ်အချရဆုံး တပည့်နှစ်ယောက်ပဲခေါ်ပြီး သမီးဆီ လိုက်သွားခဲ့သည်။

တိုက်ခန်းက ခြောက်လွှာမှာ ရှိတာမို့ တော်တော် တက်လိုက်သည်။ လှေကားကလည်း မှောင်နဲ့မည်းမည်း။

တိုက်ခန်းတံခါးကို ခေါက်လိုက်တော့ လင်းမောင် မျက်နှာကြီးကို ဘွားခနဲ တွေ့လိုက်ရသည်။

"ဟာ ... လင်းမောင်"

လင်းမောင်ရဲ့ မျက်လုံးတွေက အခိုးအငွေ့တွေ အလျှံငြီးငြီးနဲ့။

✧ ❤ ✧





လင်းမောင်က သူ့ကို လက်သီးနဲ့လှမ်းထိုးသည်။ ဒါပေမဲ့ ဟန်ပဲရှိတော့ပြီး မာန်မပါတဲ့ လင်းမောင်ရဲ့လက်သီးက အရာမရောက်ပါ။

"လူယုတ်မာ ... မင်း လာရဲသေးတယ်နော်"

"ငါ့သမီးရော"

"ရှိတယ်၊ ငါ့သားရဲ့မိန်းမ မင်း့သမီး ရှိပါတယ်ကွာ ... ဟား ဟား"

"သမီး"

"ဖေဖေ"

ရုတ်တရက်ကြည့်ကာ ရင်နင့်သွားသည်။ မျက်နှာ ညှော်နဲ့။ ဆံပင်တွေကိုလည်း ဖြစ်သလို စုစည်းထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဈေးခပ်ပေါပေါ အဝတ်အစားတွေက သမီးဝယ်ဝတ်တာတော့ မဖြစ်နိုင်ပေ။ ထို့ထက်ပိုဆိုးတာက နွမ်းလျနေတဲ့ သမီးရဲ့မျက်နှာ။

"လာ ... သမီး၊ ပြန်လိုက်ခဲ့"

"သမီးမလိုက်ဘူး ဖေဖေ"

ဦးကျော်ခက အခန်းကို လှည့်ပတ်ကြည့်ရင်း ...

"ဘာမလိုက်ဘူးလဲ၊ နင် ဒီအခန်းထဲမှာ ဘယ်လိုနေမလဲ"

"ဖေဖေ သူတို့ပြောသလို ဖေဖေ တကယ်လုပ်ခဲ့လားဟင်"

"ဘာတွေလျှောက်မေးနေတာလဲ သမီး၊ ဖေဖေ မလုပ်ဘူး"

"ခွေးကောင် ... ခွေးလောက်တောင် သစ္စာမရှိတဲ့ကောင်။ မင်းကြောင့် ငါ့မိသားစု ဘဝပျက်ခဲ့ရတယ်။ ငါ့မိန်းမပါ သေခဲ့ရတယ်ကွ။ မင်းသားသမီးတွေ နိုင်ငံခြားမှာကျောင်း တက်နေတဲ့အချိန်မှာ ငါ့သားလေး ဖိနပ်မပါဘဲ ကျောင်း တက်ခဲ့ရတဲ့နေ့တွေရှိတယ်ကွ။ မင်းမိသားစု ကောင်းစားနေ တဲ့အချိန် ငါတို့သားအဖမှာ စားဝတ်နေရေးအတွက် ချွေး ပေါက်ပေါက်ကျအောင် ရုန်းကန်နေခဲ့ရတယ်"





"အဲဒါ ငါနဲ့ဘာဆိုင်လို့လဲ"

"မင်း ငါ့ပိုက်ဆံတွေကို လိမ်သွားခဲ့လို့ ဒီလိုဖြစ်ရတာ လေ"

"ဘာဆိုင်လဲ၊ မင်း ပဲထဲမြှုပ်နှံပြီး ရှုံးတာ ငါကဘာလုပ် လို့လဲ။ ရစေချင်လို့ တိုက်တွန်းမိတာ။ ကံမကောင်းလို့ ရှုံးတာတော့ ငါလည်း ဘာတတ်နိုင်မှာလဲ"

"ကံက လူကလုပ်တာကွ။ မင်းက ငါ့ပိုက်ဆံတွေကို ပဲထဲ တကယ်မမြှုပ်ခဲ့ဘူး။ ဘာပဲမှ မရင်းဘဲ မင်းစီးပွားရေးအတွက် ရင်းခဲ့တယ်၊ အချိန်တန်တော့ ရှုံးတယ်ဆိုပြီး မင်းအပြတ် ဘုံးသွားတာ"

"အေး ... မင်းက ပဲရင်းတာပဲလေ။ ပဲတွေက တကယ် ရှုံးတာပဲလေ၊ အဲဒီအချိန်က မြတ်ခဲ့ရင်လည်း မင်းကိုငါ အမြတ်အတိုင်း ရှင်းပေးမှာပဲ၊ ငါမှားလား"

"ရှုံးမယ်မှန်းသိရက်နဲ့ ဘာလို့ ငါ့ကိုရင်းခိုင်းတာလဲ"

"ရှုံးမယ်မှန်းတော့ ဘယ်သိပါ့မလဲ၊ ငါလည်း စေတနာနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"စေတနာဆို မင်း ငါ့ပိုက်ဆံတွေ ဘုံးသွားစရာ အကြောင်း မရှိဘူးကွ"

ရတုသည် နားထောင်ရင်း မျက်နှာတွေပူကာ ရှက်လာသည်။

"တော်ပါတော့ ဖေဖေ တော်ပါတော့၊ သမီး ပြန်မလိုက်တော့ပါဘူး။ ဖေဖေ့ဘာသာ ပြန်ပါတော့။ သမီးကတော့ အရိပ်ကလေးတို့သားအဖ ကျေနပ်တဲ့အထိ အကြွေးပြန်ဆပ်လိုက်ဦးမယ် ဖေဖေ"

"ငါ့သမီးက ဘာမှအပြစ်မရှိဘူး။ သမီး နေခဲ့စရာမလိုဘူး။ လာ ... ဖေဖေနဲ့ ပြန်လိုက်ခဲ့"

"မလိုက်ဘူး ဖေဖေ"

"ဟား ဟား ဟား ဟား ... မဆိုးဘူးကွ၊ ကျော်ခသမီးက ကျော်ခလို မျက်နှာပြောင်မတိုက်တတ်ဘူး ... ဟား ဟား ဟား"

✧ ❤ ✧





ရတု တကယ်မပြန်ပါ။ အပြစ်မှန်ကိုသိပြီးမှတော့ ရတုပြန်ပြီးပေးဆပ်ဖို့ ဆုံးဖြတ်လိုက်သည်။

အရိပ်ကလေး မနှင်မချင်း အရိပ်ကလေးနားမှာပဲ နေဖို့ ဆုံးဖြတ်လိုက်သည်။

အရိပ်ကလေးတို့သားအဖက အဆင်ပြေသလို စားကြတာမို့ ရတုကပဲ ချက်ပေးဖို့ စဉ်းစားထားသည်။ သို့သော် ချက်စရာ၊ ပြုတ်စရာတောင် အိုးခွက်မစုံလင်။

အဝတ်လျှော်စက် အသစ်ကလေးတစ်လုံးရှိ၍ လျှော်ဖွပ်တာတော့ အဆင်ပြေသွားသည်။

ရတုက နဂိုကတည်းက Bakery လေး ဖွင့်ထားသူမို့ အစားအသောက် ချက်ပြုတ်ပြင်ဆင်တာ ဝါသနာပါပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခက်တာက အခန်းမဖွဲ့ထားတဲ့ ဟောလ်ခန်းမှာနေရတာရော အိပ်ရတာပါ အဆင်မပြေပါ။

သူမအိပ်ဖို့နေရာ ကွက်ကွက်ကလေးကို လိုက်ကာလေး ကာပြီးနေရသည်။

ဖေဖေက ဘဏ်စာအုပ် လာပို့ပေးသွား၍ ငွေရေးကြေးရေး အဆင်ပြေပါသည်။

ဆိုင်ကို သွားချင်စိတ်မရှိ၍ ဘယ်ဆိုင်မှမထိုင်တော့ဘဲ သူငယ်ချင်းတွေနဲ့ပဲ လွှဲထားလိုက်သည်။

အရိပ်ကလေးက သူမလုပ်သမျှ ကောင်းသည်ဆိုးသည် မပြော။ အဘိုးကြီးကတော့ ရစ်သည်။ မူးလာရင် ပိုဆိုးသည်။ အဘိုးကြီးအတွက် အမြည်းကြော်ပေးရတာလည်း တစ်ဒုက္ခ။ အရိပ်ကလေးကတော့အမြဲလိုလို ဈေးဝယ်၍ ရေခဲသေတ္တာထဲ ထည့်ထားပေးတတ်သည်။

ယောက်ျားလေးဆိုတော့ ဖွယ်ဖွယ်ရာရာ မဝယ်တတ်။ လိုတာကို ရတုဘာသာပဲ ထွက်ဝယ်ရတာပေါ့။





ပြီးတော့ အရိပ်ကလေးသည် သူမကို လက်ဖျားနှင့်တောင် မတို့ပါ။

အိပ်ပြန်မအိပ်တဲ့ညတွေး၊ ညဥ့်နက်တဲ့ ညတွေဆိုလည်း ဘာအကျိုးအကြောင်းမှ မလာပါ။

ပတ်ဝန်းကျင်မှာတော့ သူမက အရိပ်ကလေးရဲ့မိန်းမ။ ရတုသည် စိတ်မကောင်းရင် ကျိတ်ပြီးမျက်ရည်ကျရုံကလွဲလို့ ဘာတတ်နိုင်မှာလဲ။

ရတုသည် အိပ်ကောင်းခြင်းလည်း မအိပ်နိုင်။ စားကောင်းခြင်းလည်း မစားနိုင်။ နေရထိုင်ရတာလည်း စိတ်ကျဉ်းကျပ်။ အပျိုလေးတန်မဲ့ သူစိမ်းယောက်ျားသားနှစ်ယောက်နဲ့နေရတာ တကယ် စိတ်ပိန်စရာပေါ့လေ။

ထို့ကြောင့်လည်း ရတု ပိန်တောင်ပိန်သွားပါသည်။

ဒါပေမဲ့ ရတုသည် ဖေဖေရဲ့အမှားအတွက် အစားပြန်ပေးဆပ်ချင်သည်လေ။

အတတ်နိုင်ဆုံးတော့ သူမလုပ်ပေးနိုင်သမျှ လုပ်ပေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားစင်တောင်မရှိတဲ့အိမ်မှာ အလူမီနီယံဒေါက်စင်လေးနဲ့ ဘုရားစင်တင်သည်။ ဘုရားပန်းတွေ ဝေနေအောင်ထိုးသည်။ ဆွမ်းရေချမ်း မပြတ်စေရ။ မနက်ဆို ဘုရားပုံမှန်ရှိခိုးသည်။ ဒီအချိန်လေးပဲ စိတ်ငြိမ်းချမ်းရတာလေ။

ဘုရားစင်ထားသည့်ကိစ္စကိုတော့ အဘိုးကြီးက မရစ်။

အရိပ်ကလေးကတော့ ဘာမဆို တေမိလေ။

ဖေဖေကတော့ ရတုပြန်လာဖို့ အမြဲခေါ်ပါသည်။

ရတုသည် သူငယ်ချင်းတွေဆီတောင် သွားမတွေ့ဖြစ်ပါ။ ဖုန်းကိုတောင် အကြောင်းရှိမှ ဖွင့်ပြီးပြောတာဖြစ်ကာ ကျန်တဲ့အချိန်ဆိုပိတ်ထားဖြစ်တာ များသည်။

ထို့ကြောင့် ရတု အသိုင်းအဝိုင်းနဲ့လည်း ရတုက ဆက်သွယ်မှုပဲ အဆက်အသွယ်ရတာဖြစ်သည်။

✧ ❤ ✧





အရိပ်ကလေးသည် ရတုကျော်ခကို အံ့ဩနေမိ၏။ သူတို့သားအဖနဲ့ နေရတာ အဆင်ပြေမှာ မဟုတ်ပါ။ ဒါနဲ့တောင် ဘာလို့ ဆက်နေတောလဲ မသိ။

သူကလည်း စကားတောင် ကောင်းကောင်းပြောတာမဟုတ်ပါ။ မပြောဆို လုံးဝကို မပြောဖြစ်။ အဖေကလည်း ကောင်းကောင်းမပြော။ တစ်ချိန်လုံး ရစ်နေတာ။

သူတို့သားအဖနှစ်ယောက်လုံး သူမကို အကောင်းမမြင်ပါ။ သူမကို မြင်ရတိုင်း ဦးကျော်ခကို မြင်ယောင်သည်။ ဦးတော့ အမေ့ကို မြင်ယောင်သည်။ ထို့ကြောင့် သူရော အဖေပါ ရတုကျော်ခကို အကောင်းမမြင်ရုံမက မုန်းတောင် မုန်းပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း အဖေနဲ့သူက တစ်ယောက်တစ်မျိုး သူမကို ပညာပြနေတာပါ။ ဒါတောင် မပြန်ဘဲ ကုတ်ကတ်နေတာကို အံ့သြမိပါသည်။

သူကိုကြည့်ရတာ သူ့ကို မက်မက်မောမော ချစ်ခင်တွယ်တာပုံလည်း မရပါ။ ဖြစ်နိုင်တာက သူ့အဖေရဲ့အမှားအတွက် ပေးဆပ်ချင်နေတာဖြစ်မည်။

ဒါပေမဲ့ သူမ ဘယ်လိုဆပ်ဆပ် အမေ့အသက်ဖိုးတော့ ကျေမှာမဟုတ်ဘူး။ သူတို့သားအဖရဲ့ အမုန်းတွေက နုနုလေးမဟုတ်။ သက်တမ်း တော်တော်ရင့်နေပြီ။ အမြစ်ကနိုင်နေပြီ။ နော်နီကတောင် အံ့သြနေသည်။

နော်နီနီက မှတ်ချက်ချပါသည်။ ရတုကျော်ခ စိတ်ကောင်းလေးတော့ ရှိပုံပဲတဲ့။

ဒါပေမဲ့ ...

သူမ ဘယ်လိုစိတ်ပဲရှိရှိ သူကတော့ မုန်းဆဲ။ အရမ်းကိုမုန်းတာ။ သူ့အမေ အသက်နဲ့ထပ်တူ ကောင်းစားနေတဲ့ သူမကို ဘယ်လိုမှ မမုန်းဘဲ မနေနိုင်။





ထို့ကြောင့် သူ့ကို စိတ်ဒုက္ခပေးဖို့လည်း အမြဲစဉ်းစားမိသည်။ ဒါပေမဲ့ သူ့ရဲ့နဂိုအခံစိတ်က ခွင့်မပြု။

တကယ်က အရိုပ်ကလေးတို့မိသားစုရဲ့ နဂိုမူလစိတ်သဘောထားလေးတွေက အရမ်းကို ဖြူစင်မွန်မြတ်ကြပါသည်။

အဲဒီအဖြူရောင်စိတ်ခံကြောင့်ပဲ ဦးကျော်ခ လုည့်စားတာကို ခံလိုက်ရတာလေ။

ဦးကျော်ခကြောင့်ပဲ စိတ်ရိုင်းတွေဝင်ကာ အဖြူရောင်စိတ်ကလေးကို အရိပ်မည်းတွေ ဖုံးခဲ့တာပါ။

အရိပ်ကလေးသည် ရတုကျော်ခကို နှိပ်စက်ချင်သော်လည်း လက်တွေ့အကောင်အထည်မဖော်နိုင် ဖြစ်နေပါသည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်တော့ ဦးလင်းမောင် ဖျားပါသည်။ ဖြစ်ချင်တော့ ထိုညက အရိပ်ကလေးက ပြန်မအိပ်။

ညဥ့်သန်းခေါင်ယံအချိန်ကြီး တဟီးဟီးညည်းကာ အဖျားတွေ တက်နေသံကိုကြားပြီး ရတု နိုးလာသည်။

သွားကြည့်လိုက်တော့ ဝရန်တာမှာ အဖျားတွေတက်ရင်း ပါးတစ်ခြမ်း ရွဲ့နေပြီ။ ဘုရားရေ ... လေဖြတ်ပြီထင်သည်။

ရတုသည် ဦးလင်းမောင် ကိုယ်ကြီးကို မနိုင့်တနိုင်ဖြင့် အခန်းထဲသွင်းရသည်။ အိပ်ရာပေါ်ကို တရွတ်ဆွဲတင်ရသည်။

ပြီးတော့ အရိပ်ကလေးဆီ ဖုန်းခေါ်တော့ အရိပ်ကလေးဖုန်းက ပိတ်ထားသည်။ ဒုက္ခပဲ။ သူမ ဘာအလုပ်ရှုပ်မှန်းမသိ။





နောက်ဆုံးတော့ အထူးကုဆေးရုံတစ်ခုက ဆေးရုံကားကို လှမ်းခေါ်ပြီး ဦးလင်းမောင်ကို ဆေးရုံတင်လိုက်သည်။ ရတုသည် ဒီလိုတစ်ခါမှ မကြုံဖူးပါ။ အိမ်မှာသာဆို မေမေ့စီမံခန့်ခွဲမှုအောက်မှာ ရတုတို့က ကလေးလို နေရတာလေ။

ဆေးရုံရောက်တော့လည်း ဟိုပြေး ဒီလွှားနဲ့ နောက်ဆုံး မတတ်နိုင်တော့ စပါယ်ရှယ်နာ့စ်ကိုလွှဲကာ လူက ဒူးမခိုင်ဘဲ ငုတ်တုတ်ထိုင်ကာ ငိုနေမိသည်။ ဦးလင်းမောင် ဘာမှမဖြစ်ပါစေနဲ့။ ခုတောင် လေဖြတ်ပြီး စကားပြောတာ မပီတော့ဘဲ ဗလုံးဗထွေး ဖြစ်နေပြီ။

မတော်တဆ ဦးလင်းမောင်သာ တစ်ခုခုဖြစ်သွားရင် အရိပ်ကလေး မိဘမဲ့ တစ်ကောင်ကြွက်ဖြစ်ပြီ။

ဦးလင်းမောင်ကိုတော့ အတတ်နိုင်ဆုံး ပြုစုပေးမိပါသည်။

မိုးလင်းကာနီးတော့ ဦးလင်းမောင်က သူ့သားကို ခေါ်နိုင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ရတုသည် အရိပ်ကလေးဖုန်းကို ထပ်ခေါ်ပါသည်။ ဒါပေမဲ့ ဖုန်းကမကိုင်။ နော်နီနီဆီ ဆက်တော့လည်း စက်ပိတ်ထားသည်။

လမ်းစပျောက်ပြီ၊ သူမ သိတာ ဒါပဲရှိသည်လေ။ ဦးလင်းမောင်ကို ချော့မော့ဖျောင်းဖျမိတော့ ရအောင်မခေါ်ပေးရကောင်းလားဟု မပီမသနဲ့ အပြစ်တင်ကာ ကောင်းနေတဲ့လက်တစ်ဖက်က တစ်ရှူးဘူးနဲ့ ကောက်ပေါက်သေးသည်။

နှာစ်မလေးတောင် လန့်သွားသည်။ ရတုလည်း ရှက်သွားသည်။ သို့သော်လည်း ဘယ်တတ်နိုင်မလဲလေ။ အရိပ်ကလေး အိမ်ရောက်လို့ သော့ခတ်ထားတာတွေ့ရင်တော့ ဖုန်းဆက်မှာပါလေ။ ဒါမှမဟုတ် ပြန်မလာသေးရင်လည်း သူ့အဖေဆီကို ဖုန်းဆက်မှာပေါ့။ သူမကတော့ အရိပ်ကလေးဖုန်းကို တစ်ချိန်လုံး နှိပ်ကြည့်နေသည်။

မနက်ရှစ်နာရီထိုးကာနီးမှာတော့ ဖုန်းဝင်သွားသည်။ သို့သော် အရိပ်ကလေးက မကိုင်သဖြင့် သူ့အဖေဖုန်းနဲ့ ပြောင်းခေါ်ရသည်။ သူ့အဖေဖုန်းမှပဲ ထူးသည်။





"ဟဲလို ... အဖေ"

အရိပ်ကလေးကို အကျိုးအကြောင်း ပြောပြတော့ မကြာခင်ဘဲ ရောက်လာသည်။ သူ့သားလာမှပဲ ဦးလင်းမောင် မျက်နှာ လန်းတော့သည်။ အရိပ်ကလေးကို အကျိုးအကြောင်း သေချာရှင်းပြရသေးသည်။

သူသိချင်တာ တစ်ခွန်း နှစ်ခွန်း မေးတာကလွဲလို့ သူမအပေါ်တော့ ဟက်ဟက်ပက်ပက် မရှိပါ။ သူမ ဘယ်လောက်လုပ်ပေးပေး အရိပ်ကလေးရော၊ ဦးလင်းမောင်ပါ သူမကို ယုံကြည်ပုံမရပါ။

ရတုကတော့ ခုလိုလုပ်ပေးလိုက်နိုင်တာကို ကျေနပ်သည်။ ရတုသာမရှိရင် ဦးလင်းမောင်ဘဝ တွေးဝံ့စရာမရှိ။ အချိန်မီ ဆေးရုံရောက်၍သာ ခုလောက်ကောင်းလာတာလေ။

ဘယ်သူမှ မကြည့်လည်း ရတုကတော့ လုပ်ပေးလိုက်နိုင်ပြီ။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



ဦးလင်းမောင် အခြေအနေက ပြန်မကောင်းလာပါ။ ဆရာဝန်တွေက ကာလရှည်ကုရမည်ဟု ပြောသည်။ ဆေးရုံက ဆင်းချင်ရင်လည်း ဆင်းလို့ရသည်။ ဒီတော့ အရိုပ်ကလေးက ခြောက်လွှာအခန်းကို ပြန်အပ်ကာ မြေညီထပ် ငှားရပြန်သည်။ လှမမာနဲ့က အထပ်မြင့်ဆို မဖြစ်ပြန်ဘူးလေ။

စပါရှယ်နှာစ်ရှိပေမယ့် ရတုလည်း ပင်ပန်းပါသည်။ နှာစ်က လှမမာကိစ္စပဲ ကုတာလေ။ ကျန်တဲ့ဝေယျာဝစ္စကတော့ သူမပဲပေါ့။

အရိုပ်ကလေးလည်း ဆေးဖိုးရော၊ Nursu ငှားခတွေရော စရိတ်တော်တော်ကုန်နေပြီ။ ဒါတောင် ရတုအိတ်ထဲက ထုတ်ထားတာတွေလည်း မနည်းပါ။





ရတု ဘယ်လောက်ပဲပြုစုပြုစု အရိုပ်ကလေးရော ဦးလင်းမောင်ပါ ရတုအပေါ် ကြည်လင်ရိပ်မပြပါ။

ရတုကတော့ သူတို့သားအဖတွေကို သနားနေသည်။ အထူးသဖြင့် အရိုပ်ကလေးကို ပိုသနားသည်။

မိခင်ဖြစ်သူက ငယ်ငယ်ရွယ်ရွယ်နဲ့ဆုံးသည်။

ဖခင်ဖြစ်သူက လေဖြတ်ကာ အိပ်ရာထဲလဲပြန်တော့ မျက်နှာကလေးကို ညှိုးနေသည်။

ရတုကတော့ အရိုပ်ကလေးကို သံယောဇဉ်ဖြစ်ပါသည်။ လက်ရှိမှာလည်း သူက ကိုယ့်ရဲ့ခင်ပွန်းသည်နေရာမှာ ရှိနေသည်လေ။

ရတုသည် ဦးလင်းမောင်အတွက်လည်း စိတ်မကောင်းပါ။ ထို့ကြောင့်လည်း ဝေယျာဝစ္စကို တတ်နိုင်သလောက် လုပ်ပေးနေမိတာပါ။

ဒါပေမဲ့ ...

ဦးလင်းမောင်တစ်ယောက် ကံမကောင်းရှာပါ။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထဲ တစ်လခန့်လဲပြီးတော့ ဆုံးသွားရှာ၏။

အရိုပ်ကလေး မငိုပါ။ ရတုတောင် မျက်ရည်ကျသေးသည်။

အရိုပ်ကလေးကတော့ မငို။

လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး မျက်နှာက နီရဲနေသည်။

မျက်သားတွေ ရဲရဲတောက်နေသော်လည်း မျက်ရည်မကျ။ ဘာစကားမှလဲ မဆိုပါ။

ရတု နှစ်သိမ့်ချင်ပေမယ့်လည်း မနှစ်သိမ့်ရဲပါ။ ရတု နှစ်သိမ့်လိုက်မှ ပိုဆိုးနေမှာစိုးလို့ပါ။ နော်နီနီကတော့ အရိုပ်ကလေးကို ဖေးမ,နေသည်။ အရိုပ်ကလေးသည် နော်နီနီကိုတော့ စကားကောင်းကောင်းပြောသည်။

အပေါင်းအသင်းလည်း မများလှတာမို့ ဦးလင်းမောင်ရဲ့ရှာပနက ခြောက်ကပ်ကပ်နဲ့ပဲ ပြီးဆုံးသွားသည်။

ရတုကတော့ သံဃာတော်တွေပင့်ပြီး သက်ပျောက်ဆွမ်း၊ ရက်လည်ဆွမ်းတွေ ကပ်ပေးလိုက်သည်။





နော်နီနီက ခရစ်ယာန်ဆိုတော့ အဲဒီကိစ္စတွေ မလုပ်တတ်ဘူးလေ။

အရိုပ်ကလေးကလည်း မလုပ်တတ်။ ရတုကပဲ စီစဉ်ပေးရသည်။ မုန့်ဟင်းခါးလေး အော်ဒါမှာပြီး အခန်းနီးနားချင်းနဲ့ နော်နီနီတို့လောက်ပဲ ပြီးသွားသည်။

အားလုံး ကိစ္စဝိစ္စပြီးတော့မှ နော်နီနီက စကားလာပြောသည်။

"မရတု ပင်ပန်းရောပေါ့"

"ရပါတယ်၊ မပင်ပန်းပါဘူး"

"မပင်ပန်းဘူးသာပြောတာ၊ မရတု တော်တော်ကျသွားတယ်"

ရတု ပြုံးရုံပဲ ပြုံးနေလိုက်သည်။

"မရတု ကျွန်မတို့ ဒီညနေ နယ်ရှိုးပွဲရှိလို့ ခရီးထွက်ရမယ်။ အရိုပ်ကလေးပါ ပါမယ်"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



အရိပ်ကလေးက ဘာမှမပြောပါ။ ညနေကျတော့ အဝတ်အစားတွေထည့်ပြီး ထွက်သွား၏။

လူသေပြီးကာစ တိုက်ခန်းမှာ ရတု တစ်ယောက်တည်း။

ရတုကို အဖက်လုပ်ပြီး ခေါ်သွားမှာ မဟုတ်ပါ။ သူက ရတုကို အသိအမှတ်ပြုထားတာမှ မဟုတ်တာ။ ဒါပေမဲ့ ရတုတစ်ယောက်တည်း ဘယ်လိုနေခဲ့ရမလဲ ဆိုတာတော့ တွေးကြည့်ပေးဖို့ သင့်ပါသည်။

အရိပ်ကလေးက ခရီးသွားကြောင်းတောင် ပြောမသွား။

နော်နီနီသာ ကြိုပြောမထားခဲ့ရင် ရတု သိမှာမဟုတ်။ တစ်ညလုံး တစောင့်စောင့် ဖြစ်နေမှာပါ။

ရတုသည် အရိပ်ကလေး ထွက်သွားတော့ အခန်းတံခါးကို သော့သေချာစတ်ပြီး အခန်းထဲမှာ ခြေပစ်လက်ပစ် လှဲပစ်လိုက်သည်။





လူက နုံးချိပြီး အာခေါင်တွေ ပူနေသည်။ စားစရာ ဘာမှမရှိ။ ကော်ဖီတစ်ခွက် ဖျော်သောက်လိုက်သည်။ ကော်ဖီပူပူကို မှုတ်သောက်နေရင်း ချမ်းလာသည်။

Biogesic တစ်ခြမ်းသောက်ပြီး လှဲလိုက်၏။ ပင်ပန်းနုံးချိနေပေမယ့် အိပ်မပျော်ပါ။

အရိပ်ကလေးနဲ့ နော်နီနီရဲ့ ဆက်ဆံရေးကို စဉ်းစားနေမိသည်။ အရိပ်ကလေးရဲ့နေးနေရာကကြည့်ရင် သူတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးက တစ်ဆိတ် ရင်းနှီးလွန်းသလိုပဲ။ ကိုယ်တွေပူလာသည်။

မိဘအိမ်ပြန်ဖို့ မစဉ်းစားမိပေမယ့် အရိပ်ကလေးကို ပြန်လာစေချင်သည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



သူမ အရမ်းဖျားနေသည်။ ပမ်းဖျား,ဖျားတာပါ။ တိုက်ခန်းထဲမှာ တစ်ယောက်တည်း ပေတေလိမ်ကျစ်နေတော့ ပို ဆိုးသည်။

မတတ်နိုင်သည့်အဆုံး တစ်ယောက်တည်း တုန်တုန် ချိချိနဲ့ ဆေးခန်းပြေးရသည်။

စိတ်တွေလည်း ညစ်နေသည်။ မိဘအိမ်လည်းမပြန် ချင်။ ဆေးခန်းပုံမှန်ပြလိုပေမယ့် စိတ်က မထူတော့ လူက မလန်း။

လူမလန်းမှတော့ အဖျားကလည်း မပျောက်။ တက် လိုက်ကျလိုက်ပဲ။





မီးပူတိုက်စရာ အဝတ်တွေလည်း ပုံနေပြီ။ ဝယ်စား ရတဲ့ရက်တွေလည်း ဆက်နေပြီ။

တစ်ပတ်ကြာတဲ့အထိ အရိပ်ကလေး ပြန်မလာ။ မနေနိုင်တဲ့အဆုံး သူ့ဆီ ဖုန်းလှမ်းဆက်လိုက်သည်။ ထုံးစံမပျက် ပါ။ လုံးဝမကိုင်။ နော်နီနီဆီဆက်တော့ကိုင်သည်။

နယ်ကပြန်ရောက်တာ နှစ်ရက်ရှိပြီတဲ့။ အရိပ်ကလေး က စတူဒီယိုမှာ နေနေသည်တဲ့။

ရတု ဘာလုပ်ရမလဲ။ ပြန်ရမလား။ သူ့ကိုဆက် စောင့်ရမလား။ သူနဲ့ ရတုတို့ ရှင်းရှင်းလင်းလင်း စကားပြောသင့် သည် ထင်ပါတယ်။

နွေခေါင်ခေါင်မှာ နှင်းကျဖို့ဆိုတာ မဖြစ်နိုင်ဘူးလေ။ ဒီတော့ ပြတ်ပြတ်သားသား ဆုံးဖြတ်သင့်တဲ့အချိန်ကို ရောက်ပြီ ပေါ့။

အရိပ်ကလေးရှိတဲ့ စတူဒီယိုကိုတော့ လိုက်မသွား ချင်။ အရိပ်ကလေးက ကြိုက်မှန်း၊ မကြိုက်မှန်း မသိဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် နော်နီနီကတစ်ဆင့် အရိုပ်ကလေးကို စကားပါးရသည်။ သူမနှင့် လာတွေ့ဖို့ပေါ့။ ပြတ်ပြတ်သားသား ရှင်းလင်းဖို့ ဆွေးနွေးရန်ဟု ခေါင်းစဉ်တပ်ကာ နော်နီနီကို ပြော ခိုင်းရသည်။

ရတု ရင်ထဲ ဆူးတွေ တစ်ချောင်းပြီးတစ်ချောင်း စူးနေပါသည်။

နော်နီနီနဲ့ ပတ်သက်တိုင်း ရင်ထဲမှာ နာရသည်။ နော်နီနီနဲ့ အရိုပ်ကလေးရဲ့ဆက်ဆံရေးကို သံသယဝင်မိတိုင်း နာကျင်ရသည်။

တကယ်တော့ သူမ မခံစားသင့်ပါ။ သူမ ခံစားစရာ မလိုပါ။ အရိုပ်ကလေးက သူမနဲ့ ဘာမှမပတ်သက်ထားဘူးလေ။ ခံစားရလောက်တဲ့ ပတ်သက်မှုမျိုး မရှိဘူးလေ။ အရိုပ်ကလေးက သူမရဲ့နာမည်ကို ဒဏ်ရာကြီးကြီးပေးခဲ့ရုံကလွဲပြီး သူမဆိုတာကို အတွေးထဲ မရှိသူပါ။ နေချင်နေ၊ ပြန်ချင်ပြန်ဟု ဥပေက္ခာပြုထား သူပါ။ ဆက်နေနေတာက သူမရဲ့လေးဆပ်မှုသက်သက်ပါ။ သူမ အရိုပ်ကလေးကို ဘာပတ်သက်ခွင့်မှ မရှိပါ။ ဒါပေမဲ့ကွယ်_။





သူမ ခံစားရတယ်။ အထူးသဖြင့် နော်နီနီနဲ့ ပတ်သက်ရင်ပေါ့။ သေချာသွားပြီ။ သူမက အရိုပ်ကလေးကို အရမ်းကို ချစ်နေမိတယ်။ သူမကိုယ်သူမတောင် မသိဘဲ အရိုပ်ကလေးကို ချစ်မိသွားတာပါ။

နော်နီနီနဲ့ အရိုပ်ကလေးတို့ ရယ်မောပျော်ရွှင်နေရင် မနာလိုစိတ်နဲ့ အားကျမိသလို အရိုပ်ကလေးကို နော်နီနီက နှစ် သိမ့်ပေးတာတွေ့ရင်လည်း သူမသာ နှစ်သိမ့်ပေးသူ ဖြစ်ခွင့်ရချင် သယ်။ ဒါပေမဲ့လေ ...

သူမ မပြုခဲ့တဲ့ ကံအကြွေးကို ဆပ်ရမှာမို့ ဒီဘဝ အတွက်တော့ ဝေးပါပြီ။ အခု သူမ ဦးလင်းမောင်ကို တတ်နိုင် သလောက် ပြုစုရင်း ပေးဆပ်လိုက်ပါသည်။ သူမရဲ့နာမည်ကို ညည်း နင်းချေခွင့် ပေးလိုက်ပါပြီ။ သူမ ဆက်ပြီးမတတ်နိုင်တော့ပါ။

သူမ အရိုပ်ကလေးနားမှာ ဆက်နေနိုင်စွမ်း မရှိ တော့ပါ။ အရိုပ်ကလေးနဲ့ အဝေးဆုံးကို ထွက်သွားဖို့ ဆုံးဖြတ် လိုက်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



မဆုံသောလမ်းကို အစကတည်းက ခင်းထားပြီး သားမှန်းသိရင် သူမ အရိပ်ကလေးဆီ ဖုန်းသရဲ မလုပ်ခဲ့ပါဘူး ကွယ် ...။

✧❤✧





အရိပ်ကလေးနဲ့ နော်နီနီတို့ ရောက်လာတော့ သူမ အနိုင်နိုင် အားယူပြီး တံခါးထဖွင့်ပေးရသည်။

"ဟယ် ... မရတု၊ ပိန်သွားလိုက်တာ၊ နေမကောင်းဘူး လား"

"ဟုတ်တယ် နော်နီနီ၊ ရတု ဖျားနေလို့ ... အဟွတ် ... ဟွတ် ... ဆောရီး"

အရိပ်ကလေးလည်း အံ့ဩသွားသည်။ ဒီအမျိုးသမီး တော်တော်ဖျားနေပုံပဲ။ လူက ခပ်ယဲ့ယဲ့နဲ့။ ဒါတောင် မပြန်သေး ဘဲ ဒီမှာ ဘာလုပ်နေပါလိမ့်။ သူ့ဆီကများ မျှော်လင့်နေတာ ဆိုရင်တော့ မောရုံပဲ ရှိလိမ့်မည်။ ဦးကျော်ခရဲ့ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်တိုင်အောင်တောင် အမုန်းကြေမှာ မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



“အရိပ်ကလေး”

“ပြော”

“တို့ အိမ်ပြန်တော့မယ်”

“အဲဒါ ကျွန်တော့်ကို အသိပေးနေစရာ မလိုပါဘူး။ ခင်ဗျားကို ကျွန်တော် ပြောပြီးသား၊ ပြန်ချင်ပြန် မပြန်ချင်နေလို့”

“ဟုတ်ပါတယ်၊ အဟွတ် ... ဆောရီး ... အဟွတ်ဟွတ်၊ တို့က လိုလိုလားလားကို နေတာပါ။ အရိပ်ကလေးတို့ သားအဖရင်ထဲမှာရှိတဲ့ အမုန်းတွေကို မချေဖျက်နိုင်ရင်တောင် ... အဟွတ်ဟွတ် ... သက်သာလို သက်သာငြား ဆိုပြီး တို့ တတ်နိုင်သလောက် လက်စားအချေခံလိုက်တာပါ။ ခုဆို ပတ်ဝန်းကျင်မှာ တို့နာမည်ကလည်း လူတကာ တံတွေးခွက်မှာ ပက်လက်မျောနေပါပြီ။ တို့ကိုယ်တိုင် အမျောခံပြီး ဆက်နေခဲ့တာပါ။ ပြီးတော့ ဦးလေးကိုလည်း တတ်နိုင်သလောက် ပြုစုပေးတာလည်း ဒီသဘောပါပဲ။





ဦးလေးရဲ့စိတ်ထဲမှာ တို့ကို နိုင်စားခွင့်၊ လက်စားချေခွင့် ... အဟွတ် ... ဟွတ် ... ဟွတ် ... ဟွတ် ... ဆောရီး”

ရတုက နားပြီး ရေသောက်လိုက်သည်၊

“တို့ကို တုံ့ပြန်ခွင့်ရလို့ စိတ်သက်သာစွာနဲ့ ဘဝကူးနိုင်ပါစေဆိုပြီး တို့ ဆက်နေခဲ့တယ်၊ ပြုစုခဲ့တယ်။ အခုတော့ တို့ သွားဖို့သင့်ပြီ။ သွားတော့မယ်။ မေမေ့ကို တို့မိသားစုကို နာကြည်းနေမယ့်အစား ဘဝကို ပျော်ရွှင်စွာ ဖြတ်သန်းဖို့ ကြိုးစားပါလို့။ တို့ အရိပ်ကလေးအတွက် ပြောတာပါ ... အဟွတ် ... ဟွတ် ... ဆောရီး”

အရိပ်ကလေးက ပခုံးတွန့်လိုက်သည်။

“ရော့”

ရတုက apple iphone လေးကို သူ့ကိုလှမ်းပေးသဖြင့် မယူသေးဘဲ ကြည့်နေလိုက်သည်။

“တို့ ဒီနံပါတ်ကို ဝယ်ပြီးကတည်းက လူတစ်ယောက်ဆီကိုပဲ ဆက်ခဲ့ဖူးတယ်။ အရိပ်ကလေးနဲ့ ပတ်သက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အမှတ်တရပေါ့။ တို့ သွားပြီ ... အဟွတ် ... ဟွတ်။

နော်နီနီ ...သွားပြီနော်"

"မရတု"

နော်နီနီက စိတ်မကောင်းသလို ကြည့်နေသည်။ ရတုက ဖုန်းကို အရိပ်ကလေးရှေ့ ချပေးထားခဲ့ပြီး ပိုက်ဆံအိတ်လေးယူကာ လမ်းထိပ်ဘက် လမ်းဖြည်းဖြည်း လျှောက်သွားသည်။ သူမအသုံးအဆောင်တွေ ဘာမှမယူသွားတဲ့ သဘောပေါ့။

သူမလို သူ့ဧည့်သမီးအတွက် ဒီအသေးသုံးလေးတွေက ပမွှားလေးတွေကိုး။ ထားခဲ့မှာပေါ့။

နော်နီနီက ကားသော့ဆွဲကာ ...

"သူ နေမကောင်းပဲ တစ်ယောက်တည်း ထွက်သွားတယ်ဟယ်၊ ငါ လိုက်ပို့ပေးလိုက်ဦးမယ်ဟယ်"

အရိပ်ကလေးကတော့ ဥပေက္ခာပြုထားမြဲ။

✧ ❤ ✧





နောက်ဘက်က ကားဟွန်းတီးသဖြင့် အရိပ်ကလေးများ လိုက်လာသလားလို့ ဝမ်းသာသွားတာ။

နော်နီနီ ဖြစ်နေသည်။

"မရတု ... လာ၊ ကားပေါ်တက်။ ကျွန်မ လိုက်ပို့ပေးမယ်"

ရတု မငြင်းနိုင်တော့သဖြင့် တက်လိုက်သည်။ ရတု ပင်ပန်းနေပြီလေ။ အိမ်ကို အမြန်ဆုံး ပြန်ရောက်ချင်နေပြီ။

"မရတု ... ကျွန်မ စကားနည်းနည်းပြောလို့ ရမလား"

"ပြောပါ နော်နီနီ"

"ကျွန်မ မရတုကို ချီးကျူးတယ်။ မရတု စိတ်ဓာတ်ကိုလည်း အထင်ကြီးတယ်၊ ဒါပေမဲ့ မိန်းကလေးချင်းလည်းကိုယ်ချင်းစာမိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် နော်နီနီ။ တစ်ခုပဲ တို့တောင်းဆို ချင်တယ်။ အရိပ်ကလေးက ဦးလေး ဆုံးထားတာဆိုတော့ စိတ်ညစ်နေမှာ။ သူ့ကို ဂရုစိုက်လိုက်ပါဦးနော်"

"စိတ်ချပါ၊ သူ့အတွက် ပူပေးနေသေးတယ် မရတုရယ်။ ကိုယ့်ဘာသာ နေကောင်းအောင်နေပါ"

ရတုအိမ် ရောက်တော့ ...

"ကျွန်မ မဆင်းတော့ဘူးနော်၊ မျက်နှာပူလို့"

"ဒီထိပို့ပေးတာပဲ ကျေးဇူးတင်ပါတယ် နော်နီနီရယ်"

"သွားပြီ"

ရတုတို့ အိမ်သားတွေ ထွက်လာတော့ နော်နီ့ကား လေးက ခြံဝဘက် ပြန်လှည့်နေပြီ။

အရိပ်ကလေးဆီ ပြန်ရောက်တော့ အရိပ်ကလေး ကလည်း ဂစ်တာကို ကြမ်းကြမ်းရမ်းရမ်း တီးနေသည်။

"အရိပ်ကလေး ... နင် ဘာမှမခံစားရဘူးလား"

အရိပ်ကလေးက ဘာမှပြန်မပြော။





"သူက မှာလိုက်သေးတယ်။ နင့်ကို ဂရုစိုက်ပါတဲ့"

"အဲဒီမိန်းမ အံ့ဩဖို့တော့ ကောင်းတယ်၊ ခန္တီ့ပါရမီပြည့် တာလား"

"ငါကတော့ အဲဒီလိုမထင်ဘူး။ သူ နင့်ကို တကယ်ချစ် လို့ ဒီလိုလုပ်တာလို့ပဲ ထင်တယ်"

"မဖြစ်နိုင်တာ"

"မိန်းမချင်း သိတယ်ဟဲ့။ သူ နင့်ကို အရမ်းချစ်တာ။ အဲဒါကြောင့် နင် စိတ်ကျေနပ်အောင် လက်စားချေခွင့် ပေးသွားတာ"

"ငါတော့ မထင်ဘူး"

"သူပေးသွားတဲ့ဖုန်းကို ဖွင့်ကြည့်သေးလား"

"ဟင့်အင်း"

နော်နီနီက ဖုန်းထဲမှာ ရှာဖွေရင်း လုပ်ရင်း ...

"ဟဲ့ ... သူက နင်နဲ့ပဲ စကားတွေပြောထားတာပဲ။ ဒီမှာ လေ ... နင့်နံပါတ်ကို နေ့တိုင်းခေါ်ထားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"နင် ရှိုးဆိုနေတဲ့ပုံတွေကို ရိုက်ထားတာလည်း အများကြီးပဲ။ နင့်ခါတ်ပုံတွေချည်းပဲ။ အဲဒါ နင်တို့ခိုးမပြေးခင်။ နင်သူ့ကို မလိုက်ခင်တည်းက ပုံတွေပဲ"

အရိုပ်ကလေး စိတ်ဝင်တစားနဲ့ယူကြည့်သည်။ သူမ ဖုန်းနံပါတ်ကို စစ်လိုက်တော့မှ သူ့ဆီ ကိုးနာရီထိုးတိုင်း ခေါ်တတ်သောဖုန်းနံပါတ် ဖြစ်နေသည်။

"သူ သနားပါတယ်ဟယ်"

အရိပ်ကလေးလည်း ရင်ထဲတစ်မျိုးဖြစ်သွားသည်။

✧ ❤ ✧





အရိပ်ကလေး စိတ်တွေရှုပ်နေသဖြင့် အခန်းအောင်းနေမိသည်။

ဒီအခန်းထဲမှာ အဖေ့အရိပ်တွေနဲ့အတူ ရတုကျော်ခရဲ့အရိပ်တွေကိုပါ မြင်ယောင်နေမိသည်။

သူ့အဝတ်အစားတွေကို လျှော်ဖွပ်မီးပူတိုက်ပေးထားပေမယ့် သူမအဝတ်အစားတွေကိုတော့ မီးပူမတိုက်နိုင်ဘဲ ပုံနေ၏။ သူမ နေမကောင်း၍ ပုံနေသည်ထင်ပါရဲ့။

အမှိုက်ပုံးထဲမှာလည်း ဖော့ဘူးတွေတန်းစီနေသည်။ သူမတစ်ယောက်တည်း ဝယ်စားနေပုံပဲ။

သူမ အိပ်ရာဘေးမှာ ဆေးထုပ်လေးတွေ တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် သူ့ဆီကို ဟိုးအရင်ကတည်းက ဖုန်းဆက်နေခဲ့သူ။

သူ့ကို တကယ် နှစ်သက်သဘောကျခဲ့သူ။

ထို့ကြောင့် သူခိုးပြေးတဲ့ညက မပြန်ခဲ့တာလား ?။

နော်နီနီ ပြောသလို တကယ်ပဲ သူ့ကိုချစ်ခဲ့တာလား ? ။

ဒါပေမဲ့ အရာအားလုံးက ပြီးဆုံးသွားခဲ့ပါပြီ။ ပြီးတော့ ထူးထူးဆန်းဆန်း သူ့ရင်ထဲမှာ ဦးကျော်ခအပေါ် မကျေနပ်သည့် စိတ်တွေ လျော့သွားသလိုလို။ လုံးဝအရှင်းကြီး ပျောက်သွားတာ မဟုတ်ပေမယ့် နည်းနည်းတော့ သက်သာသွားသည်။

ပတ်ဝန်းကျင်မှာတော့ အရိပ်ကလေးဟာ မိန်းမရှုးတဲ့သူ ဖြစ်နေပြီ။

ရတုကျော်ကလည်း အမည်းစက် ထင်သွားပြီ။

မရတု ထားခဲ့တဲ့ဖုန်းကို ဖွင့်ကြည့်ရင်း သူတို့ရှိုးဆိုတိုင်း သူမတို့အဖွဲ့ လာအားပေးတာကို သဟိရသည်။





မရတုသည် သည်းခံနိုင်စွမ်း ပြည့်ဝသူ။ ပြီးတော့ တရားမျှတသူ ထင်ပါရဲ့။

ခုတော့ သူမကိုယ်စား သူမအုံးခဲ့တဲ့ ခေါင်းအုံးလေးကိုပဲ ဖက်မိသည်။ နိုင်ငံခြားဖြစ် ခေါင်းလျှော်ရည်ရနံ့လား။ ခေါင်းလိမ်းဆီရနံ့လား၊ မသိပါ။ ရနံ့က မပြင်းပြဘဲ သင်းသင်းပျံ့နေသည်။

သူသည် သူမအပေါ် ရက်စက်မိပြီလား။ တကယ်က မရတုမှာ အပြစ်မှမရှိတာ။ ပြီးတော့ ကိုယ့်ကို ခရေဓိဖြစ်တဲ့ ဇရိသတ်တစ်ယောက်။ ထို့ထက် ပိုဆိုးတာက သူမက သူကို သံယောဇဉ်ရှိပုံပဲ။

သူ ရက်စက်လိုက်မိသည်။ သူတစ်ယောက်တည်း ဒီအခန်းထဲမှာနေရတာ တစ်ခုခုလိုနေသလို ခံစားရသည်။ အဖေမရှိလို့လား။

အဖေ့ပစ္စည်းတွေအားလုံးကိုလည်း သပ်သပ်ရပ်ရပ် သိမ်းဆည်းပေးထားတာ တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



တကယ်က ရတုကျော်ခက သူတို့မိသားစုအပေါ် ဘာမှ မကျူးလွန်ခဲ့။ အပြစ်ရှိတာက ဦးကျော်ခ။ သူတို့လက်စားချေတာ မှားပြီထင်သည်။

ရတုကျော်ခသည် သူမဖခင်၏ အပြစ်ကြွေးကို ချေတယ်ဟု ပြောပေမယ့် တကယ်တမ်းမှာ သူ့ကိုချစ်၍ နေပေးသွားခဲ့တာပါ။

သူကရော။

ဦးကျော်ခရဲ့သမီးကို သူ မချစ်ပါ။ သူ ဘယ်တော့မှ ချစ်မှာမဟုတ်။ ရတုကျော်ခသာ ဦးကျော်ခသမီး မဟုတ်ခဲ့ရင် သိပ်ကောင်းမှာပဲ။

ရတုကျော်ခသာ ဦးကျော်ခနဲ့ သားအဖ မတော်စပ်ခဲ့ရင် သူ မရတုအပေါ်မှာ အမြင်ပြောင်းချင် ပြောင်းသွားနိုင်သည်။

အရိပ်ကလေး စိတ်တွေလေနေသည်။ အမြဲတမ်းဖြူစင်ရိုးသားစွာ နေခဲ့တဲ့ အရိပ်ကလေး အာဃာတမီးကြောင့် ပူလောင်နေရပြီ။





အဖေလည်း မရှိတော့။ တွယ်တာစရာ သံယောဇဉ်မရှိတဲ့ တစ်ကိုယ်ရေတစ်ကာယသမားတစ်ယောက် ဖြစ်နေပြီ။ ရည်ရွယ်ချက်လည်း မရှိတော့။

ဘဝကြီးက အဓိပ္ပာယ်မဲ့သလို ခံစားရသည်။ ဘာမှလဲ လုပ်ချင်ကိုင်ချင် စိတ်မရှိ။

နည်းနည်းပတ်သက်ခဲ့တဲ့ မရတုကိုလည်း သတိရသလိုလိုဖြစ်နေ၏။

နေလို့ ထိုင်လို့ကို မကောင်း။

နောက်ကြည့်တော့ ကျော၊ ရှေ့ကြည့်တော့ရင်ဘတ်။

အကြင်နာက နတ္ထိ။

သံယောဇဉ်က ဗလာ။

အနာဂတ်မဲ့ သီချင်းကို ခဏခဏညည်းရင်း နာရီတွေကို မသိလိုက်ခင်မှာပဲ ရက်တွေကို လ,က စားသွားသည်။

ကြယ်ကြွေတာကို မြင်ရင်တောင်မှ ဘာဆုတောင်းရမလဲ မသိတဲ့အဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ညစ်လို့ ဘုရားသွား။ ဘုရားရှိခိုးပြီးတောင် ဆုတောင်းစရာမရှိ။

လူက ကြောင်စီစီကို ဖြစ်နေပြီ။

✧ ❤ ✧





နော်နီနီ ရောက်လာတော့ အခန်းထဲမှာ တံမြက်စည်း အရင်လှည်းရသည်။ ထိုင်စရာနေရာ မရှိလို့လေ။

"ဟယ် ... နင် ဘာလို့ ဒီလိုလုပ်နေတာလဲ။ ဖြစ်ကရပ် ဆန်းပဲ။ အခန်းထဲမှာ ရှုပ်ပွနေတာပဲ။ ဘာတွေဖြစ်နေတာ လဲ"

"မြင်တဲ့အတိုင်းပဲဟာ။ မာတ်ကျနေတယ်"

"ဖြစ်ရမယ်။ နင့်မြင်ရတာ စိတ်မချမ်းသာလိုက်တာဟယ်။ ငါ မရတုကိုလည်း ဖုန်းဆက်လိုက်သေးတယ်။ သူလည်း အရမ်းဖျားနေတယ်။ တိုက်ဖွိုက်ဖြစ်သွားတာ"

"ဟုတ်လား ... သနားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သနားတယ်"

"ငါ့စိတ်တွေကိုလည်း ငါမသိတော့ဘူး ကရင်မရေ။ တကယ်တော့ သူ့မှာ အပြစ်မရှိဘူးလို့လည်း ငါထင်နေတယ်"

"သေချာတာပေါ့ဟာ၊ သူ့မှာ အပြစ်မရှိပါဘူး၊ သူ့အဖေ အပြစ်လုပ်ခဲ့တဲ့ အချိန်က သူတို့လည်း ကလေးပဲရှိသေးတာ။ ဘာသိမှာလဲဟာ"

"ငါ အမှားလုပ်မိပြီထင်တယ်"

"နင်ကတော့ နှောင်တ,ကမ္ဘာထဲက ရုန်းမထွက်နိုင် ဖြစ်နေတယ်။ နင် မှားတယ်ထင်ရင် သူ့ကို တောင်းပန်လိုက်ပေါ့"

"နေပါစေတော့"

"နင့်ကို သူက ချစ်နေတယ်လေ။ နင်တရော ... တကယ်လို့သာ နင်လည်း သံယောဇဉ်ထားနိုင်တယ်ဆိုရင် နင်တို့က နီးပြေးပြီးသားပဲလေ။ ပတ်ဝန်းကျင်ကလည်း အသိအမှတ်ပြုထားပြီးသား။ နင် ကြိုးစားလို့ရတယ်"

"တော်ပါပြီ"





"တကယ်တော့ တစ်ကောင်ကြွက်ဘဝရဲ့ အထီးကျန်မှုက အရမ်းဆိုးတယ် အရိပ်ကလေး။ နင်က အစမို့လို့ မခံစားမိသေးတာဖြစ်မယ်။ ငါဆိုရင် အဲဒီအထီးကျန်ဝေဒနာကို တစ်သက်လုံး ခံစားရတော့မှာ။ နင့်မှာက အခွင့်အရေးရှိသေးတယ်"

"ကရင်မ"

"ပြော"

"ငါ နင့်ကို လက်ထပ်မယ်"

"ရူးပြန်ပြီလား။ ဟား ဟား ... ငါက ငါ့ချစ်သူအပေါ် တစ်သက်လုံး သစ္စာရှိစွာနဲ့ တစ်ယောက်တည်းနေသွားဖို့ ဆုံးဖြတ်ပြီးသား။ ငါ အထီးကျန်တိုင်း၊ ပျော်ရွှင်တိုင်း၊ ဝမ်းနည်းတိုင်း ငါ့ချစ်သူကို အားရပါးရ လွမ်းတယ်။ နင့်မှာ အဲဒီလို လွမ်းစရာရှိလို့လား၊ ငါကတော့ နင့်ကို နှောင်တ ထပ်မရစေချင်ဘူး။ မရတုကို ဆက်သွယ်လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဦးကျော်ခ သမီးကို လက်မထပ်ချင်ဘူး"

"ဒါပေမဲ့ နင် သူ့ကို ခိုးပြေးထားတယ်။ နင်နဲ့အတူ နစ်လကျော် နေသွားတယ်။ အဲဒီအတွက် အပြစ်မရှိတဲ့ ရတုကျော်ခရဲ့ နစ်နာမှုကို နင် ထည့်မတွက်တော့ဘူးလား"

"ငါ"

"အပြစ်ရှိတဲ့သူကို ဘုရားကပဲ အပြစ်ပေးပါလိမ့်မယ်ဟာ။ နင်ကထပ်ပြီး အပြစ်မလုပ်ပါနဲ့တော့"

"ငါ သေချာ စဉ်းစားလိုက်ဦးမယ်ဟာ"

"အကောင်းမြင်အတွေးနဲ့ပဲ စဉ်းစားပါဟာ၊ ငါကတော့ နင့်ကို သားသမီးတွေ သိုက်သိုက်ဝန်းဝန်းနဲ့ မိသားစုဘဝကြီးကို ပိုင်ဆိုင်စေချင်တယ်၊ နင် အိမ်ထောင်ပြုရင် ကလေးတွေ အများကြီးယူနော်၊ အဲဒါမှ ငါတို့လို တစ်ကောင်ကြွက် မဖြစ်မှာ"

"အရေးထဲ သူကတစ်မျိုး"





"ဦးကျော်ခရဲ့အဖြစ်ကို အဲဒီအပြစ်ကပဲ ဒဏ်ပြန်ခတ်လိမ့်မယ်။ နင်က မတုံ့ပြန်နဲ့နော် အရိပ်ကလေး။ ပြုသူအသစ် မဖြစ်စေနဲ့"

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



အရိပ်ကလေးသည် ပုတုကို သတိရတာနဲ့ ဘုရားသို့ ထွက်ခဲ့သည်။ ဘာလုပ်ရမှန်း မသိဘဲ လေနေချိန်မှာ ပုတုကိုတွေ့ရင် စိတ်အပြောင်းအလဲများ ဖြစ်လာမလားလို့ပါ။

"ဟဲ့လို"

ဖုန်းမြည်လာသဖြင့် ထူးလိုက်တော့ ကရင်မ။

"အရိပ်ကလေးရေ ... ပွဲရှိတယ်၊ နင်ဆိုမှာလား။ ဆိုမယ်ဆို လာခဲ့။ သီချင်းတိုက်ရအောင်"

"ဆောရီးဟာ ... ငါမဆိုနိုင်သေးဘူး။ သီချင်းလည်းတိုက်လို့ရမှာ မဟုတ်ဘူး။ နောက်မှ ..."

"ပြီးရော ... နင် အခု ဘယ်မှာလဲ"





"ဘုရားသွားနေတာ"

"ငါဆီက ကားလာယူတာ မဟုတ်ဘူး"

"ရတယ် ... ငါ တက္ကစီနဲ့ သွားနေတာ"

"ပိုက်ဆံရော ရှိရဲ့လား"

"ရှိပါတယ်"

"အေး ... ဒါဆို ငါ ဖုန်းချလိုက်တော့မယ်"

"အင်း"

ဘုရားရောက်တော့ ပုတုရှိမယ့် ဆောင်းတန်းကို အရင်သွားမိသည်။

ပုတုတို့ဘုရားပန်းဆိုင်လေး ပိတ်ထားသည်။ ကျွန်ုပ်သူ့မောင်လေး သောင်းကျန်းပြန်ပြီထင်တယ်။

အားက မဝါကြည် ဆိုသည့် အစ်မကြီးကိုတော့ တွေ့သည်။ အဲဒီအစ်မဆီ စုံစမ်းကြည့်မှပဲ။

"မောင်လေးရေ ... နင်းဆီ၊ သပြေ အဖူးအညွန့်လေးတွေ ရှိတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အစ်မ သပြေတစ်စည်း။ ဖယောင်းတိုင် အမွှေးတိုင်လည်း ယူမယ်"

"ရမယ် ... ရမယ်၊ ကြာတတ်တာတွေ မကြာစေဖို့ ကြာပန်းလေးရော လှူပါဦးလား မောင်လေး။ ကြာပန်းရခဲတယ်။ ဒီနေ့ ရှားရှားပါးပါး ကြာဖြူလေးတွေ ရထားလို့"

"ဟုတ်ကဲ့ ... ယူလိုက်မယ် အစ်မ"

မဝါကြည် ပန်းတွေစည်းနေတုန်း စကားစလိုက်သည်။

"ဒါနဲ့ ဒီဘက်က ပုတုတို့ဆိုင်က မဖွင့်တော့တာလား အစ်မ"

"သြော် ... ပုတုတို့ အသိလား။ ဒီနေ့ပဲပိတ်တာ မောင်လေးရဲ့၊ ဖွင့်တယ်။ ဒီနေ့ ပုတု မင်္ဂလာဆွမ်းကျွေးလေ။ အစ်မတောင် မနက်ကသွားပြီးမှ ခုနမှ ဆိုင်လာဖွင့်တာ"

"ဗျာ"





ရင်ထဲ လှစ်ခနဲ ဟာသွားသည်။ အဲဒီအစ်မကြီးက သူ့ကို အကဲခတ်နေ၍ မေးမိမေးရာ ...

"သူ့မောင်လေးရော ဘယ်လိုနေလဲ အစ်မ၊ ဆေးရုံမှာပဲလား"

"ဆေးရုံက ဆင်းလိုက် တက်လိုက်ပါပဲ။ ဖိုးကွေးအကြောင်းပါ သိတယ်ဆိုတော့ ရင်းနှီးတယ် ထင်တယ်၊ အစ်မ ဘယ်သူလို့ ပြောလိုက်ရမလဲ"

"ရတယ် အစ်မ၊ သူတို့ဆီ ပန်းဝယ်နေကျပါ"

"သြော် ... ပုတုကလေးလည်း အိမ်ထောင်ဖက်ကောင်း နဲ့တွေ့တာပါ။ သူ့အမျိုးသားက ရာထူးရှိရှိထဲကလေ၊ စီးပွားရေးလည်း ခပ်ကောင်းကောင်းဆိုတော့ အခြေကျလှပြီပေါ့လေ။ အစ်မတို့တောင် သူ့အတွက် ဝမ်းသာနေတာ"

"ကြားရတာ စိတ်ချမ်းသာစရာပဲ အစ်မရယ်၊ ကျွန်တော်လည်း ဝမ်းသာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲမှာ ငြိမ်းချမ်းသွားသလိုပဲ။ မီးနဲ့ရေ လွန်ဆွဲတဲ့ ဘဝတွေမှာ မီးများတော့ ပူလောင်ရ၊ ရေများတော့လည်း ငြိမ်းချမ်းပြန်တာပေါ့လေ။

✧ ❤ ✧





ပုတုဆိုသော ကောင်မလေးကို တစ်ချိန်က စိဘ်ဝင်စားမိခဲ့သား။

ခုတော့ နောက်ကျပြန်ပြီ။ ဒါပေမဲ့လည်း သူ ပုတုအတွက် တကယ်ဝမ်းသာပါသည်။ သူ့လို ဘာမှမရှိတဲ့လူထက်စာရင် အခု ပုတု လက်ထပ်လိုက်သည့်သူက အများကြီးသာမှာပါ။ မဝါကြည် စကားအရ ဆိုရင်ပေါ့လေ။

သူ့မှာက ရာထူးမရှိ၊ စီးပွားမရှိ၊ ခိုင်မာမှု ဘာမှမရှိ။ လတ်တလော အလုပ်အကိုင်ကလည်း မသေချာသည့် အနုပညာအလုပ်။

မရေရာသည့် အနာဂတ်ထဲမှာ ပုတုရဲ့ဘဝကို အာမခံချက်မှ မပေးနိုင်တာ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ညစ်တာထက် စိတ်လေနေသည်။ ဦးကျော်ခကိုလည်း လက်စားမချေချင်တော့။ ရတုကျော်ခအပေါ် မှားမိတဲ့အမှားနဲ့ပဲ သင်ပုန်းချေလိုက်တော့မည်။ အဲဒီအတွက် အဖေနဲ့အမေ ကျေနပ်ပါစေဟုပဲ ဆုတောင်းမိသည်။

တစ်ရက်မှာတော့ သူ လုံးဝမမျှော်လင့်ထားသော ဖုန်းဝင်လာခဲ့သည်။

"ဟဲလို"

ထိုဖုန်းကို ဘာလို့ကိုင်လိုက်မိမှန်း မသိခင်မှာပဲ ပါးစပ်က ထူးပြီးပြီ။

"ဖုန်းလက်ခံပြောတဲ့အတွက် ကျေးဇူးတင်ပါတယ် အရိုပ်ကလေးရယ်"

မရတုအသံ တိုးဖွဖွကို မကြားရတာ ကြာပြီပဲ။ မကြားရတာ ဆိုတာထက် နားမထောင်ခဲ့တာဆိုရင် ပိုမှန်ပါလိမ့်မယ်။

"အရိပ်ကလေး မ,တစ်ခု တောင်းဆိုချင်လို့ပါ"





"ဘာများလဲ"

"လိုက်လျောပေးပါလို့ တောင်းပန်ချင်တယ် မငြင်းစေချင်ဘူး"

"ဒါကတော့ နားထောင်ပြီးမှ ဆုံးဖြတ်လို့ ရမှာပေါ့"

"ဒါဟာ တို့ဘဝရဲ့ တစ်ခါတည်းသော တောင်းဆိုမှုနဲ့ နောက်ဆုံးပတ်သက်မှုပါ အရိပ်ကလေး ဒုလ္လဘမဝတ်ရသေးဘူးမို့လား၊ တို့ အရိပ်ကလေးကို ရဟန်းဘောင်တင်ပေးချင်လို့"

"ဗျာ"

"အခု အရိပ်ကလေး တစ်ယောက်တည်းဆိုတော့ မေ့ချင်မေ့နေမယ်၊ မိဘတွေလည်း မရှိတော့ဘူးဆိုတော့ တို့အလုပ်ပေးချင်တယ်"

သူ ဘာပြောရမှန်းမသိ။ ကြက်သီးမွေးညင်းတွေ ထောင် ထလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အရိပ်ကလေး ဘယ်နှရက်ပဲ ဝတ်ဝတ်ပေါ့လေ။ ခုနစ်ရက်၊ ကိုးရက်၊ ဆယ့်တစ်ရက်၊ တစ်လ စသဖြင့်တော့ ဝတ်ကြတာပဲ။ လတ်တလော ပူဆွေးနေတာတွေကိုလည်း တရားနဲ့ဆေးကြောပြီး အေးငြိမ်းစေချင်လို့ပါ"

"မရတု"

"ဒီတစ်ခုတည်းပါ၊ လိုက်လျောပေးပါနော်။ တို့ရဲ့မဖြစ်စလောက် ပတ်သက်မှုအတွက်ပဲဖြစ်ဖြစ် တို့ကို ... တို့ကို ... အရိပ်ကလေးရဲ့ရဟန်းဒါယိကာမ ဖြစ်ခွင့်ပေးပါ"

အရိပ်ကလေး ဘာပြောရမှန်းမသိ။ အရွယ်ရောက်ကတည်းက လုပ်သင့်လုပ်ထိုက်တာကို လုပ်ဖို့မေ့နေခဲ့တာပါ။ အဖေကလည်း အရက်ကို ဖက်တွယ်ပြီး အရာအားလုံးကို ဥပေက္ခာပြုထားခဲ့သူ။ သူကိုယ်တိုင်ကလည်း အာဃာတတွေနဲ့ပဲ ပိတ်လှောင်နေခဲ့တာ။

ကိုယ့်စိတ်ကို လှောင်ချိုင့်ထဲ သွင်းခဲ့တာ ကိုယ်ကိုယ်တိုင်ပါပဲ။





ခုတော့ ...

မရတုက ဒုလ္လဘဝတ်ပေးမတဲ့။ ရင်ထဲမှာ ကြည်နူးသွားတာတော့ အမှန်ပဲ။ ဗုဒ္ဓဘာသာဝင်တစ်ယောက်ရဲ့ အမွန်မြတ်ဆုံး သာသနာ့အမွေခံရမယ့်ကိစ္စက ငြင်းကောင်းတဲ့အရာမဟုတ်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



အရင်ကထက်စာရင် ပိန်သွားရှာသည်။ ပရိက္ခရာရှစ်ပါးစုံဖြင့် လှူဖွယ်ပစ္စည်းအစုံ။ ကျောင်းရှိ သံဃာကုန် ဆွမ်းကပ်ကာ ရေစက်ချ တရားနာပြီး သူ့ကို မွန်မြတ်လှသော ရဟန်းဘဝကို ကူးပြောင်းပေးသည်။

မရတုနှင့် သူ့အမေပဲလာကာ ဦးကျော်ခ မပါ။ မပါတာပဲ ကောင်းပါသည်။ ဦးကျော်ခ မျက်နှာကို မြင်ရရင် သူ စိတ်သန့်မှာမဟုတ်။ အာဃာတမီးတွေ ထကြွလာနိုင်သေးသည်။

မရတု မိခင်က အေးချမ်းပါသည်။ သူ ဆံမချခင် စကားလာပြောသည်။

"လူလေးရယ် ... ပြုသူအသစ်၊ ဖြစ်သူအဟောင်းတဲ့။ ရန်ကိုရန်ချင်း မတုံ့နှင်းရဘူးတဲ့၊ အန်တီ့ရဲ့သမီးလေးကို လူလေး





ပြုမူခဲ့တဲ့အမှားကို အန်တီ ခွင့်လွှတ်ပါတယ်၊ ဒါ သမီးက လူလေးအပေါ် ဝဋ်ကြွေးရှိခဲ့လို့ ဆပ်ရတယ်လို့ပဲ သဘောထားလိုက်တယ်။ လူလေးလည်း ဖြေလိုက်ပါကွယ်။ လူလေးအတွက်ပြောတာနော်။ သမီးတို့အဖေလည်း နောင်တတွေ ရနေပါပြီကွယ်"

မရတုအမေရဲ့စကားတွေက အရိပ်ကလေးရဲ့နှလုံးသားတွေကို လင်းဖြာသွားစေသည်။

"ဘဝကရန်းကန်ခြင်း ဆိုပါစို့။ အဲဒီရန်းကန်ခြင်းဆိုတာ ဗုဒ္ဓတရားတော်နဲ့ ကြည့်မယ်ဆိုရင် ချစ်ခြင်းမုန်းခြင်း သံသရာကနေ လွတ်မြောက်အောင် ရန်းကန်ခြင်းပဲဖြစ်တယ်။ ကာမတဏှာပေမဆိုတဲ့ အမှောင်တိုက်ထဲကနေ အလင်းရောင်ဆီရောက်အောင် ရန်းကန်ထွက်ရတာဖြစ်တယ်"

ဆရာတော်ဟောတဲ့ တရားကို နာပြီးတော့ ဦးကျော်ခ အပေါ်ထားတဲ့ အာဃာတတွေ ပျောက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆံချတဲ့အချိန်မှာ ပိတ်ဖြူစကိုင်ထားတဲ့ မရတုရဲ့ မျက်နှာက ဝမ်းသာဝမ်းနည်းပုံစံ ပေါက်နေသည်။

ဆံချပြီးတော့ ...

"အရိပ်ကလေးကို ခုလိုလုပ်ပေးခွင့်ရတဲ့အတွက် တို့ ပီတိဖြစ်ရတယ်၊ ကျေးဇူးလည်း တင်ပါတယ်။ တို့ဘဝမှာ ဖြေသာခွင့်လေး ပေးခဲ့လို့ တကယ်ကျေးဇူးတင်ပါတယ်"

အဲဒီခဏလေးမှာ သူ မရတုရဲ့အချစ်တွေကို အလုံးစုံနားလည်လိုက်ပါသည်။

ရဟန်းဝတ်ပြီးတော့ သူ့ရဲ့ အဝတ်အစားတွေကို မရတုကပဲ သိမ်းသွားသည်။

အလှူပြီးတော့ နှုတ်ဆက်ပြီး ပြန်သွားသည်။ သူလည်း ရဟန်းဝတ်ရတာ စိတ်တွေ ငြိမ်းချမ်းတည်ငြိမ်လာပါသည်။ အမေက ငယ်ငယ်နဲ့ ဆုံးသွားခဲ့သည်။ အဖေကလည်း တင်ပြခဲ့တဲ့အတိုင်း ဘုရားတရားနဲ့ ဝေးခဲ့ကာ မိရိုးဖလာဗုဒ္ဓဘာသာ ဖြစ်ခဲ့ရတာပါ။





ခုမှ ရဟန်းဝတ်ခိုက်လေးမှာမှ ဗုဒ္ဓဘာသာကို သေသေချာချာ လေ့လာရ၏။ တရားအလုပ်နဲ့ စိတ်က လေချိန်မရတော့ဘဲ အလုပ်ရသွားသည်။

ခုနစ်ရက်ဝတ်တော့လည်း အားမရ။ ကိုးရက်နဲ့လည်း တရားမဝ။ ဆယ့်တစ်ရက်ပြည့်တော့လည်း မထွက်ချင်သေး။ ထို့ကြောင့် တစ်လပြည့်အောင်ဝတ်ဖို့ ဆုံးဖြတ်လိုက်သည်။

ဘဝနဲ့ခန္ဓာက စိတ်၏စေရာဆိုတာ သိလာတော့ အရာရာကို ရှင်းရှင်းလင်းလင်း သဘောပေါက်လာသည်။

စိတ်ကိုထိန်းချုပ်နိုင်မှ နေသာတဲ့ဘဝကို ပိုင်ဆိုင်ရမှာပါ။

မရတုကို ကျေးဇူးတွေ အထပ်ထပ် တင်နေမိသည်။ ပြီးတော့ ...

မရတုရဲ့အချစ်နဲ့ မေတ္တာတရားကို ကောင်းကောင်း သဘောပေါက်ခဲ့ပါပြီ။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



သူ့ထံကို နော်နီနီလည်း လှူဖွယ်တွေ လာလှူပါသေးသည်။

"ဘယ်နေ့ရက်ဝတ်မှာလဲ ဘုရား"

"တစ်လတော့ဝတ်မယ် ဒကာမလေး"

"တင်ပါ့ဘုရား"

နော်နီက ခရစ်ယာန်ပေမယ့် ဗုဒ္ဓဘာသာအသုံးအနှုန်းကိုလည်း သင်ယူထားပါသည်။

တစ်လပြည့်တဲ့နေ့မှာ နော်နီနီ လာကြိုပါသည်။

"နင် ဘယ်သွားမလဲ"

"ငါ့ကို မရတုဆီ ပို့ပေးပါလား"

"မရှိတော့ဘူး"

"ဘာ"





"သူ မရှိတော့ဘူး"

"ဘာ ... ဘာဖြစ်လို့လဲ"

သူ ရင်တွေဒိန်းခနဲ တုန်သွားသည်။ သူမပြောတဲ့ နောက်ဆုံးဆိုတာ တကယ်လားမသိ။

"သူ အမေရိကားကို ထွက်သွားပြီ"

"ဟင်"

"ငါ့ကို လေယာဉ်တက်ကာနီးမှ ဖုန်းနဲ့နှုတ်ဆက်သွားတာ၊ တွေ့တောင်မတွေ့လိုက်ရဘူး"

"ဟာ ... ငါ့ကို ဘာမှာသွားသေးလဲ"

"ဘာမှ မမှာဘူး"

သူ့ရင်ထဲ ဟာကျသွားသည်။

"ငါ့ကိုတောင် သူ ဒီမှာနေဖို့ အဆင်မပြေလို့ ထွက်ဟာလို့ ပြောသွားတယ်။ ဘယ်တော့ ပြန်လာမှာလဲ ဆိုတော့ မသိသေးဘူးတဲ့၊ ပြန်လာနိုင်စွမ်း ရှိရင်တော့ ပြန်လာမှာပေါ့တဲ့ မသေချာဘူးတဲ့"

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"သူ ဒီမှာ ဘယ်မျက်နှာနဲ့ ဆက်နေမလဲ၊ သူ ဒီလိုပဲလုပ်ရမှာပဲ"

"ဖြစ်ရတယ်ဟာ"

"နင်ရော ဘယ်လိုနေသေးလဲ"

"အားလုံး အိုကေသွားပြီဟာ။ ငါ သူ့ကိုပြောစရာတွေ အများကြီးရှိနေပြီဟာ၊ ခုတော့ ..."

"ငါပြောခဲ့သားပဲ၊ နောင်တဆိုတာ နောင်မှရတာဟာ၊ မရတု က နင့်ကို သိပ်ချစ်တာပါဟာ"

"ငါ သိပါပြီဟာ။ သိလို့လည်း ဆုံးရှုံးမခံနိုင်တော့ဘူးဟာ"

"ဖြစ်ပြီ၊ ရောဂါတစ်ခုပျောက်တော့ နောက်တစ်မျိုးက ပိုဆိုးပြီထင်တယ်"

"နင်ကလည်းဟာ လေယာဉ်ကွင်းလေး သွားလိုက်တာ မဟုတ်ဘူး၊ ပြီးတော့ ငါ့ကို ဘာမှာမလဲ ဘာညာမလုပ် လိုက်ဘူးလား"

"နင့်ကြောင့် ပြေးရတဲ့သူကို ငါက အဲလိုမေးရဲမလားဟဲ့၊ ဟွန်း ... မပြောလိုက်ချင်ဘူး"





"ဘာပဲဖြစ်ဖြစ်ဟာ ငါ သူ့နောက်လိုက်သွားမယ်"

"မလွယ်ဘူးနော်၊ ဗီဇာ ဘာညာကခက်တယ်။ ကြာလည်း ကြာမယ်၊ သိပ်မလွယ်ဘူး"

"ဒါဆို ငါ ဘာလုပ်ရမလဲ"

"နင် သူ့ကိုပြန်ခေါ်ဖို့ပဲ ကြိုးစားပေါ့၊ သူနဲ့အဆက်အသွယ် ရအောင် အရင်ကြိုးစားကြည့်ပေါ့"

"ဟာ ... ခုမှ တကယ် feel တက်တာ။ တကယ်အသည်း ကွဲတာ။ ဒုက္ခပါပဲဟာ၊ ငါက ရှင်လိင်ပြန်တဲ့နေ့ဆိုပြီး ပျော်နေတာဟာ"

ကရင်မက ပခုံးတွန့်ပြီး သက်ပြင်းချပြသည်။

"မ,ကို ငါ ဆုံးရှုံးမခံနိုင်ဘူး၊ မ,ကို ငါ တကယ်ချစ်သွားပြီဟာ"

ဖြစ်တတ်ပါတယ်။ ကံကြမ္မာက အချိုးလေးတွေ ကွေ့ထားတော့ သူနဲ့ကိုယ် ဘယ်ညာတစ်ဖက်ဆီမှာ ချော်တော့ ငေါ့သွားတာပေါ့။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



အမေရိကားကိုလိုက်ဖို့ သူ့မှာ အင်အားမရှိပါ။ မရတုအမေဆီမှာ မ,အကြောင်း သွားစုံစမ်းတော့လည်း …

"သမီးအကြောင်းကို မပြောပြနိုင်တာ ခွင့်လွှတ်ပါ လူကလေးရယ်။ အန်တီ့သမီးကို လူလေး တကယ်ချစ်တာ အန်တီ သိပါတယ်။ ဒါပေမဲ့ လူလေးရယ် … အန်တီ့သမီးလေး ဟိုမှာအသားကျပါစေ။ သမီးကို မဆက်သွယ်ပါနဲ့တော့ကွယ်"

"ကျွန်တော် သာမန်ဆက်သွယ်တာ မဟုတ်ပါဘူး အန်တီ၊ ကျွန်တော် မရတုကို လက်ထပ်မှာပါ။ လက်ထပ်ဖို့အတွက် သူနဲ့ဆက်သွယ်ချင်တာပါ"





"စိတ်မကောင်းပါဘူးကွယ်။ အန်တီ့သမီးကို မင်းနဲ့သဘောမတူဘူး"

"ဗျာ"

"ဟုတ်တယ်၊ ဖအေပေါ် အာဃာတတွေ နှစ်ပေါင်းများစွာ ချိုပြီး ထားခဲ့တဲ့သူနဲ့ အန်တီ့သမီးကို ဘယ်လိုစိတ်ချရမလဲ။ ပြီးတော့ အခု အရာရာပြီးဆုံးသွားပြီ။ သမီးလေးလည်း သူ့ဘဝသူ ပြန်တည်ဆောက်နိုင်ဖို့ ကြိုးစားနေပြီ။ ပြီးတာတွေ ပြီးပါစေတော့ကွယ်။ ရေမနှူးပါနဲ့တော့"

"မဟုတ်ဘူး အန်တီ၊ ကျွန်တော် မ,ကို တကယ်ချစ်တာပါ၊ တကယ်ချစ်လို့ လက်ထပ်ချင်တာပါ။ ကျွန်တော့်နားမှာ သူ မရှိလို့ မရတော့ဘူး အန်တီ"

"မင်းအတွက် အန်တီတို့ မဖြည့်ဆည်းပေးနိုင်တာ စိတ်မကောင်းပါဘူးကွယ်၊ မင်းကြောင့် အန်တီ့သမီးလေးဘ မှာ အမည်းစက်ထင်သွားတာ မှန်ပေမယ့် အဲဒီအမည်းစက်



www.burmeseclassic.com

www.burmeseclassic.com



မပျက်ချင်နေပါစေတော့။ မင်းနဲ့တော့ လက်မထပ်ပေးနိုင်ဘူး။ အမုန်းတွေ၊ အာဃာတတွေ၊ နာကြည်းချက်တွေဟာ တစ်ချိန်မှာ ခေါင်းပြန်ထောင်လာခဲ့ရင်ဆိုတဲ့ ပူပန်မှုနဲ့ သမီးကို မင်းလက်ထဲ မထည့်နိုင်ဘူး။ မိဘတစ်ယောက်ရဲ့ ပူပန်မှုကို မင်းနားလည်ပေးနိုင်ပါစေလို့ပဲ ဆုတောင်းပါတယ်ကွယ်"

သူ မရတုမိခင်ဆီက တပ်ပြန်ခေါက်လာရ၏။ မရတုသူငယ်ချင်းတွေဆီ ခြေဦးလှည့်လိုက်၏။ မရတုရဲ့သူငယ်ချင်းတွေကလည်း သူ့ကို ခါးသည်းစွာ ကြိုဆိုခဲ့ကြပါသည်။

"ရတုကို ဆက်သွယ်ချင်လို့ ... ဟုတ်လား၊ မကူညီနိုင်ဘူး အရိုပ်ကလေး။ ငါတို့က နင်နဲ့ ရတု အဆက်အသွယ်ရမှာကို သေမလောက် ကြောက်တဲ့သူတွေဟဲ့ မှတ်ထား။ နင့်ကြောင့် ဒီမှာနေလို့မရတော့လို့ ထွက်ပြေးရတဲ့သူကို နင် ဘာဒုက္ခတွေ ထပ်ပေးချင်သေးလို့လဲ"





"ဟုတ်တယ်၊ ကမ္ဘာ့အရှေ့ခြမ်းမှာ နေလို့မရအောင် နင်လုပ်ခဲ့ပြီးပြီ။ တော်ပါတော့ဟယ်။ သူ့ဘာသာ ကမ္ဘာ့အနောက်ခြမ်းမှာ အေးအေးဆေးဆေး နေပါစေတော့"

"ဒီမှာ ... နင်ကလေ လူကြည့်တော့ အေးပုံအေးလက်နဲ့ တော်တော်ကြောက်စရာ ကောင်းတဲ့ကောင်။ ရတုနဲ့မထိုက်တန်ဘူးဟဲ့ သိရဲ့လား၊ ငါ့သူငယ်ချင်းက မယုတ်မာဘူး။ မရက်စက်ဘူး။ မရိုင်းစိုင်းဘူးဟဲ့ ... သွား ... သွား။ နင်နောက်ကိုလည်း ငါတို့ဆီ မလာနဲ့"

မရတု သူငယ်ချင်းတွေက ပြောရင်းနဲ့ ဒေါသထွက်လာသလို သူ့ကို မောင်းထုတ်ကြသည်။

သူ တကယ် ရင်ကွဲပါပြီ။ မရတု သူ့ဆီးမှာရှိနေတုန်းကတော့ တန်ဖိုးထားရကောင်းမှန်း မသိခဲ့သူ။

သူနဲ့အဝေးကြီးကို ထွက်သွားတော့မှ သူ ကြေကွဲနေတာပါ။



www.burmeseclassic.com

www.burmeseclassic.com



"မ,ရယ် ... မ, ကျွန်တော့်ဖုန်းနံပါတ်ကို သိနေတာပဲဗျာ၊ ကျွန်တော့်ဆီ တစ်ခါလောက် ဖုန်းဆက်ပေးပါဗျာ၊ မ,ကို စောင့်နေတဲ့ ကောင်လေးတစ်ယောက်ကို တစ်ခါလောက် များ. အဆက်အသွယ် လုပ်လိုက်ပါဗျာ"





အရိပ်ကလေးအဖြစ်က ကူကယ်ရာမဲ့နေပါပြီ။ သေား ကနေ စိတ်မသက်မသာ ဖြစ်ရသူက နော်နီနီပါ။

"ကရင်မရယ် ... ချစ်သူနဲ့ ရှင်ကွဲ,ကွဲရတာက ပိုဆိုးတယ် ဟာ။ နှစ်ယောက်စလုံး သက်ရှိထင်ရှား ရှိနေပါရက်နဲ့ သူ့ဆီကို ငါ လိုက်မသွားနိုင်ဘူးဟာ"

"စိတ်ဓာတ်မကျပါနဲ့ဟာ၊ ရှင်ကွဲ, ကွဲတာက တစ်ချိန်မှာ ပြန်တွေ့နိုင်ပါသေးတယ်။ ငါ့လို သေကွဲ,ကွဲတဲ့သူ ခံစား ဖို့ ထားပါဦးဟဲ့ ... ဟင်း"

"သူကလည်း ဘာလို့ အမေရိကားသွားရတာလဲ မသိဘူး ဟာ၊ ဂျပန်တို့၊ စင်ကာပူတို့ သွားတာဆိုရင်တောင် ငါ လိုက်ဖို့လွယ်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကံမကုန်ရင် ပြန်ဆုံမှာပါဟာ"

"ကံကုန်သွားရင်ရော"

"နင်က အဲလိုကြီးပြီး စိတ်မာတတ်မကျထားနဲ့လေ။ ငါ သူ့အိမ်နဲ့ သူ့သူငယ်ချင်းတွေဆီ သွားမေးကြည့်မယ်"

"မလွယ်ဘူးဟ"

"ကြိုးစားကြည့်တာပေါ့ဟာ"

နော်နီနီ သွားတော့လည်း အကြောင်းမထူးပါ။ ရတုအသိုင်းအဝိုင်းက ခါးသီးနေကြသည်။

✧ ❤ ✧





မ,ကို လွမ်းတိုင်း "မ"သီချင်းတွေ ရေးဖြစ်၏။ မ,ကိုလွမ်းတိုင်း အလွမ်းအဆွေးသီချင်းတွေ ရေးဖြစ်သည်။

ခံစားချက်စစ်စစ်တွေမှ နှလုံးသားထဲကလာတဲ့ စကားလုံးတွေမို့ စာသားတွေက ပြောင်မြောက်နေသည်။

နော်နီက အခွေထုတ်ဖို့ ပရိုဂျူဆာ လုပ်ပေးသဖြင့် စာသားတွေကို အသက်သွင်းဖြစ်သည်။

စာသားတွေက နှလုံးသားထဲကလာသလို လျှာဖျားကလည်း ခံစားမှုတွေ ဖြည့်နေတော့ သူ့ရဲ့အဆွေးသီချင်းတွေက ပြောင်မြောက်လာသည်။

အသည်းနှသည့်သူတွေ နားထောင်ရင် ပုလဲထောင်ခ,သွားနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မ"သီချင်းတွေကလည်း မ,ရဲ့မောင်လေးတွေပါးစပ်ဖျားမှာ တစ်ခေါက်တည်းနဲ့ အလွတ်သွားနိုင်သည်။

သူသည် စီးရီးစ်ထဲမှာ စိတ်ကို လုံးဝနှစ်ထားလိုက်သည်။ ဒီစီးရီးစ်ဟာ သူ့ရဲ့နှလုံးသားကို အသံသွင်းခြင်းပဲလေ။

စီးရီးစ်တိုင်တည်ကိုတောင်မှ "မ,ကိုပုံဖော်ခြင်း"လို့ အမည်ပေးထားသည်။

မ,ကို သူ ခဏခဏပုံဖော်ကြည့်မိ၏။ မ,ဘာကြိုက်တတ်လဲ သူ မသိပါ။ မ,ရဲ့ရည်ရွယ်ချက်၊ မ,ရဲ့ဝါသနာ၊ မ,ရဲ့ ပညာအရည်အချင်း။ သူ မ,အကြောင်း ဘာဆိုဘာမှ မသိပါ။

နောက်ဆုံး မ,ရဲ့အချစ်ကိုတောင် သူ မသိခဲ့ပါ။ အဲဒီအကြောင်းကိုသီချင်းတစ်ပုဒ်ရေးဖွဲ့ထားသေးသည်။ "ကျွန်တော်မသိတဲ့ မ,"ဆိုတဲ့ သီချင်းလေးပါ။

ထိုစီးရီးစ်ကို စီစဉ်တာ တစ်နှစ်ကျော် ကြာသွားသည်။

စီးရီးစ်ကို စဖြန့်သည့်နေ့ကတော့ သိပ်မရောင်းရသေး။ သို့သော် တစ်ပတ်အတွင်း ရောင်းအားက တရိပ်ရိပ်တက်





လာ၏။ တစ်လအတွင်း ရိုက်ထားသမျှ ချပ်ရေက ကုန်ကုန်သွားသည်။

အရိပ်ကလေးရဲ့ နာမည်လည်း ဟုန်းဟုန်းထကိုပေါက်သွားခဲ့သည်။

အင်တာနက်ပေါ်မှာလည်း သီချင်းတွေ ပျံ့နှံ့နေသည်။ ထူးခြားတာတစ်ခုက သီချင်းတစ်ပုဒ်ဆုံးကာနီးတိုင်း အဆုံးသတ်တီးလုံးနဲ့အတူ "ပြန်လာခဲ့ပါ မ,ရယ်"ဆိုတဲ့ စကားသံလေးကိုထည့်ထားသည်။

မ, နားထောင်မိခဲ့ရင် သူ မျှော်နေတာ သိအောင်လို့ပါ။

အရိပ်ကလေးကို လာငှားတဲ့ရှိုးပွဲတွေ ဆက်တိုက်။ ရက်တွေတောင် ထပ်ကုန်သည်။ ပွဲကူးပြီး ဆိုရတော့သည်။

သူမကို လိုက်ရှာဖို့ ပိုက်ဆံလိုသဖြင့် ရှိုးပွဲတွေကိုလည်း တတ်နိုင်သမျှဆို၏။

သူ အမေရိကားကို လိုက်သွားချင်သည်လေ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မေးသမျှ အင်တာဗျူးတိုင်းကိုလည်း သူ့မှာ ချစ်ရတဲ့"မ"ရှိကြောင်း ပြောဖြစ်ပါသည်။

နော်နီနီထက်တောင် ပေါက်သွားသဖြင့် နော်နီကလည်း ဝမ်းသာနေပါသည်။

သူနဲ့ နော်နီနီဟာ တကယ်ကို သူငယ်ချင်းကောင်းတွေပါပဲ။ တစ်ယောက်ကိုတစ်ယောက် နားလည်ပေးနိုင်ဆုံးသော သူငယ်ချင်းပါ။

ဒီလိုနဲ့ အချိန်တွေ နောက်တစ်နှစ် ထပ်ကုန်သွားသည်။

သူတို့တောင် စင်ကာပူနဲ့ မလေးရှားမှာ ဖျော်ဖြေဖို့သွားရသေးသည်။ ဂျပန်ကိုသွားဖို့လည်းရှိသည်။ ဇန်နဝါရီမှာ နှစ်ပွဲဆိုပြီးသွားပြီ။

သူ အမေရိကားကိုသွားဖို့ ကြိုးစားနေတာလည်း အောင်မြင်လုနီးပါး ဖြစ်လာသည်။

တစ်စက္ကန့်ကုန်သွားတိုင်း မ,နဲ့နီးဖို့ တစ်စက္ကန့်ပိုနီးလာတယ်ဟု ဖြေပြီးကြိုးစားနေမိသည်။





ကောင်မလေးတွေကလည်း ရှိုးပွဲတိုင်းမှာ ကဲကဲလှုပ်သည်။ အပြင်မှာတွေ့ရင် ဓာတ်ပုံတွဲရိုက်ချင်သည်။

အနေအထားကြောင့် ပေစားလာသည့် ရုပ်ကလေးကိုလည်း ရုပ်ရှင်လောက,က လူတွေက သဘောကျလာကြသည်။ အဆိုတော်မင်းသား ဖြစ်ချင်လားပေါ့။

သရုပ်ဆောင်ခြင်းအတတ်ပညာမှာ သူက ကလေးအထာ ဖြစ်နေမှာပါ။ ပြီးတော့ ဝါသနာကလည်း နတ္ထိပါ။

သူ ငြင်းလိုက်တဲ့အကြောင်းက မီဒီယာတွေမှာ ပလူပျံသွားသည်။ ဒီအချိန်မှာ အရိပ်ကလေး ဘာပဲလုပ်လုပ်၊ ဘာပဲပြောပြော သတင်းဖြစ်လို့နေသည်။

နာမည်ကြီးချင်လို့ အရိပ်ကလေးနား ကပ်ချင်တဲ့ မော်ဒယ်လ်ပေါက်စမလေးတွေကို ရှောင်ရတာလည်း မောနေသည်၊ အနေအထိုင် တတ်ရပါသည်။ အနေအထိုင်ကို အထူးဂရုစိုက်မိပါသည်။ မ,အထင်လွဲမှာ စိုးလို့ပါ။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



ရတုဘက်ကို တစ်လှည့်သွားရအောင်။ ရတုမှာလည်း အရှက်တကွဲဂုဏ်သိက္ခာနဲ့ အသည်းကွဲတဲ့နှလုံးသားဝေဒနာအတွက် ဒီပရက်ရှင်တောင် ဝင်သွားသည်။

အမေရိကားရောက်ပြီးတော့လည်း တော်တော်နဲ့ နာလန်မထူနိုင် ဖြစ်နေသည်။ မောင်လေးကတောင် ဘာဖြစ်နေ တာလဲ မေးသေးသည်။

မြန်မာပြည်မှာ ရတု ဖြစ်ခဲ့တာတွေကို မောင်လေး သူငယ်ချင်းတွေဆီကတစ်ဆင့် မောင်လေး ကြားပြီးသား ဖြစ်မှာပါ။

ဒါပေမဲ့ မသိချင်ယောင်ဆောင်နေပေးခဲ့လို့ နေသာ ပါသည်။





တစ်လလောက် နားပြီးတော့မှ တတ်ထားတဲ့ပညာ တွေနဲ့ ကိုက်ညီသောအလုပ်တစ်ခုမှာ ဝင်လုပ်ခဲ့သည်။

အလုပ်ထဲ စိတ်နှစ်လိုက်တော့ အရာအားလုံးမေ့ လျော့ သက်သာလာတာပေါ့လေ။

မေမေတို့ဆီရော သူငယ်ချင်းတွေဆီကိုပါ အဆက် အသွယ်လုပ်ဖြစ်ပေမယ့် အရိပ်ကလေးဆီကိုတော့ မဆက်သွယ်မိ အောင် စိတ်ထိန်းထားရသည်။

နီတာတို့ကို အရိပ်ကလေးအကြောင်း မေးမိတော့ အအော်ခံရသေးသည်။

အရိပ်ကလေး သေပြီတဲ့။ ရီတာ ရွံ့ပြောမှန်း သိပေ မယ့် မျက်ရည်တောင် ဝဲသွားသည်။

အရိပ်ကလေးသည် နဂိုစိတ်ရင်းကလေးက ကောင်း ပါသည်။ အာဃာတတွေကြောင့် တစ်ဖက်စွန်း ရောက်ခဲ့တာပါ။

ဘာဖြစ်လို့ ဒီလိုကောက်ချက်ချရတာလဲ ဆိုတော့ သူမဘဝက ခုထိအပျိုစင်ဘဝဖြင့် ရှိနေသေးလို့ပါ။ အရိပ်ကလေး



www.burmeseclassic.com

www.burmeseclassic.com



သာ စိတ်ဓာတ်အောက်တန်းကျခဲ့ရင် လူကိုပါ ညစ်နွမ်းစေခဲ့မှာပေါ့။ ခုတော့ သူမကို သိပ်မုန်းနေတာတောင် မယုတ်မာခဲ့ပါ။ လက်စားချေရုံပဲ အနိုင်ယူ တုံ့ပြန်ခဲ့ပေမဲ့ မယုတ်မာခဲ့ပါ။

ထို့ကြောင့် သူမ အရိပ်ကလေးကို ခွင့်လွှတ်ခဲ့ပါသည်။ သူမရဲ့ခွင့်လွှတ်ခြင်းမှာ ချစ်မြတ်နိုးခြင်းတွေလည်း တစ်ဝက်တိတိ ပါနေမှာပါလေ။

အလုပ်ကို နေ့မနား၊ ညမအား အိပ်ချိန်နည်းနည်းကလေးနဲ့ မနားစတမ်း လုပ်ခဲ့သည်။ အချိန်တွေ အားနေတိုင်း စိတ်အားငယ် ဝမ်းနည်းမှုတွေ ဝင်လာတတ်လွန်းလို့ လုံးဝမနား။ သူမအိပ်ချင်လွန်းမှသာ ထိုးအိပ်လိုက်တာ။ တစ်ခါတလေ ကွန်ပျူတာဖွင့်လျက် အိပ်ပျော်သွားတဲ့ ညတွေလည်းရှိသည်။ အစားအသောက်ကိုတောင် အလုပ်လုပ်ရင်းပဲ စားဖြစ်ခဲ့သည်။ ထို့အတွက် မောင်လေးကတောင် စိုးရိမ်နေခဲ့သေးသည်။

တစ်ခါတလေ မောင်လေးက လျှောက်လည်ဖို့ ခေါ်ပါသည်။ သူမက လက်မခံခဲ့။





ဒီလိုနဲ့ပဲ အချိန်ရထားကြီးက ပုံမှန်ခုတ်မောင်းသွားခဲ့ပြီးချိန်မှာတော့ ...

မောင်လေးက ...

"မမ သီချင်းလေး ဘာလေး နားမထောင်ဘူးလား"

"ငါ ဒီရောက်ကတည်းက ဘာသီချင်းမှ နားမထောင်ဖြစ်ပါဘူးဟယ်။ နားလည်းမထောင်ချင်ဘူး"

"ခုတလော သီချင်းအသစ်လေးတွေ ကောင်းသားပဲ၊ နားထောင်ကြည့်ပါလား"

"ဟင့်အင်း"

အဲဒီလိုနဲ့ အရိပ်ကလေးရဲ့သီချင်းတွေကို သူမ နားမထောင်မိခဲ့တာပါ။

ကံကြမ္မာက သူတို့နှစ်ယောက်ကို အချိန်မတန်ခင် တွေ့ဆုံပေးဖို့ ဆန္ဒမရှိဘူး ထင်ပါရဲ့။

ရတုလုပ်ဖြစ်တာ တစ်ခုပဲရှိသည်။ အဲဒါက ဘာဖြစ်မယ် ထင်သလဲဟင် ...။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



မောင်လေး ကျောင်းပြီးလို့ မြန်မာပြည်ပြန်မယ်ဆိုတော့ သူမ အားငယ်ရသေးသည်။

မောင်လေးက ...

"မမ ပြန်လိုက်ခဲ့ပါလား"

"မလိုက်ချင်ဘူးဟာ"

"တစ်ယောက်တည်း အဆင်ပြေပါ့မလား"

"ပြေပါတယ်"

"မပြေရင်တော့ ဇွတ်မှိတ်မနေနဲ့နော် မမ၊ ပြန်လာခဲ့"

"အေးပါဟယ်"

"မမ"

"ပြော"





"မောင်နှမချင်း ပွင့်ပွင့်လင်းလင်း မေးမယ်နော်"

"အေး ... မေးလေ"

"မမ အရိပ်ကလေးကို တကယ်ချစ်လား"

"ဟင် ... နင် အရိပ်ကလေးကို သိတယ်"

"မောင်လေး အကုန်သိတယ်"

ရတုသက်ပြင်းချလိုက်ပြီး ...

"မောင်လေး ... နင် သူ့ကို ဘာမှသွားမလုပ်နဲ့နော်"

"မလုပ်ပါဘူး။ မမေ အကုန်ပြောပြီးပါပြီ"

"အေး ... သူ့အာဃာတကြောင့် လုပ်ခဲ့တာ မမ ခွင့်လွှတ်ပါတယ်"

"မမ သူ့ကို တကယ်ချစ်လား"

"ပြီးသွားပါပြီဟယ်၊ နင်ကလည်း ပြန်ကာနီး ငါ့ကို အစဖော်နေပြန်ပြီ"

"မမစိတ်ရင်းကို မောင်လေး သိချင်လို့ပါ၊ မမ သူ့ကို တကယ်ချစ်ခဲ့လို့ ခုထိ ခံစားနေရတာလား။ ဒါမှမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



နာမည်ပျက်ခဲ့လို့ ခံစားနေရတာလား ကွဲကွဲပြားပြားသိချင်တာ”

“ငါ သူ့ကို တကယ်ချစ်ခဲ့တာ”

ရတု ရင်ဖွင့်ပါပြီ။ ရတုမှာ ရင်ဖွင့်စရာမရှိလို့ မျိုသိပ်ခဲ့ရတာ ကြာပြီလေ။ ရင်ထဲမှာ မျိုသိပ်လွန်းပြီး လှိုက်စားနေပြီလေ။ သူငယ်ချင်းတွေကလည်း အရိပ်ကလေးအကြောင်းဆို စကားတောင် အစမခံဘူးမို့လား။

“ဒါပေမဲ့ သူက ငါ့ကို ဖေဖေ့ကိစ္စနဲ့ အရမ်းမုန်းနေတာဟ။ ငါက ငါ့ကိုမုန်းပြီး ပင်ပန်းနေရှာတဲ့သူ့ကို အချစ်တွေပိုပြီး သနားနေတာ ... အီး ဟီး”

“ဟာ ... ဒုက္ခပဲ”

ပြောရင်း ငိုချလိုက်တဲ့ အစ်မကြောင့် မောင်ဖြစ်သူ ခေါင်းကုတ်ကာ ချော့ဖို့ပြင်ရသည်။

✧ ❤ ✧



“ဒေါက် ... ဒေါက် ... ဒေါက်”

“ဒေါက် ... ဒေါက် ... ဒေါက်”

တံခါးခေါက်လို့မရ။ ဘဲလ်တီးတော့လည်း အသံမမြည်။

လက်တွေတောင် နာလာသည်။

အရိပ်ကလေးသည် ညကရှိုးပွဲဆက်ထားရသဖြင့် ပင်ပန်းပြီး အိပ်နေတာပါ။

တံခါးခေါက်သံ ကြားပါသည်။ မျက်လုံးမဖွင့်နိုင်လို့ ထမဖွင့်တာပါ။

တံခါးခေါက်သံက ရပ်မသွား။ နားလိုက် ဆင့်ခေါက်လိုက်နှင့် မဖွင့်ပေးမချင်း ခေါက်နေမည်ထင်သည်။

www.burmeseclassic.com



တစ်ခါတစ်ရံ ခပ်ကဲကဲ ဆယ်ကျော်သက် ပရိသတ်မလေးတွေ သူ့ဆီကိုလာတတ်၏။ သူက ဘယ်တော့မှ အိမ်မှာ ဧည့်မခံပါ။ သူမတို့ကို သူတို့တိုက်ရဲ့မြေညီထပ်မှာရှိသည့် ကော်ဖီဆိုင်မှာပဲ လက်ခံစကားပြောသည်။

ခုလည်း ထိုကောင်မလေးတွေပဲမသိ။ အိမ်ထိရောက်လာတဲ့ ပရိသတ်ဆိုတော့လည်း ...။

သူ စိတ်လက်မသာယာစွာနဲ့ တံခါးထဖွင့်လိုက်သည်။ သူ့တစ်ကိုယ်လုံး မြောက်တက်သွား၏။

BURMESE CLASSIC

"ဟာ ... မ,"

သူချစ်သော သူ့ရဲ့မီးအိမ်ရှင်။ မေတ္တာလွှမ်းနေသော အပြုံးလေးနဲ့ "မ"။

"တံခါးမဖွင့်တော့ဘူးလား"

"ဟာ ... ဝမ်းသာလွန်းလို့ ကြောင်သွားတာ"

တံခါးသော့ဖွင့်နေတဲ့ လက်တွေက တုန်ယင်နေ၏။ သစ်သားတံခါးက ဖွင့်ပြီးသား။ သံပန်းတံခါးသော့က ခတ်ထားသေးသည်လေ။





"မ"

တံခါးမခြားတဲ့ နှစ်ကိုယ်ကြားမှာ ဘယ်လေမှ ဝင်မသွေးနိုင်တော့။

"ယေား ... ကိုယ် မင်းကို နမ်းလို့မရမလား ကောင်လေး"

အရိပ်ကလေးက အရင် ဖျတ်ခနဲ နမ်းလိုက်သည်။

"ကိုယ် ဟိုမှာနေတုန်းက ညတိုင်း မင်းအင်္ကျီလေးကိုပဲ နမ်းနေရတာကွ"

စကားအဆုံး သူ့နဖူးလေးကို အနမ်းတစ်ပွင့် စတင်ချွေသည်။

"ကျွန်တော့်အင်္ကျီ"

မ,က သူမရဲ့အိတ်ထဲက သူ့အင်္ကျီလေး ထုတ်ပြသည်။ သူ ဒုလ္လဘဝတ်တုန်းက သင်္ကန်းမစည်းခင် ဝတ်ခဲ့တဲ့ အင်္ကျီလေး။ မ, ယူသွားခဲ့တာ မှတ်မိပါသည်။

"မ,ရယ် ... ဘာလို့ ခုမှ ပြန်လာတာလဲ"

"အခုမှ သိလို့ပေါ့၊ ကိုယ့်မောင်လေးက မင်းအခွေကိုပေးခဲ့တာ။ ကိုယ်က အသည်းတွေကွဲပြီး ဘာသိချင်းမှ နားမ



www.burmeseclassic.com

www.burmeseclassic.com



ထောင်ဖြစ်ဘူးလေ။ ခုလည်း ဒီကို မောင်လေး လာပို့သွားတာ။ လေဆိပ်ကို သူပဲ လာကြိုတာ၊ မမေတို့တောင် ကိုယ်ပြန်လာတာ မသိသေးဘူး"

"အပြီးလာတာမို့လား။ ပြန်မလွှတ်တော့ဘူးနော်"

"ရမလား"

"ရတာပေါ့၊ လာ ... မ,ကို ပြစရာရှိတယ်"

"ဘာပြမှာလဲ"

"မလန့်ပါနဲ့၊ အကောင်းပြမှာပါ"

သူ စိတ်ကူးယဉ်ပြီး ပြင်ဆင်ထားတဲ့ အခန်းအနံ့ကို လိုက်ပြသည်။

အဝတ်ဗီရိုလှလှခန့်ခန့်ကြီးထဲမှာ မိန်းကလေးအသုံးအဆောင်တွေအပြည့်။

"ဒါတွေက ..."

"မ,အတွက် ဝယ်ထားတာ"

"ဒါတွေ ဝယ်တတ်တယ်ပေါ့"

"ကရင်မ ကူဝယ်ပေးတာပေါ့"





"နေပါဦး ... သူနဲ့ ရှင်လေးကရော ရှင်းရဲ့လား။ ရှင်တို့ တစ်ဆိတ် ရင်းနှီးလွန်းတယ်"

"ရှင်းပါတယ်၊ သူနဲ့က အခင်ဆုံး သူငယ်ချင်း၊ သူ့မှာ သူ့အကြောင်းနဲ့သူ ရှိပါတယ် မ,ရယ်"

သူက နော်နီနီအကြောင်း ရှင်းပြလိုက်သည်။ ရတုလည်း ခုမှ ရင်ထဲရှင်းသွား၏။

"ရှင့်ကို တစ်ခုမေးရဦးမယ်၊ ရှင် အရင်က ကျုပ်ကိုမုန်းတယ်ဆို"

"အမုန်းတွေကို အချစ်က ဝါးမျိုစားသောက်သွားပါပြီ မ,ရယ်"

လောကကြီးက ခုမှ တကယ်သာယာသွားတာပါ။

အချစ်နဲ့အမုန်းမှာ

အမုန်းက မီး

အချစ်က ရေ

မီးများမီးနိုင်

ရေများတော့ ရေကနိုင်



www.burmeseclassic.com

www.burmeseclassic.com



*အမုန်းထက် အချစ်က အင်အားပိုကြီးသွားတဲ့အခါ*

အဲဒီအချစ်က အမုန်းတွေကို ဝါးမျိုပစ်လိုက်တာပေါ့ကွယ်။

[illegible]

ထာဝရ ယုံကြည်နိုင်ကြပါစေ

**ရှန်းရမီမိုး**

15th Aug 2012

(10:39 PM)

ဝေဖန်စာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများပေးပို့ပါလျှင်
အမှတ်-၉/၁၁၊ ၈-လွှာ(ဂ)၊ ဇေယျာဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။

BURMESE CLASSIC

www.burmeseclassic.com